မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၁၅ ခုနှစ်၊ မေ ၂၀ ရက်၊ စနေနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၃၇]

မိတ္ထီလာကန်တော်မင်္ဂလာ တေးထပ်

မဂ္ဂဒေးမင်းဆက်တို့၊ ယွင်းမပျက်စံရာ၊
သေဌ်နှင်းထက် ကန်ရတနာမှာ၊ သယံဇာဝလေ့၊
နတ်လူတို့ စိတ်ကြည်သည်သည် မိတ္ထီလာ ချမ်းမြသာ။
ရှေ့ - တောင်-မြောက် ပတ်ခွေရံသည်၊ နတ်ရေကန် အကွေ့၊
မြတ်ဝေသံ ရွှင်ကာမွေ့ပါတဲ့၊ ဝက်ပါခလေ့လိုလို၊
အံ့ - ကိုးမည်ထင်ရရယ်နဲ့၊ အဠနဆည်ခဲ့သကို။
ရှေ့ - တောင်- မြောက် ရေဘောင်တခိုမှာ၊ ငွေတောင်လို လှိုင်းအိလို့၊
အတိုင်းမသိ ချီးအံ့ပွေလီ၊ ကြီးခန့်ပေသည်၊
(က) နောက်ကပ်လုံး- မပျက်တည်မည်၊ ကပ္ပ-ဋ္ဌိ၊ တည်-ဦးမည်ပ,လေး။
(ခ) နှောင်းလူတို့ -ချမ်းသာတည်အောင်၊ ကပ္ပဋ္ဌိ၊ စောင့်-သုံးမည်ပ,လေး။
(ဂ) ရတနာစာတ်-အမြတ်တည်အောင် ကပ္ပ-ဋ္ဌိ၊ စည်-ဦးမည်ပ,လေး။
- မြတ်ဝေသံ = ဝေသန္တရာမင်း၏ ဝက်ပါတောင်နှင့် တူသည်။
- ဘုရားဘိုးတော် = အဠနမင်းကြီး ဆည်ဖို့တော်မူသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များ တရားဝင်ထုတ်ပြန်

နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းက အချက်အလက်အသုံးပြုသူအားလုံးအတွက် တစ်ပြိုင်တည်းရရှိနိုင်ပြီ

"အချက်အလက်များကို ပုံနှိပ်ထားသည့် အစီရင်ခံစာများအနေနှင့် ထုတ်ပြန်မည်ဖြစ်ပြီး အင်တာနက်တွင်လည်း လွယ်ကူစွာရနိုင်ရန် ဆောင်ရွက်ထား၊ အင်တာနက်မရရှိနိုင်သည့်နေရာများတွင် ဒီဗွီဒီများနှင့် အသုံးပြုနိုင်ရန်လည်း စီမံဆောင်ရွက်ထား၊ မနီးစပ်သူများအတွက်လည်း အများနားလည်လွယ်မည့်ပုံစံဖြင့် အစီရင်ခံစာများကို ပြုစုထား။"

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

နှစ်နှစ်တစ်ကြိမ်ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ ဆီးဂိမ်းဟု လူသိများသည့် ဤအားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှနိုင်ငံများအတွက် ဒေသတွင်း၌အမြင့်ဆုံးသောအားကစားပြိုင်ပွဲကြီးဖြစ်သည့်အလျောက် ပြိုင်ပွဲဝင်နိုင်ငံတိုင်းက နိုင်ငံနှင့်လူမျိုးဂုဏ်ကိုမြှင့်တင်နိုင်ရန် ဆုတံဆိပ်အများဆုံးရရှိအောင် အပြိုင်အဆိုင်ကြိုးစားကြလေ့ရှိပါသည်။ နိုင်ငံကိုယ်စားပြုအားကစားသမားတိုင်းက မိမိနိုင်ငံ အလံတော်ထိပ်ဆုံးမှလွင့်ထူ၍ အောင်ပွဲခံနိုင်ရန် အပြင်းအထန်ကြိုးစားနေကြပြီဖြစ်ပါသည်။

(၂၈) ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲကြီးတွင် တီမောလက်စ်တေအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမား ၇၀၀၀ ခန့်သည် အားကစားနည်း ၃၆ မျိုးတွင် ပြိုင်ပွဲပေါင်း ၄၀၂ ခုဖြင့် ယှဉ်ပြိုင်သွားရန် စီစဉ်ထားကြောင်း သိရသည်။ ဤဆီးဂိမ်းပြိုင်ပွဲသည် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိသော နိုင်ငံအနေဖြင့် ဆုတံဆိပ်အများဆုံးဆွတ်ခူးနိုင်ရန်မျှော်မှန်းထားသည့်အလျောက် စင်ကာပူအားကစားသမားများက ရေကူး၊ ဒိုင်ဗင်၊ ဝါတာပိုလိုအစရှိသော အားကစားနည်းများဖြင့် ရွှေတံဆိပ်အများဆုံး ဆွတ်ခူးဖွယ်ရှိပါသည်။

ပြီးခဲ့သော ဆီးဂိမ်းတွင် အိမ်ရှင်ဖြစ်ခဲ့သော မြန်မာအားကစားသမားများအနေဖြင့် လေ့လှော်၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံးပြိုင်ပွဲများတွင် ရွှေတံဆိပ်အများဆုံးဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာအားကစားမောင်မယ်များအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခုရယူပေးနိုင်ခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် နိုင်ငံအလိုက်ဒုတိယအဆင့်ရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာ့အားကစားသမိုင်းတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားနှင့် မြှင့်တင်ပေးနိုင်သည့် ကမ္ပည်းမော်ကွန်းသစ်ထိုးနိုင်ခဲ့ပါသည်။

မကြာမီကျင်းပတော့မည့် စင်ကာပူဆီးဂိမ်းတွင်လည်း မြန်မာအားကစားမောင်မယ်များအနေဖြင့် ရွှေတံဆိပ်ရလေ့ရှိသော အားကစားနည်းများတွင် ထပ်မံရရှိအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သကဲ့သို့ အားနည်းသည့် အားကစားနည်းများတွင်လည်း အတွေ့အကြုံကောင်းများ၊ စံချိန်သစ်များရယူသွားနိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်ပြီး နောင်လာမည့် အားကစား ပြိုင်ပွဲများတွင်လည်း အတွေ့အကြုံကောင်းများမှတစ်ဆင့် အောင်မြင်မှုဆုတံဆိပ်များ မျှော်မှန်းနိုင်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ဤဆီးဂိမ်းအားကစားပြိုင်ပွဲကြီးသို့ မြန်မာအားကစားသမား ၄၁၈ ဦးစေလွှတ်ကာ အားကစားနည်း ၂၂ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုပြိုင်ပွဲကြီးသည် မြန်မာအားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန်လူကောင်းများအဖြစ် ပြသနိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်သည်။ ဤအခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်ပြီး ကြံ့ခိုင်သောစိတ်ဓာတ်၊ မလျှော့သောဇွဲ၊ ပြင်းထန်သောလုံ့လတို့ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်လိမ့်မည်ဟု မြန်မာပြည်သူတစ်ရပ်လုံးက မျှော်လင့်ထားပါကြောင်း။ ။

ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ EDEN ကုမ္ပဏီ၊ ဂျပန်နိုင်ငံ Marubeni Corporation၊ ထိုင်းနိုင်ငံ Global Power Synergy Public Co.,Ltd တို့အကြား ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် တည်ဆောက်မည့် ၄၀၀ မဂ္ဂါဝပ် Combined Cycle Power Plant ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ Marubeni Corporationမှ General Manager Mr. Katsumi Miyamoto နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ Global Power Synergy Public Co.,Ltd မှ President Mr. Noppadol Pinsupa နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း တိုင်းရင်းသား ကုမ္ပဏီတစ်ခုဖြစ်သည့် EDEN Group မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Marubeni Corporation မှ General Manager Mr. Katsumi Miyamoto က ဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက် အကောင်အထည်ဖော်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံ Marubeni Corporation မှ General Manager Mr. Katsumi Miyamoto၊ ထိုင်းနိုင်ငံ Global Power Synergy Public Co.,Ltd မှ President Mr. Noppadol Pinsupa နှင့် ပြည်တွင်းကုမ္ပဏီဖြစ်သည့် EDEN Group မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က နားလည်မှုစာချွန်လွှာ (MoU) များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ **(မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်

ပင်လောင်း မေ ၂၉

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးလုပ်ငန်းကို မေ ၂၈ ရက်က တောင်ထီဗွာ ကျေးရွာအုပ်စု နန်းပန်းရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

တောင်ထီဗွာကျေးရွာ ၁၀ ရွာမှ ပြည်သူများက သိလိုသည့် ကိစ္စရပ်များကို မေးမြန်းရာ တာဝန်ရှိသူများက ဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်သူများ အသိပညာရရှိရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေး နံရံကပ်စာစောင် ဗီနိုင်း၊ ဓာတ်ပုံ၊ မှတ်တမ်းဗီနိုင်းများ ပြသခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

ဝက်လက် မေ ၂၉

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၆ ရက်တွင် ဝက်လက်မြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးကြီး ဦးဌေးအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမော်တို့က အမှာစကားပြောကြားသည်။

ကျော်သင်းဦး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၅-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၁၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၁၅၇၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၉၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၀၉၀
ဥရောပ	တစ်ယူရို	၁၁၈၉.၆
စင်ကာပူ	တစ်ဒေါ်လာ	၈၀၇.၂၆
ထိုင်း	တစ်ဘတ်	၃၂.၂၇၇
အိန္ဒိယ	တစ်ရူပီး	၁၇.၀၅၂
တရုတ်	တစ်ယွမ်	၁၇၅.၇၇
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၀၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန် (အသစ်)	တစ်အိတ်	၁၈၃၀၀-၁၈၈၀၀
ပေါက်ကျွဲ	တစ်အိတ်	၂၆၀၀၀-၂၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၀၀၀၀-၃၅၀၀၀
မြေပဲဆီ	တစ်ပိဿာ	၅၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၂၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၄၂၅
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၄၀၀-၁၈၀၀
ကြက်သွန်ဖြူ (ကြူကုတ်သစ်)	တစ်ပိဿာ	၁၈၅၀
အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၈၀-၆၇၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၉၅၀-၃၁၀၀
ငရုတ်ပွ (မြစ်ဝ)	တစ်ပိဿာ	၅၀၀၀-၇၅၀၀
သကြား	တစ်ပိဿာ	၁၀၅၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ္တင်ပြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ ပိုလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

နေပြည်တော် မေ ၂၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ပိုလန်နိုင်ငံ ဝါဆောမြို့သို့ မေ ၂၄ ရက် ညနေပိုင်းတွင် ရောက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ပိုလန်နိုင်ငံ ဝါဆောတက္ကသိုလ်စာကြည့်တိုက်၊ တော်ဝင်ပြတိုက်နှင့် ဥယျာဉ်တို့အား သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပိုလန်နိုင်ငံ Constitutional Tribunal ဥက္ကဋ္ဌ Mr. Andrzej RZEPLINKI နှင့်လည်းကောင်း၊ ပိုလန်နိုင်ငံ National Chamber of Commerce ဥက္ကဋ္ဌ Mr.Andrzej AREDARSKI နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မေ ၂၆ ရက် နံနက်ပိုင်းတွင် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Grzegorz SCHTYNA နှင့် တွေ့ဆုံပြီး ပိုလန်နိုင်ငံ ဆီးနိတ်ဥက္ကဋ္ဌ Mr. bogdan BORUSEWICZ နှင့် နှစ်နိုင်ငံလွှတ်တော်ချင်း ဆက်ဆံရေးအတွက် ဆွေးနွေးခဲ့သည်။

ယင်းနောက်ပိုလန်နိုင်ငံ အညတြဂူဗိမာန်၌ ပန်းခွေချဂါရဝပြုပြီး

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပိုလန်နိုင်ငံ တော်ဝင်ပြတိုက်ကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Grzegorz SCHTYNA နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။ ထို့နောက် ပိုလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးဝန်ကြီး Mr. Janusz PIECHOCINSKI နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် Royal Castle သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မေ ၂၇ ရက်တွင် Human Rights Defender Office ၌ Dr. Irena LIPOWICZ နှင့်လည်းကောင်း၊ ပိုလန်ဆီးနိတ်၏ အမျိုးသားစီးပွားရေးကော်မတီဥက္ကဋ္ဌ Mr. Marek ZIOLKOWSKI နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် Warsaw Rising Museum သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပိုလန်နိုင်ငံ Sejm လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Eugeniusz GRZESZCZAK နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဒေသတွင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

ဗန်ကောက် မေ ၂၉

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာဒေသတွင်း အထူးအစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ANANTARA ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

အဆိုပါဒေသတွင်း ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာနာဆတ် ပါတီမာပရာဂွန်နှင့် တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံအပါအဝင် စုစုပေါင်း ၁၇ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူများအဖြစ် အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရှာဖွေကယ်ဆယ်ရေးသည် အရေးကြီးကြောင်း၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုကိုတိုက်ဖျက်ရန် လိုအပ်ကြောင်း၊ ပင်လယ်တွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ၏ အကြောင်းရင်းကို ရှာဖွေရန် လိုကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတကာရွှေ့ပြောင်းသူများဆိုင်ရာ အဖွဲ့အစည်း (IOM) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့မှ ကိုယ်စားလှယ်များ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ တာဝန်ရှိသူများက အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများ ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းပြောကြားရာတွင် ပင်လယ်ပြင်တွင်း လှေစီးဒုက္ခသည်များ မျောပါနေသည့် သတင်းများ ပေါ်ထွက်လာပြီးနောက် လှေစီးဒုက္ခသည်များအရေးကို နိုင်ငံတကာနှင့်ထပ်တူ မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မှုရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း စသည်ဖြင့် အရေးကြီးသည့်အချက်များ ပါဝင်သော သတင်းထုတ်ပြန်ချက်ကို ယခုလ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မေ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ ပူးတွဲထုတ်ပြန်ချက်ကိုလည်း မြန်မာနိုင်ငံက ကြိုဆိုကြောင်း၊ မေ ၂၁ ရက်တွင် မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးထံ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြောင်း၊ မေ ၂၂ ရက်တွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းဦးဆောင်သည့် ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်း၍ တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုများ တားဆီးရေးအတွက် ထိရောက်စွာ ဆောင်ရွက်သွားရန်နှင့် ပင်လယ်ပြင်အတွင်း ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၏ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်သော နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူအဖြစ် တက်ရောက်လာကြသည့် အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအများ၊ အစိုးရအဖွဲ့မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များက လှေစီးဒုက္ခသည်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မှတ်တမ်းအကျဉ်းချုပ်ကို သဘောတူညီခဲ့ပြီး လှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ဆိုက်ရောက်ရာ နိုင်ငံများတွင် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်နိုင်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် အရင်းအမြစ်များ စုစည်းရေး၊ လူကုန်ကူးမှုဆိုင်ရာ တည်ဆဲအစီအမံများအတွင်းမှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး စသည့် အချက်အလက်များ ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မက္ကဆီကိုသမ္မတ၏ ပိုင်ဆိုင်မှုများတွင် မမှန်မကန်တင်ပြမှုများတွေ့

မက္ကဆီကို မေ ၂၉

မက္ကဆီကိုသမ္မတ အန်းရစ်ပီနာနီတိုးသည် ၎င်း၏ လက်ဝယ်ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များသို့ မမှန်မကန်တင်ပြခဲ့ကြောင်း အစိုးရစာရင်းဇယားများက ဖော်ပြခဲ့သည်။ စာရင်းဇယားကွဲလွဲမှုများက ၎င်း၏ငွေကြေးပိုင်ဆိုင်မှု အခြေအနေများအပေါ် အငြင်းပွားဖွယ်ဖြစ်လာစေခဲ့သည်ဟု သိရသည်။

၂၀၁၃ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ငွေကြေးပိုင်ဆိုင်မှုကြေညာစာတမ်းအရ သမ္မတပီနာနီတိုးက ဖခင်ထံမှပိုင်ဆိုင်မှုများကို အမွေဆက်ခံရရှိခဲ့သည်ဟု ဆိုသည်။ ၎င်းသည်ဗယ်လီဒီဘရာဘိုမြို့၌ စတုရန်းမီတာ ၁၀၀၀ ရှိ မြေကွက်တစ်ကွက် ကို ၁၉၈၈ ခုနှစ်က အခြားသူတစ်ဦးထံမှ ဝယ်ယူခဲ့သည်။ အဆိုပါမြေကွက်အတွက် အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ ပီဆိုငွေ ၁၁ ဒသမ ၂ သန်းကို ပေးချေခဲ့သည်ဟု မှတ်တမ်းများ၌ဖော်ပြသည်။ ထိုအချိန်က ၎င်း၏ ငွေကြေးပိုင်ဆိုင်မှုအခြေအနေမှာ ပီဆို ၁၁၂၀၀ (၅ ဒေါ်လာ)ရှိကြောင်း ပိုင်ဆိုင်မှုကြေညာချက်၌ ဖော်ပြထားသည်။ စာရွက်စာတမ်းများအရ ၎င်းဝယ်ယူထားသောပိုင်ဆိုင်မှုများ၌ မေးခွန်းထုတ်စရာဖြစ်နေသည်ဟု သိရသည်။ သမ္မတအန်းရစ်ပီနာနီတိုးကမူ မှားယွင်းလုပ်ဆောင်မှုမရှိကြောင်း ငြင်းဆန်လျက်ရှိသည်။ **(ရိုက်တာ)**

ဆီးရီးယားမြို့အစွန်းရောက်များလက်သို့ ကျရောက်

ဒမတ်စကတ် မေ ၂၉

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း အစ်ဒလစ်ပြည်နယ် အာရီဟာမြို့ကို ကြာသပတေးနေ့တွင် အစွန်းရောက်စစ်သွေးကြွအုပ်စုက အပြည့်အဝထိန်းချုပ်သိမ်းပိုက်လိုက်ကြောင်း၊ ယင်းမှာ ဆီးရီးယားတပ်များက အဆိုပါပြည်နယ်ရှိ နောက်ဆုံးလက်လွှတ်လိုက်ရသော မြို့ဖြစ်ကြောင်း စစ်သွေးကြွအဖွဲ့ကပြောသည်။

အယ်လ်ဖတ်တပ်မတော်ဟု လူသိများသော ဈိုဆရာတပ်ဦးနှင့်ဆက်နွယ်သော အယ်လ်ခိုင်ဒါညွန့်ပေါင်းအကြမ်းဖက်အုပ်စုက အဆိုပါမြို့ကို သိမ်းပိုက်ခဲ့သည်ဟု ဆိုသည်။ ယင်းမြို့သည် ဆီးရီးယားတပ်များလက်ရှိကျန်ရှိနေသော မြို့များအနက်မှတစ်မြို့ဖြစ်သည်။ ပြည်နယ်မြို့တော်အပါအဝင် မြို့အတော်များများ လွန်ခဲ့သောနှစ်လအတွင်း အယ်လ်ခိုင်ဒါနှင့်ဆက်နွယ်သော စစ်သွေးကြွများလက်သို့ကျရောက်ခဲ့ရသည်။

ဆီးရီးယားတပ်များနှင့် အစွန်းရောက်များ အပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီးနောက် အာရီဟာမြို့ကျဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ **(ဆင်ဟွာ)**

ဘဂ္ဂဒက်ရှိ ဟိုတယ်နှစ်ခု၌ ကားဗုံးပေါက်ကွဲမှု လူ ၁၀ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဟိုတယ်နှစ်ခု၏ ကားပါကင်အတွင်း ကားဗုံးနှစ်လုံးဖောက်ခွဲခဲ့ရာ လူ ၁၀ ဦးသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောသည်။

ကားဗုံးတစ်လုံးမှာ ဘဂ္ဂဒက်မြို့လယ်ရှိ ဘာဘေးဟိုတယ် ကားပါကင်အတွင်း ဖောက်ခွဲခဲ့ပြီး လူခြောက်ဦးသေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဗုံးပေါက်ပြီး ငါးမိနစ်အကြာ ခရစ္စတယ်ဟိုတယ်အနီး၌ ဒုတိယဗုံးပေါက်ကွဲခဲ့ရာ လူလေးဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘဂ္ဂဒက်မြို့၌ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါဗုံးနှစ်လုံးသည် ညသန်းခေါင်ယံမတိုင်မီ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောသည်။

အီရတ်နိုင်ငံတွင် မကြာသေးသည့်နှစ်များအတွင်း အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားလာရာ ယခုနှစ်ပထမနှစ်ဝက်အတွင်း အရပ်သား ၅၅၇၆ ဦး သေဆုံးပြီး ၁၁၆၆၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မကြာသေးမီကထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြသည်။ **(ဆင်ဟွာ)**

မီးတောင်ပေါက်ကွဲပြီးနောက် ကျွန်းပေါ်နေသူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေး

တိုကျို မေ ၂၉

သောကြာနေ့က ဂျပန်နိုင်ငံ တောင်ပိုင်းဝေးလံဒေသရှိ ကူချီနိုအဲရာဘူဂျီမာ ကျွန်းတွင် မီးတောင်တစ်ခုရုတ်တရက်ပေါက်ကွဲကာ မီးခိုးလုံးများ ထိုးတက်လာခဲ့မှုကြောင့် အာဏာပိုင်များက ဘေးကင်းရာသို့ ရွှေ့ပြောင်းရေး လုပ်ငန်းများကို ချက်ချင်းလုပ်ဆောင်ကြရပြီး လေကြောင်းလိုင်းများ လမ်းကြောင်းပြောင်း ပျံသန်းခဲ့ရကြောင်း သိရသည်။

ရှင်ဒတ်ကူတောင်စောင်း ဓာတ်ငွေ့နှင့်ချော်ရည်များ ထွက်လာကာ သမုဒ္ဒရာအတွင်းသို့ စီးဆင်းသွားခဲ့ကြောင်း၊ သေပျောက်မှု တစ်စုံတစ်ရာမရှိကြောင်း သက်ဆိုင်ရာက ပြောခဲ့သည်။

ကြီးမားသော မီးခိုးလုံးများ ရုတ်တရက်တက်လာကြောင်း၊ ဒေသခံများဘေးကင်းရာသို့ ရွှေ့ပြောင်းရန် စုဝေးနေကြကြောင်း ဒေသခံအရာရှိနိုဘူအာကီဟာရာရှိက NHK ရုပ်သံသို့ ပြောသည်။

ဒေသခံ ၁၃၇ ဦးရှိသည့်အနက် အခြား ထိခိုက်ဒဏ်ရာရမှုမရှိဘဲ အသက် ၇၂ နှစ် အရွယ်ရှိ အမျိုးသားတစ်ဦးသာ ချော်ရည်များ မျက်နှာတွင် လောင်ကျွမ်းခံခဲ့ရသည်။

မီးခိုးပြာများ အဆက်မပြတ်ထွက်နေမှုကြောင့် ဒေသခံများမှာ ကယ်ဆယ်ရေး အဆောက်အအုံ အမိုးများပေါ်တွင် စုဝေးနေကြရသည်။ တောင်အနိမ့်ပိုင်းသို့ ပြာများဖုံးအုပ်ခဲ့ကာ တောင်အောက်ခြေတွင်မီးခိုးအဖြစ်ပြောင်းလဲသွားကြောင်း တွေ့ရသည်။

မီးခိုးလုံးများမှာ ကောင်းကင်သို့ မီတာ ၉၀၀၀ အထိ တလိပ်လိပ်တက်လျက်ရှိနေပြီး အားပြင်းပေါက်ကွဲမှုကြီးဖြစ်သောကြောင့် စိုးရိမ်ရဖွယ်ရှိနေသေးကြောင်း သက်ဆိုင်ရာမှ သတိပေးထားသည်။

ဂျပန်နိပွန် လေကြောင်းလိုင်းအားလုံးမှ အိုကီနာဝါနှင့်အရှေ့တောင်အာရှသို့ ပျံသန်းသော လေယာဉ်များ လမ်းကြောင်းပြောင်းသွားနိုင်ဖွယ်ရှိသည်ဟု သတိပေးထားသော်လည်း မည်သည့်လေကြောင်းလိုင်းအစီအစဉ်မျှ ရပ်နားခဲ့ခြင်း မရှိပေ။

ဒေသခံများကို ကယ်ဆယ်ရန်အတွက် အနီးဆုံးကျွန်း ယာကူရှီးမားမှ ကူးတို့ရေယာဉ်တစ်စီး ညနေ ၃ နာရီခန့်က ရောက်ရှိခဲ့ကြောင်း ယာကူရှီးမားမှ အစိုးရတာဝန်ရှိသူ တာဆူယာတယ်ရာဒါက ပြောသည်။ **(ရိုက်တာ)**

ယူကရိန်းသမ္မတပိုင် မုန့်ဆိုင်ခွဲတစ်ခု၌ ဗုံးပေါက်ကွဲ

ကီယက်ဗ် မေ ၂၉

ယူကရိန်းသမ္မတ ပက်ထရိုပိုရိုရှန်ကိုပိုင်ဆိုင်သော အချိုပွဲစားဖွယ်လုပ်ငန်းဆိုင်ခွဲတစ်ခု၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားကြောင်း သောကြာနေ့တွင် ရဲများက ပြောသည်။

ပေါက်ကွဲမှုကြောင့် ဆိုင်နံရံပေါ်၌ အချင်း ၀ ဒသမ ၆ မီတာအရွယ်ရှိ အပေါက်တစ်ပေါက်ဖြစ်သွားကြောင်း၊ ဆိုင်အတွင်းရှိ ပစ္စည်းအချို့နှင့် စင်များပျက်စီးသွားကြောင်း၊ အဆိုပါမတော်တဆမှုသည် ကြာသပတေးနေ့ သန်းခေါင်ယံအချိန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

လစ်သူယေးနီးယား၊ ဟန်ဂေရီ၊ ရုရှားနှင့်ယူကရိန်းရှိ အချိုပွဲစားဖွယ်လုပ်ငန်းလုပ်ကိုင်သော အဆိုပါဆိုင်ခွဲက မှတ်ချက်တစ်စုံတစ်ရာပေးခြင်း မရှိပေ။

ချောကလက်ဘုရင်ဟု နာမည်ကြီးသူ ပိုရိုရှန်ကိုသည် ၂၀၁၄ ခုနှစ်က သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပြီးနောက် ၎င်း၏ဆိုင်ခွဲကို တိုးချဲ့ဖွင့်လှစ်ခြင်းခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲအပြီး လုပ်ငန်းများကို ရောင်းချမည်ဟု သမ္မတက ကတိပေးခဲ့သော်လည်း ယခုနှစ်ဈေးကွက်အခြေအနေမလှမှုကြောင့် အခက်အခဲရှိကြောင်း ၎င်းကပြောသည်။ **(ရိုက်တာ)**

အမေရိကန်စီးပွားရေး ပထမလေးလပတ်တွင် အကျဉ်ဘက်သို့ဦးတည်



ဝါရှင်တန် မေ ၂၉

ပုံမှန်မဟုတ်သည့် ဆီးနှင်းများဆိုးရွားစွာ ကျဆင်းမှုနှင့် ပြန်လည်ရှင်သန်လာသော ဒေါ်လာဈေးကွက်ကြောင့် ပထမလေးလပတ်တွင် အမေရိကန်စီးပွားရေးသည် ကျုံ့တည်းလာခဲ့သော်လည်း အထိုက်အလျောက် ပြန်လည်ဦးမော့လာခဲ့သည်။

ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးသည် လွန်ခဲ့သောလနှင့်နှိုင်းယှဉ်လျှင် ၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရမည့်အစား ၀ ဒသမ ၈ ရာခိုင်နှုန်းသို့ လျော့နည်းသွားခဲ့ကြောင်း ရိုက်တာစီးပွားရေးစစ်တမ်းကောက်သူများက ပြောခဲ့သည်။ ယခင်နှင့်နှိုင်းယှဉ်လျှင် စီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှုလိုငွေများနေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနည်းနေခြင်းများသည် စီးပွားရေး အကျဉ်ဘက်သို့ ဦးတည်နေခြင်းဖြစ်သည်။

ဒုတိယလေးလပတ်တွင် စီးပွားရေးတိုးတက်မှုသည် ၂ ရာခိုင်နှုန်းထိရှိလာမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၁ ခုနှစ်ကတည်းက စီးပွားရေး တိုးတက်မှုသည် ပထမလေးလပတ်တွင် အကျဉ်ဘက်သို့ ဦးတည်ခဲ့သည်။

သို့သော်လည်း စီးပွားရေးပညာရှင်များက ထုတ်ကုန်များအကျဉ်ဘက်သို့ဦးတည်နိုင်သည့် အပိုဆောင်း ကောက်ချက်ချခြင်းကို သတိပေးခဲ့သည်။ ပထမလေးလပတ်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)သည် လတ်တလောအကြောင်းအချက်များကြောင့် ကျဆင်းခြင်းဖြစ်ကြောင်း ငြင်းခုံဆွေးနွေးကြသည်။ **(ရိုက်တာ)**

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်စည်းဝေး

နေပြည်တော် မေ ၂၉

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်းတို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ကျင်းပသည့် (၈)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကို မေ ၂၉ ရက်တွင် နေပြည်တော်ရှိ လိတ်(ခ်) ဂါးဒင်းဟိုတယ်၌ ကျင်းပ သည်။

အစည်းအဝေးတွင် သံတမန်နှင့် ကောင်စစ်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများ အပါအဝင် ကုန်သွယ်ရေး၊ စက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့်ဘဏ်လုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွား လုပ်ငန်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တော၊ ကျန်းမာရေးနှင့် ပညာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ အလုပ် သမားနှင့် လူမှုရေးရာ၊ သိပ္ပံနှင့် နည်း ပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ စသည့် ကဏ္ဍ(၁၃)ရပ်တွင် အပြန် အလှန် ပူးပေါင်းဆောင်ရွက်ရေးကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စု ဝန်ကြီးက ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်း ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့အား မေ ၂၈ ရက် ည ၇ နာရီက ရွှိုင်ရယ်အေစီအီးဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

(၈)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင် ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်း အဝေးကို နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ-တောင်အာရှနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ ဌာန၊ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ငုယင် သန်းတန်တို့က ဦးဆောင်၍ မေ ၂၈ ရက်တွင် လိတ်(ခ်)ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ဝင်များ နှင့်အတူ မြန်မာနိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိ ကြီးများ တက်ရောက်ခဲ့ကြသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့သည် (၈)ကြိမ်မြောက် မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မ ရှင်အစည်းအဝေး တက်ရောက်ရန် မေ ၂၇ ရက်က နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂/ ၂၀၁၅) ကျင်းပ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ခန်းမ(၁)၌ ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ် ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟို အဖွဲ့ အတွင်းရေးမှူး အစည်းအဝေး (၂/၂၀၁၅) ကို ဗဟိုအဖွဲ့ အတွင်းရေး မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းဦးဆောင်၍ ကျင်းပ သည်။

အဆိုပါ အစည်းအဝေးသို့ အစား ထိုးသီးနှံစိုက်ပျိုးရေးအဖွဲ့၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယ ရဲချုပ်နှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် မူးယစ်ဗဟိုလုပ် ငန်းအဖွဲ့များမှ ဌာနဆိုင်ရာ တာဝန်ရှိ သူများ တက်ရောက်ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူးက အမှာစကား ပြောကြားရာတွင် ၂၀၁၅ ခုနှစ် အပြည် ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံး မှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက် ဖျက်ရေးနေ့အား အလေးထားသော အားဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူး စီမံချက် (ယင်းမာ) ကို မေ ၂၆ ရက် မှ ဇွန် ၂၆ ရက်အထိ တစ်လကြာတင် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်း အဖွဲ့အားလုံး၏ လုပ်ငန်းစီမံချက် အသေးစိတ်များလည်း ရရှိထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းမှု အကောင်းဆုံးဖြင့် ထိထိရောက်ရောက် အောင်မြင် အောင် ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ ပြီးခဲ့သည့် မူးယစ်ဗဟို အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၅) တွင်လည်း ပြည်ထောင်စု ဝန်ကြီး ဦးဆောင်၍ (ယင်းမာ) စီမံချက်အောင်မြင်စွာ ဆောင်ရွက် နိုင်ရေးတာဝန်များ ပေးအပ်ခဲ့ပြီးဖြစ် ပါကြောင်း။

လုပ်ငန်းအဖွဲ့အားလုံးကိုလည်း မေ ၂၆ မှ ဇွန် ၂၆ ရက်အထိ အဆင့် ဆင့်သော ဒေသဆိုင်ရာ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့များ၊ အစိုးရ မဟုတ်သောအဖွဲ့များ၊ လူမှုအဖွဲ့ အစည်းများ၊ သတင်းမီဒီယာများ၊ ဆိုရှယ်မီဒီယာများနှင့် ပူးပေါင်း၍ လုပ်ငန်းအဖွဲ့များအလိုက် စီမံချက် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်မြှင့် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ပြန်ကြား ရေးဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်း ထားရှိပြီး သတင်းမီဒီယာမှတစ်ဆင့် စီမံချက်လုပ်ငန်းများကို အများ ပြည်သူသိရှိနိုင်ရေး ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း။

ယခုစီမံချက်ကာလပြီးဆုံးပါက အားသာချက်၊ အားနည်းချက်များ အပေါ် ပြန်လည်သုံးသပ်၍ အလား တူစီမံချက်များ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာ သည့် သက်ဆိုင်ရာဌာနများမှ တာဝန် ရှိသူအသီးသီးကလည်း လုပ်ငန်း အလိုက် ဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟို အဖွဲ့အတွင်းရေးမှူးက နိဂုံးချုပ် အမှာ စကားပြောကြားသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံမှ တတိယအကြိမ် ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သား ၁၂၉ ဦးကို ငွေကျပ်တစ်သိန်းစီထောက်ပံ့

ရန်ကုန် မေ ၂၉

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေ သည့် မြန်မာရေလုပ်သား ၅၃၅ ဦး အနက် ၁၂၉ ဦးကို တတိယအကြိမ် မြောက် သွားရောက်ခေါ်ဆောင်ခဲ့ရာ မေ ၂၈ ရက် ညနေ ၆ နာရီ ၅၅ မိနစ် က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ သည်။

အဆိုပါ ရေလုပ်သား ၁၂၉ ဦး ကို လူကုန်ကူးမှုတားဆီးကာကွယ် ရေး ဗဟိုအဖွဲ့ကိုယ်စား ရန်ကုန် တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့် ရန်ကုန်တိုင်း ဒေသကြီး လူမှုဝန်ထမ်းတိုင်းဦးစီးမှူး ဦးတင်ဇော်မိုးတို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ မြန်မာရေလုပ်သားတစ်ဦးစီအတွက် ကူညီထောက်ပံ့သည့် ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၂၉ သိန်းကိုလည်းကောင်း၊ ကမ္ဘောဇ လေကြောင်းလိုင်းမှ ငွေကျပ် ငါးသောင်းစီ၊ အင်္ကျီတစ်ထည်စီနှင့် ဦးထုပ်တစ်လုံးစီကို လည်းကောင်း၊ IOM (မြန်မာ)မှ စားစရိတ်ကုန်ကျ ငွေကျပ် သိန်း ၅၀၊ တစ်ဦးစီအတွက် ငွေကျပ်တစ်သောင်းစီ၊ မိုးကာအင်္ကျီ တစ်ထည်စီ၊ ဖုန်းဆင်းကတ်တစ်ကတ် စီနှင့် လက်ကိုင်ဖုန်းမရှိသူများကို လက်ကိုင်ဖုန်းတစ်လုံးစီကို လည်း ကောင်း၊ IOM(အင်ဒိုနီးရှား)မှ အင်္ကျီနှစ်ထည်နှင့် ဘောင်းဘီတစ် ထည်စီကို လည်းကောင်း ထောက်ပံ့ ပေးအပ်ခဲ့သည်။

ပြန်လည် ရောက်ရှိလာသော ရေလုပ်သား ၁၂၉ ဦးသည် မွန်ပြည် နယ်မှ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး မှ ၂၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၈ ဦး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ၁၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင် ပြည်နယ်တို့မှ ရှစ်ဦးစီ၊ ရခိုင်ပြည်နယ် မှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့မှ နှစ်ဦးစီတို့ဖြစ် ကြောင်း သိရသည်။

မြန်မာ ရေလုပ်သားများကို အစိုးရ၏အစီအစဉ်ဖြင့် ပြန်လည် ခေါ်ဆောင်ခြင်းဖြစ်ရာ မေ ၁၄ ရက် က ပထမအကြိမ် မြန်မာရေလုပ်သား ၁၂၅ ဦး၊ မေ ၁၇ ရက်က ဒုတိယ အကြိမ် ၁၂၈ ဦး ပြန်လည်ခေါ်ဆောင် နိုင်ခဲ့ပြီး ယခုတတိယအကြိမ် ၁၂၉ ဦးပြန်လည်ခေါ်ဆောင်ခြင်းဖြစ်သည်။

ကျန်ရှိသော မြန်မာရေလုပ်သား ၁၀၈ ဦးကို ဇွန် ၅ ရက်တွင် နောက်ဆုံးအကြိမ် သွားရောက်ခေါ်ယူ ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

လူမှောင်ခိုတရားခံ ထိုင်းနိုင်ငံသား စက်လှေပိုင်ရှင်ကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ် မောင်တော မြို့နယ် သဘော်ကွေ့ကျေးရွာ အနောက်ဘက် မြန်မာ့ရေပိုင်နက် အတွင်း ဘင်္ဂါလီလူမျိုး ၂၀၈ ဦးပါ လူမှောင်ခိုစက်လှေကို မေ ၂၁ ရက် တွင် တပ်မတော်ရေယာဉ်က တွေ့ရှိ သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စက်လှေလုပ်သား ၁၇ ဦး၊ စကားပြန်သုံးဦးတို့အား စစ်ဆေးချက်အရ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ဘင်္ဂါလီလူမျိုးများ တင်ဆောင်ထားသည့် စက်လှေ ပိုင်ရှင်မှာ ထိုင်းနိုင်ငံသား အုမင့် (ခ)ဖိမင့်(ခ)စိုးဝင်း(ခ)နိုင်နတ်ဖထွန် စံတွန်ဖြစ်ပြီး အမှတ်(၂၄၆) မိုဆောင်လမ်း၊ ဘန္ဒန်းရပ်ကွက်၊ ရနောင်းမြို့၊ ထိုင်းနိုင်ငံ၌ နေထိုင် သူဖြစ်ကြောင်း၊ ၎င်းမှာ ဘင်္ဂလား ဒေ့ရှ်နိုင်ငံရှိ လူမှောင်ခိုများနှင့် ချိတ်ဆက်၍ ထိုင်းနိုင်ငံနှင့် မလေး ရှားနိုင်ငံများသို့ လူမှောင်ခိုပို့ဆောင် နေသူဖြစ်ပြီး ထွက်ပြေးတိမ်းရှောင် သွားနိုင်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

အဆိုပါ တရားခံအား ဖမ်းဆီးရမိ ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့နှင့်ချိတ်ဆက်၍ သတင်းဆက်စပ်ဖော်ထုတ်ပြီး မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန် ရပ်ကွက် လေးထောင့်ကန်လမ်းဆုံ ရှိ မဟာနွယ်လက်ဖက်ရည်ဆိုင် ၌ လူမှောင်ခိုတရားခံ အုမင့်(ခ) ဖိမင့်(ခ) စိုးဝင်း(ခ)နိုင်နတ်ဖထွန် စံတွန်(၅၃ နှစ်)အား ဖမ်းဆီးရမိခဲ့ ကြောင်းနှင့် လူမှောင်ခိုဖြစ်စဉ် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး အတွက် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အုမင့်(ခ)ဖိမင့်(ခ)စိုးဝင်း(ခ) နိုင်နတ်ဖထွန်စံတွန်

လုံးတုံတိုက်နယ်ဆေးရုံ၌ ဦးခေါင်းခွဲပျော့ကလေးငယ်မွေးဖွား

မိုးညှင်း မေ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံကျေးရွာအုပ်စု လုံးတုံကျေးရွာ တိုက်နယ်ဆေးရုံ၌ မေ ၁၉ ရက် ညနေ ၃ နာရီခွဲခန့်က ဦးခေါင်းခွဲပျော့ကလေးငယ်မွေးဖွားခဲ့ကြောင်း သိရသည်။

ယင်းကလေးငယ်သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ညောင်ပင်ကျေးရွာအုပ်စု ညောင်ပင် ရွာနေ ဦးစိုင်းလှနှင့်ဒေါ်အိဖြူတို့၏ ဒုတိယသားဖြစ်ကြောင်းနှင့် လုံးတုံတိုက်နယ်ဆရာဝန် နေလင်းအောင်နှင့် ဝန်ထမ်း များက အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

(၁၄၉)

ဆေးလိပ်တရားမဝင်ကုန်သွယ်မှုရပ်တန့်ဖို့ အလေးထားဆောင်ရွက်စို့

ဒေါက်တာအောင်ထွဏ်း

ဆေးရွက်ကြီးကို အသုံးပြု၍ထုတ်လုပ်သုံးစွဲသည့် ဆေးရွက်ကြီးထွက်ပစ္စည်းများ (Tobacco Products) မှာ အမျိုးပေါင်းစုံလင်လှပေသည်။ မြန်မာနိုင်ငံတွင် သုံးစွဲလျက်ရှိသော ဆေးရွက်ကြီးထွက်ပစ္စည်းများကို အဓိကအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားနိုင်ပါသည်။

(က) အငွေ့ထွက်သော ဆေးရွက်ကြီးပစ္စည်းများ (Smoking tobacco)

၎င်းအုပ်စုတွင် စီးကရက်၊ ဆေးပေါ့လိပ် (ရှမ်းဖက်လိပ်ပေါ့) ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်၊ ဘီဒီ(ကုလားဆေးလိပ်)၊ ဆေးတံ၊ ရေပြောင်းတို့ ပါဝင်ပါသည်။

(ခ) အငွေ့မထွက်သော ဆေးရွက်ကြီးပစ္စည်းများ (Smokeless tobacco)

၎င်းအုပ်စုတွင် ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်၍စားခြင်း၊ ကွမ်းယာထဲတွင် ဆေးပေါင်း၊ နှပ်ဆေးစသည်ထည့်၍စားခြင်း၊ ဆေးရွက်ကြီးကိုရေစိမ်၍သောက်ခြင်း စသည်တို့ပါဝင်သည်။ ကွမ်းယာထဲတွင်ထည့်၍စားသော ဆေးပေါင်းများတွင် ဆေးရွက်ကြီးကို သံပရာ၊ ရှောက်စသည်ဖြင့် နှပ်ခြင်း၊ အရက်ဖြင့် စိမ်ခြင်း၊ ရေဖြင့်စိမ်ခြင်း စသည်တို့အပြင် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော ၄၅၊ ၉၅၊ ၁၀၀၊ Signal ၊ Zarda စသည့် တံဆိပ်အမျိုးမျိုးဆေးပေါင်းများလည်း ပါဝင်ပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေတတ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသည့် ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့်ဖြစ်ပွားသေဆုံးမှုသည် လူအများသေဆုံးရခြင်း၊ ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းခံတရားဖြစ်လာနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျောင်းသား ကျောင်းသူများ စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2001) အရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်း ကျောင်းသား ကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာသော်လည်း ၂၀၁၁ ခုနှစ်စစ်တမ်းတွင် ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာကျောင်းသားလူငယ်များအတွင်း ဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ကြပါသည်။ "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေး အပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်း" သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုထိန်းချုပ်ခြင်းအတွက် ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးသော ဆောင်ရွက်မှုအတွက်တစ်ခုဖြစ်ပါသည်။ ကွန်ဗင်းရှင်းရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံအဆင့်၊ ဒေသအဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့်တို့တွင် ဆောင်ရွက်သင့်သော နည်းဗျူဟာများ နည်းလမ်းများအတွက် မူဘောင်တစ်ရပ်ချမှတ်ပေးရန်ဖြစ်ပါသည်။ ၎င်းသို့ချမှတ်ပေးလိုက်သော မူဘောင်အတိုင်း ဆောင်ရွက်ခြင်းဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးခြင်း၊ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းတို့ကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ဆိုးကျိုးများမှ ကာကွယ်ရန်ဖြစ်ပါသည်။ ၎င်း ကွန်ဗင်းရှင်းတွင် အပိုင်း ၁၁ ခုနှင့် အခန်း ၃၈ ခု ပါဝင် ပါသည်။

ယင်းကွန်ဗင်းရှင်းသဘောတူညီချက်က ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးကို (က)နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ (ခ)နိုင်ငံတစ်ခုချင်း၏ တာဝန်ရှိမှု အတိုင်းအတာတစ်ခုအထိ အမျိုးသားဥပဒေနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အားဖြည့်ပေးခြင်းစသည်တို့ဖြင့် အကူအညီထောက်ပံ့ပေးမည်ဖြစ်ပါသည်။

WHO FCTC ကို (၁၁) နိုင်ငံမြောက် နိုင်ငံအဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက်ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။

၎င်းကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ်ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုသည့် (၁၁) နိုင်ငံမြောက်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကျန်းမာရေးဦးစီးဌာနမှ သုတေသနပညာရှင်များသည် ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးညီလာခံများတွင် မြန်မာနိုင်ငံ၏ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု စာတမ်းများအား စဉ်ဆက်မပြတ်တင်သွင်းခဲ့ရာတွင် ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်မှ ၂၁ ရက်နေ့အတွင်း ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးညီလာခံ ၂၀၁၅ တွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် Strengthening National Tobacco Control Program to reduce Non-communicable diseases (NCDs);Myanmar Experience and the Way Forward နှင့် A Study on smokeless tobacco use among 8^{th}, 9^{th} and 10^{th} Grade Students in Myanmar စာတမ်းများ တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ

မြန်မာနိုင်ငံသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါ အချက်အလက်များကို အခြေခံသည့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့မှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆)အဖြစ် အောက်ပါရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

(က) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့်ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးခြင်းတို့မှ ရှောင်ကြဉ်စေရန်၊

(ခ) ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင် ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေသည့်အန္တရာယ်မှကာကွယ်ရန်၊

(ဂ) ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့်ဆေးရွက်ထွက်ပစ္စည်း သောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော အနေအထိုင်ဘဝရရှိစေရန်၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်းမြင့်မားလာစေရန်၊

(င) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

အဆိုပါ ဥပဒေတွင် ကွန်ဗင်းရှင်းပါနေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက်ပါရှိစေခြင်း စသည်တို့ ပါဝင်ပါသည်။ ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသလို ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများ အမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာ အသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ အဆိုပါဥပဒေတွင် ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီများ လိုက်နာရမည့်အချက်များကို အသေးစိတ်ဖော်ပြထားရှိပါသည်။ ဥပဒေသည် ၂၀၀၇ ခုနှစ် မေလ ၄ ရက်နေ့မှာ စတင်အာဏာသက်ဝင်ပြီး ဖြစ်သည်။

> ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ် လူဦးရေငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသည့် ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးမှုသည် လူအများ သေဆုံးရခြင်း၊ ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းခံတရားဖြစ်လာ

ဆေးလိပ်ကုမ္ပဏီကြီးများ၏ ပရိယာယ်များနှင့် ဆေးလိပ် တရားမဝင်ကုန်သွယ်မှု

ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီများသည် မိတ်ဖက်အဖွဲ့အစည်းများကို ဖွဲ့စည်းကာ နည်းဗျူဟာ အမျိုးမျိုးဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့သည် အားကစားပွဲများနှင့် အခြားပွဲတော်များ ကျင်းပခြင်း စသည့်လူမှုရေးအရ လက်ခံနိုင်သော အခြားနည်းလမ်းများကို အသုံးပြုကြသည်။ သိပ္ပံပညာရှင်များနှင့် သုတေသနများအတွက် ငွေကြေးပံ့ပိုးကူညီပေးပြီး ပညာရှင်တို့၏ အကာအကွယ်ကိုယူကာ အချို့ကဏ္ဍများတွင် ၎င်းတို့အကျိုးစီးပွားအတွက် ထောက်ခံစေခြင်း၊ ဆေးရွက်ကြီး၏ ဆိုးကျိုးမပေါ်လွင်သော စာတမ်းများတင်သွင်းခြင်း၊ ပုံနှိပ်ဖြန့်ဝေခြင်းစသည်ဖြင့် လူအများသိရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ဆေးလိပ်ကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနှင့် အလုပ်သမားမူဝါဒစသည့် လူမှုရေးလုပ်ငန်းများနှင့် ပံ့ပိုးကူညီလှူဒါန်းမှုများကို အလေးပေးလာကြသည်။ အဖတ်ဆယ်ခြင်း၊ အလုပ်သမားများ၏ စိတ်ဓာတ်ရေးရာ တိုးတက်လာခြင်း၊ ကုမ္ပဏီ၏ဈေးကွက်တန်ဖိုးတက်လာခြင်း စသည့် အကျိုးများခံစားရပါသည်။ ၎င်းတို့သည် သူတစ်ပါးဆေးလိပ်ငွေ့ကြောင့် ရောဂါဆိုးများခံစားရခြင်းကို ဖုံးကွယ်ရန် အများပြည်သူလူထုအတွင်း ဆေးလိပ်သောက်ခြင်းကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်းသည် စီးပွားရေးဆုတ်ယုတ်မှုကို ဖြစ်စေနိုင်ကြောင်း မိမိလိုရာဆွဲ ပြောဆိုကြပါသည်။ ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းကုမ္ပဏီများသည် ယင်းတို့ ထုတ်လုပ်သောပစ္စည်းကိုသုံးစွဲ၍ သေဆုံးခဲ့ကြသူ သန်းပေါင်းများစွာကို အစားထိုးရန် ဖောက်သည် အသစ်များဖြစ်လာမည့် ကလေးများ၊ လူငယ် လူရွယ်များအား အထူးလေ့လာ၍ စနစ်တကျငွေ အရင်းအနှီးများစွာသုံးစွဲပြီး ကြော်ငြာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် ဆေးလိပ် တရားမဝင်ကုန်သွယ်မှုကြောင့် ဈေးကွက်တွင် တရားမဝင်ရောင်းဝယ်လျက်ရှိသော စီးကရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း တံဆိပ်မျိုးစုံကို တွေ့နိုင်ပါသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း မှောင်ခိုရောင်းဝယ်ခြင်းကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းများ ဈေးပေါပေါနှင့် ရောင်းကြသည်။ ပြည်သူများသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ဈေးသက်သာ၍ လွယ်ကူစွာရနိုင်ကာ ပိုမိုသောက်သုံးလာကြသည်။ ဆေးလိပ်တရားမဝင် ကုန်သွယ်မှုကြောင့် နိုင်ငံတော်အခွန်လည်း ဆုံးရှုံးရပါသည်။ ဆေးလိပ်တရားမဝင် ကုန်သွယ်မှု၏အကြောင်းရင်းများတွင် နယ်စပ်ဒေသများတွင် ဥပဒေစိုးမိုးမှုနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စောင့်ကြည့် အရေးယူမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဆေးလိပ်တရားမဝင်ကုန်သွယ်မှုမှ တစ်ဆင့် မူးယစ်ဆေးနှင့် မှုခင်းများအထိဆက်လက်ဖြစ်ပေါ်လာနိုင်ပါသည်။

ဆေးလိပ်တရားမဝင်ကုန်သွယ်မှု ရပ်တန့်ဖို့ အလေးထားဆောင်ရွက်စို့

ယခု ၂၀၁၅ ခုနှစ် မေ ၃၁ ရက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော ဆေးလိပ်တရားမဝင်ကုန်သွယ်မှု ရပ်တန့်ဖို့ အလေးထားဆောင်ရွက်စို့ (Stop Illicit Trade of Tobacco Products) သတ်မှတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ဆေးလိပ်ကုမ္ပဏီကြီးများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီး တရားမဝင်ကုန်သွယ်မှု နည်းလမ်းမျိုးစုံကို ရပ်တန့်ရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအခန်း(၁၅)တွင် ဖော်ပြထားသော ဆေးလိပ်တရားမဝင် ကုန်သွယ်ခြင်းနှင့် ပတ်သက်သည့်အောက်ပါ လမ်းညွှန်ချက်များအတိုင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

- ❑ ဆေးလိပ်၊ စီးကရက် တရားမဝင်ထုတ်လုပ်မှု အတုအပပြုလုပ်မှု၊ မှောင်ခိုတင်သွင်းရောင်းချမှုတို့ကို ထိန်းချုပ်ရန်အတွက် နိုင်ငံအလိုက်၊ ဒေသအလိုက်၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းသွားရန်။
- ❑ ဆေးလိပ်တရားမဝင် ကုန်သွယ်ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် စီးကရက်ဘူးခွံများပေါ်တွင် စီးကရက်ထုတ်လုပ်မည့် နိုင်ငံ၊ တင်ပို့ရောင်းချမည့်နိုင်ငံတို့ကို ထင်ရှားစွာဖော်ပြရန်။
- ❑ ၎င်းသို့ ဖော်ပြသော အမှတ်အသားများကို စီးကရက်တင်ပို့ရောင်းချမည့် သက်ဆိုင်ရာနိုင်ငံများ၏ ဘာသာစကားဖြင့် ရေးသားဖော်ပြရန်။
- ❑ နယ်စပ်ဒေသများတွင် စီးကရက်ကုန်သွယ်မှု အချက်အလက်များ ကောက်ခံရန်။
- ❑ စီးကရက်တရားမဝင် တင်သွင်းမှုနှင့် အတုအပပြုလုပ်ရောင်းချမှုတို့ကို ဖမ်းဆီးရမိပါကလည်း တင်းကျပ်စွာအရေးယူရန်။
- ❑ ဖမ်းဆီးရမိသော တရားမဝင် ထုတ်လုပ်ရောင်းချတင်သွင်းသည့် စီးကရက်များကို စနစ်တကျ ဖျက်ဆီးရန်။
- ❑ စီးကရက် တရားမဝင် ထုတ်လုပ်တင်သွင်းရောင်းချမှုများနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံအချင်းချင်း သတင်းအချက်အလက်ဖလှယ်ရန်နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်ရန်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုနှစ်အတွင်းကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့် တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသား အကျိုးစီးပွားအတွက်ဖြစ်ပါက နိုင်ငံရေးပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အတွင်း စစ်မှန်သော ငြိမ်းချမ်းရေး ရရှိစေရေးအတွက် အားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များက ဆွေးနွေးတင်ပြကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ-ကချင်ပြည်နယ် (စဒက)၊ တအာင်း(ပလောင်)အမျိုးသားပါတီ၊ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် မေ ၂၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲ၌ ကျင်းပရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစောတော်ပလဲက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်ကို အလေးအနက်စဉ်းစားပြီး အတည်ပြုပေးရန် လိုအပ်ပါကြောင်း၊ မပြောင်းလဲ အတည်မပြုဘဲ ချန်လှပ်ထားမည်ဆိုပါက မူရင်းဥပဒေအတိုင်း အကြီးစားလုပ်ငန်းရှင် သူဌေးများ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးသကဲ့သို့ ဖြစ်နေပါကြောင်း၊ တစ်နည်းအားဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းများကို အကြီးစားမဖြစ်ရန် ပိတ်ပင်တားမြစ်သည့် ဥပဒေသာ ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပိုဒ် ၄ ပါပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ (င)အဖြစ် အသစ်ဖြည့်စွက်ချက်ကို အခြေခံလူတန်းစားများ ကိုယ်စား အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးမင်းလွန်းအောင်က မိမိတို့နိုင်ငံရှိ အခြေခံလူတန်းစား အရင်းအနှီးနည်းပါးသူများ လုပ်ကိုင်ကြမည့် အသေးစား၊ အလတ်စားလုပ်ငန်းများကိုအရင်းအနှီး၊ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများရရှိရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပေါင်းစပ်ပေးနိုင်မည့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်ကို ထည့်သွင်းပြဋ္ဌာန်းပေးရန် ထောက်ခံပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီက ယခုဆွေးနွေးနေကြသည့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ချက်အနေဖြင့် ထည့်သွင်းထားခြင်းဖြစ်ပြီး ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် မဟုတ်ပါကြောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို မဖွံ့ဖြိုးမတိုးတက်စေလိုသည့်ဆန္ဒဖြင့် ထည့်သွင်းစဉ်းစားခြင်းမဟုတ်ပါကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရပြီးသူများဖြစ်သည့်အတွက် ယခုအသစ် ဖြည့်စွက်မည့် အပိုဒ် (၄)နှင့်လည်း ဥပဒေအရ မည်သို့မျှ မသက်ဆိုင်ပါကြောင်း၊ နိုင်ငံသား လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ အပိုဒ်(၁၆) အပိုဒ်ခွဲ(စ)အရ နိုင်ငံခြားသားများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း လုပ်ဆောင်သွားရမည်ဖြစ်သည့်အတွက် ယခုပြင်ဆင်ချက်သည် သတ္တုတွင်းဥပဒေကြမ်းနှင့် မည်သို့မျှ မသက်ဆိုင်ပါသဖြင့် ပယ်ဖျက်သင့်ပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င) ဖြည့်စွက်ချက်၏ အဓိကအချက်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ကို လျှော့ထားရန် ဖြစ်ပါကြောင်း၊ တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရလည်း ခွင့်ပြုထားခြင်း မရှိသည့်အတွက် ခွင့်မပြုသင့်ပါကြောင်းနှင့်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ပယ်ဖျက်လိုသည့်ဆုံးဖြတ်ချက်ကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င) အသစ်ဖြည့်စွက်ခြင်းမပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် ကင်ဆာကုသအောင်မြင်ထားသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

နေပြည်တော် မေ ၂၉

၂၀၁၅ ခုနှစ် ကမ္ဘာ့ကင်ဆာရောဂါနေ့ အထိမ်းအမှတ်အဖြစ် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက် "ကင်ဆာကုသအောင်မြင်ထားသူများနေ့ (Cancer Survivors Day 2015)" အထိမ်းအမှတ် အခမ်းအနားနှင့်"ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း အသင်းဝင်များနေ့ (Shwe Yaung Hnin Si Cancer Foundation Volunteers Day)" အခမ်းအနားတို့ကို ဇွန် ၇ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် အခမဲ့ကျန်းမာရေး ဆေးစစ်ခြင်း၊ ကင်ဆာကုသအောင်မြင်ထားသူများအား တွေ့ဆုံခြင်းနှင့် အသင်းဝင်အဖွဲ့ဝင်များက ဆွေးနွေးအကြံပြုခြင်း၊ ကင်ဆာပညာပေး လက်ကမ်းစာစောင်များ ပေးအပ်ခြင်း၊ ကင်ဆာကုသအောင်မြင်ထားသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ အလှူရှင်များ၊ ပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း ဖုန်း-၀၉-၇၃၁၅၄၉၇၄၊ အီးမေးလ်-htun-rose @gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ကွင်းဆင်းဆောင်ရွက်

တနိုင်း မေ ၂၉

ကချင်ပြည်နယ် တနိုင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ဆောင်ရွက်ခြင်း လုပ်ငန်းနှင့် ကတ်ပြားပေးအပ်ပွဲကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက တနိုင်းမြို့ K.B.C (ခရစ်ယာန်ဘုရားကျောင်းဝင်း)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးဒူဝါလဂွန်ငန်ဆိုင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးဝင်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးတင်လှကြည်နှင့်ဝန်ထမ်းများ တက်ရောက်ကြပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ တိုင်းရင်းသားပြည်သူ ၂၂၈ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြသည်။ **အောင်အောင်ထွေး(တနိုင်း)**

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၉

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက်က ရန်ကုန်မြို့ Panda Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူ ၁၃၀ တို့ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ရန်ကုန်မြို့ အမှတ်(၄၅၈/၄၆၀) ရသာကွန်ဒိုဒုတိယထပ် မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့် ပန်းပဲတန်းမြို့နယ်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၅ မှ ဇူလိုင် ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းရလဒ်များ တရားဝင်ထုတ်ပြန် နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းက အချက်အလက်အသုံးပြုသူအားလုံးအတွက် တစ်ပြိုင်တည်းရရှိနိုင်ပြီ

နေပြည်တော် မေ ၂၉

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတကာအလှူရှင်များကိုယ်စား ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အန်ဒရူး ပက်ထရစ်ထံ သန်းခေါင်စာရင်းပင်မအစီရင်ခံစာ ပေးအပ်စဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးကိုယ်စားလှယ်၊ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ယူပြီး သုံးလအကြာ ၂၀၁၁ ခုနှစ် မေလ၌ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာ မကောက်ယူနိုင်ခဲ့သည့် အချို့နယ်မြေများ၌ နှစ်ကာလရာချီပြီး မကောက်ယူနိုင်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုကဲ့သို့ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန် စဉ်းစားဆုံးဖြတ်သည့်အခါ နိုင်ငံတကာ စံချိန် စံညွှန်းများနှင့် ကိုက်ညီစေရန် ထည့်သွင်းစဉ်းစားပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီပေးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် တွေ့ဆုံညှိနှိုင်းခဲ့ပါကြောင်း။

အကျိုးဆက်အဖြစ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကြီးကို အောင်မြင်စွာကောက်ယူနိုင်ရန် ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လေးနှစ်နီးပါးကြာ ဆောင်ရွက်ရသည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှုအစီအမံကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်းနှင့် ထုတ်ပြန်ကြေညာခြင်းဆိုသည့် အဆင့်(၄)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကွင်းဆင်း စာရင်းကောက်ယူပြီးနောက်နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း ပထမဆင့် သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့ ကြိုတင်ကတိကဝတ်ပြုထားခဲ့သည့်အတိုင်း အသေးစိတ်အချက်အလက်များ ပါဝင်သည့် ပင်မအစီရင်ခံစာကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သန်းခေါင်စာရင်းမှ လူဦးရေနှင့် အိမ်အကြောင်းအရာ အခြေခံကိန်းဂဏန်းအချက်အလက်များ ရရှိလာခြင်းကြောင့် မြန်မာနိုင်ငံအတွက် ဖြစ်ထွန်းလာသည့် အကျိုးရလဒ်များကို အနည်းငယ်ရှင်းလင်းပြောကြားလိုပါကြောင်း။

အားလုံးသိရှိကြသည့် အတိုင်း နိုင်ငံတစ်နိုင်ငံတွင် နယ်မြေဧရိယာအပိုင်းအခြား သတ်မှတ်ချက်ရှိရန် လိုအပ်သကဲ့သို့ နိုင်ငံအတွင်းမှာရှိသည့် လူဦးရေအရွယ်အစား၊ ပျံ့နှံ့နေထိုင်မှုနှင့် ဝိသေသလက္ခဏာများကို မှန်ကန်တိကျစွာ သိရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် အချက်အလက်ကို အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ ပြည်သူများအတွက် ပိုမိုသင့်လျော်ကောင်းမွန်သည့် မူဝါဒများ ချမှတ်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကျား/မ မရွေး၊ အဆင့်အတန်းမရွေး၊ မသန်စွမ်းသူများအပါအဝင် လူတိုင်း၊ လူတိုင်း အရည်အသွေးပြည့်မီသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ပေးရန်အတွက် သန်းခေါင်စာရင်းကရလာသည့် အချက်အလက်များက အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း မှန်ကန်တိကျသည့် အချက်အလက်များကို အသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံသူနိုင်ငံသားများ၏ စွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်ပြီး ဘဝတွင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများ၏ အခြေအနေမှန်များကို ပကတိဖြစ်ရပ်မှန်အတိုင်း သိရှိနိုင်မည်ဖြစ်သည့်အတွက် ခန့်မှန်းယူဆချက်များအပေါ်တွင် မှီခိုအားထားစရာမလိုဘဲ လိုအပ်သည့် နေရာများတွင် မှန်ကန်လိုအပ်သည့် စီမံကိန်းများကို ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုသန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတော်အစိုးရအတွက်သာမက ပုဂ္ဂလိက ကဏ္ဍ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးလုပ်ရှားဆောင်ရွက်နေသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပြည်သူများကို ဝန်ဆောင်မှုများပေးနေသည့် လူမှုအဖွဲ့အစည်းများ အပါအဝင် အားလုံးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း။

ယခုနေရာတွင် အလျဉ်းသင့်၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုသည့် ကိစ္စနှင့် မိမိတို့အစိုးရလက်ထက်တွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချိတ်ဆက်မှုကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများအားလုံးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိလာမည့် အချက်အလက်များသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ပြီး သော်လည်းကောင်း ချိတ်ဆက်နေပါကြောင်း၊ ကာလကြာရှည် သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့်အတွက် အခြေခံအကျဆုံးဖြစ်သည့် မိမိတို့နိုင်ငံ၏ လူဦးရေစာရင်းဇယားများကို ခန့်မှန်းတွက်ချက်နေရသည့် အနေအထားမှ တိတိကျကျတွက်ချက်နိုင်သည့်အနေအထားကို ရောက်ရှိလာခြင်းသည်ပင်လျှင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ပကတိတန်ဖိုးပင် ဖြစ်ပါကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု စီးဝင်ရေးတို့အတွက် မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ဆိုင်ရာ အချက်အလက်များ၊ လူဦးရေကို အခြေခံသည့် ဈေးကွက်အနေအထားကို မူတည်ပြီး စီမံကိန်းများရေးဆွဲခြင်း၊ ဈေးကွက်အနေအထားတွက်ချက်ခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှ ရရှိလာမည့် လူဦးရေစာရင်းများကို အသုံးပြုပြီး တိကျ ခိုင်မာပြီး ရေရာသေချာမှုရှိသည့် တွက်ချက်မှုများကို ပြုလုပ်နိုင်မည့် အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

လူမှုရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူဦးရေစာရင်းများက အဓိကအထောက်အကူပေးမည်ဖြစ်ပါကြောင်း။

မကြာမီ ပေါ်ပေါက်လာမည့် နိုင်ငံရေးဆွေးနွေးပွဲများကတစ်ဆင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မလွဲမသွေကြုံတွေ့ရမည့် တိုင်းရင်းသားမျိုးနွယ်စုများ ပြဋ္ဌာန်းသတ်မှတ်ခြင်းကိစ္စအတွက် နိုင်ငံရေးသဘောတူညီချက်များကိုအခြေခံပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း အစရှိသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် လူဦးရေစာရင်းများကို အခြေခံညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ ယင်းနိုင်ငံရေးဆွေးနွေးပွဲများက ရရှိလာမည့် နိုင်ငံရေးသဘောတူညီချက်များကို အခြေခံပြီး ခေတ်စနစ်နှင့်လျော်ညီသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိစ္စရပ်များ ပြဋ္ဌာန်းချက်များကိုလည်း ဥပဒေပြုရေးနည်းလမ်းများ၊ အုပ်ချုပ်ရေးနည်းလမ်းများနှင့်အဆင့်ဆင့်ပြုလုပ်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်သည့်အခါ မိမိတို့နိုင်ငံ လူ့အဖွဲ့အစည်း၏ အနာဂတ်ကံကြမ္မာကို ပြဋ္ဌာန်းသတ်မှတ်ရန်အတွက် လူဦးရေစာရင်းများသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လာမည်ဟု မိမိအနေနှင့် ရှုမြင်ထားပါကြောင်း၊ ယင်းတင်ပြချက်များကို ကြည့်မည်ဆိုပါက ယခု ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိအနေနှင့် သော်လည်းကောင်း၊ မိမိတို့အစိုးရအနေနှင့် သော်လည်းကောင်း အလွန်အရေးကြီးသည့် ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်အတွက် တန်ဖိုးထား၊ ဂုဏ်ယူရမည့် အမျိုးသားရေးအောင်မြင်မှုတစ်ခုအဖြစ် ခံယူထားသည်ဟု ပြောကြားလိုပါကြောင်း။

ယခုပြည်လုံးကျွတ် သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်မှုကို မိမိတို့ နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးအောင်မြင်မှုတစ်ရပ်ဖြစ်သည်ဟု ခံယူရသည်မှာ များစွာအဓိပ္ပာယ်ရှိပါကြောင်း၊ မိမိအနေနှင့် ပြီးခဲ့သည့်နှစ် သန်းခေါင်စာရင်း စတင်ခြင်းအထိမ်းအမှတ်အခမ်းအနားတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍ရခြင်းမဟုတ်ဘဲ နိုင်ငံတစ်ဝန်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံး ညီညွတ်သော အင်အားနှင့် ပေါင်းစပ်မှုသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို ပြောကြားခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီးသည် မိမိတို့နိုင်ငံသားအားလုံး တက်ညီ လက်ညီ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုကြောင့် လုပ်ငန်းပမာဏအလွန်ကြီးမားကျယ်ပြန့်သည့် နိုင်ငံတော်လုပ်ငန်းစဉ်ကြီးကို သတ်မှတ်ချိန်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ယနေ့ဖြစ်ရပ်သည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပေါင်းစည်းမှုစွမ်းအားကို ပြသနိုင်ခြင်းဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုအားနှင့် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးတွင် သန်းခေါင်စာရင်းလုပ်ငန်းကြီးကို ကူညီထောက်ပံ့ပေးခဲ့ကြသည့် ပြည်တွင်းက စေတနာရှင်၊ အလှူရှင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုများကိုလည်း မှတ်ကျောက်တင်ထားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် သန်းခေါင်စာရင်းကောက်ယူရာတွင် အဓိကနေရာက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာရင်းကောက်ဆရာ/ဆရာမများကို ပျူပျူငှာငှာကြိုဆိုခဲ့ကြပြီး မေးမြန်းသည့်အချက်အလက်များကို စိတ်ရှည်လက်ရှည်ဖြေကြားပေးခဲ့သည့်၊ ပူးပေါင်းကူညီပေးခဲ့ကြသည့် မြန်မာပြည်တစ်နံတစ်လျားက တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပြည်သူပြည်သားများအားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်ဟု မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

တစ်ဆက်တည်းတွင် ယင်းလုပ်ငန်းတာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှုမြင်ပြီး ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တာဝန်ကျေမှုကိုလည်း မိမိအနေနှင့် အသိအမှတ်ပြု ပြောကြားအပ်ပါကြောင်း။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး ချောမွေ့အောင်မြင်အောင် အကူအညီပေးခဲ့ကြသည့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများ ဖြစ်သည့် ဩစတြေးလျ၊ ဖင်လန်၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကိုလည်း နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း၊ အလှူရှင်များ၏ ငွေကြေး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုအထောက်အပံ့များသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး အောင်မြင်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ကို မှတ်တမ်းတင်ပါကြောင်း၊ အလားတူ သန်းခေါင်စာရင်း လုပ်ငန်းစဉ်ကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အကြံပေးပညာရှင်များနှင့် ယင်းစီမံချက်ကြီးတွင် ဘက်စုံ၊ ထောင့်စုံက ပါဝင်ပတ်သက်ခဲ့ကြသည့် ဝန်ကြီးဌာနများက အရာထမ်း၊ အမှုထမ်းများကိုလည်း နိုင်ငံတော်မှ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ထို့ပြင် မိမိတို့ကျေးဇူးအထူးတင်ရမည့်သူများတွင် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB) ကိုလည်းချန်ထား၍ မဖြစ်နိုင်ပါကြောင်း၊

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

နိုင်ငံတကာ အကြံပေးအဖွဲ့ဝင်များ အနေနှင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် နည်းပညာနှင့် အရည်အသွေးထိန်းချုပ်မှုများကို အနီးကပ် စဉ်ဆက်မပြတ်အကြံပြုခဲ့ကြ၍ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ်၏ကောင်းမွန်မှုဖြင့် သန်းခေါင်စာရင်း ရလဒ်များ၏ ယုံကြည်စိတ်ချရမှုများအပေါ် သံသယဝင်နေမှုများကို ဖယ်ရှားနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာမိတ်ဆွေများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုအတွက် မြန်မာနိုင်ငံသူ/နိုင်ငံသားအားလုံးက အစဉ်အမှတ်ရနေမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ အခမ်းအနားသည် နောက်လအနည်းငယ်ကြာသည်အထိ ဆက်လက်ဆောင်ရွက်ရမည့် သန်းခေါင်စာရင်း အချက်အလက်များ ဖြန့်ဝေမည့်အစီအစဉ်၏ ပထမ ခြေလှမ်းဖြစ်ပါကြောင်း၊ နယ်မြေဒေသအသီးသီးက ဦးစီးဦးဆောင်ပြုလုပ်သူများနှင့် ပြည်သူများမပါဝင်ဘဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်းနှင့် အစိုးရ၊ ပြည်သူနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှသာ အပြည့်အဝအောင်မြင်မည်ဖြစ်သည်ကိုလည်း အလေးအနက်ထား ပြောကြားလိုပါကြောင်း၊ ပြီးခဲ့သည့် သန်းခေါင်စာရင်းတွင် အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်ယူနိုင်ခဲ့သည့် နေရာအချို့ရှိခဲ့သော်လည်း ယခုသန်းခေါင်စာရင်းတွင် ကောက်ရန် ကျန်ခဲ့သည့်လူဦးရေကိုရရှိပြီး အချက်အလက်များပေါ်အခြေခံပြီး လူဦးရေခန့်မှန်းနည်းစနစ်များအသုံးပြုကာ အနီးစပ်ဆုံးမှန်ကန်စေရန် ခန့်မှန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကဏ္ဍအသီးသီးက ခေါင်းဆောင်များအတူတကွလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက် အရင်းအမြစ်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဟုလည်း ဆိုနိုင်မည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းအစီရင်ခံစာတွင်ပါသည့် ရလဒ်များကို ထုတ်ပြန်ကြေညာသည့် ဆွေးနွေးပွဲများ မကြာမီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး သန်းခေါင်စာရင်းရလဒ်များနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကိုလည်း မျှဝေသွားမည်ဖြစ်ပါကြောင်း၊ အသိပညာဗဟုသုတများသည် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အထောက်အပံ့ဖြစ်စေသကဲ့သို့ အလားအလာကောင်းများရှိသည့် ဒေသများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် အချက်အလက် အသုံးပြုသူများအားလုံး သန်းခေါင်စာရင်းအချက်အလက်များကို ရရှိနိုင်ရန် နည်းလမ်းမျိုးစုံနှင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ရပါကြောင်း၊ အချက်အလက်များကို ပုံနှိပ်ထားသည့် အစီရင်ခံစာများအနေနှင့် ထုတ်ပြန်မည်ဖြစ်ပြီး အင်တာနက်တွင်လည်း လွယ်ကူစွာရနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ အင်တာနက်မရရှိနိုင်သည့် နေရာများ၌ ဒီဗွီဒီများနှင့် အသုံးပြုနိုင်ရန်လည်း စီမံဆောင်ရွက်ထားပါကြောင်း၊ မနီးစပ်သူများအတွက်လည်း အများနားလည်လွယ်မည့်ပုံစံဖြင့် အစီရင်ခံစာများကို ပြုစုထားပါကြောင်း၊ မီဒီယာများအနေနှင့်လည်း သန်းခေါင်စာရင်းအချက်အလက်များကို ပြည်သူများထံ အမှန်တကယ်ရောက်ရှိစေရန် ထပ်မံပြီး ကူညီဖြန့်ဝေပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။

ယခုဖြစ်စဉ်ကစ၍ မှန်ကန်သည့် အချက်အလက်များကို ပြည်သူလူထုလက်ထဲအရောက် ပွင့်လင်းမြင်သာမှုရှိစွာ အစိုးရတစ်ရပ်အနေဖြင့် ပေးပို့ခြင်းဖြစ်သည်ဟုလည်း ခံယူစေလိုပါကြောင်း၊ မြန်မာပြည်သူပြည်သားများ၏ ပကတိလူမှုစီးပွားရေးအခြေအနေမှန်ကို ပြဆိုသည့် အရင်းအမြစ်များအဖြစ် သန်းခေါင်စာရင်းရလဒ်များကို အသုံးပြုကြပါဟု တိုက်တွန်းလိုပါကြောင်း။

သန်းခေါင်စာရင်း ရလဒ်များသည် ယနေ့မြန်မာနိုင်ငံ၏ပုံရိပ်ကို ဖော်ပြနေပါကြောင်း၊ အနာဂတ်တွင် မည်သည့်နိုင်ငံမျိုး ဖြစ်စေချင်သည်ကို ဆုံးဖြတ်ကြရန် မိမိတို့ အတူတကွလက်တွဲလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေ့ဆက် ဆောင်ရွက်သွားမည့် လမ်းကြောင်းတွင် မိမိတို့ကျရောက်ရာကဏ္ဍက တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ထို့ကြောင့် ယနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို တရားဝင်ထုတ်ပြန်ပါကြောင်း၊ နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းက အချက်အလက် အသုံးပြုသူအားလုံးအတွက် တစ်ပြိုင်တည်းရရှိနိုင်ပြီ ဖြစ်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ပါကြောင်းနှင့် အားလုံးကိုကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အကြံပေးကိုယ်စားလှယ် မစ္စတာ ဗီဂျေ နမ်ဘီးယား၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စလုပ်ဇ်နာဘက်ကွီတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကိုယ်စား နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကုလသမဂ္ဂအဖွဲ့အစည်းများကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စ ဂျဲနက်အီး ဂျက်ဆင်၊ နိုင်ငံတကာအလှူရှင်များကိုယ်စား ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အန်ဒရူး ပက်ထရစ်နှင့် လူမှုအဖွဲ့အစည်းများ ကိုယ်စား ဦးငွေသိန်းတို့ထံ သန်းခေါင်စာရင်းပင်မအစီရင်ခံစာများကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းရလဒ်များနှင့်စပ်လျဉ်း၍ လူဦးရေဆိုင်ရာများ၊ အိမ်ထောင်စုအကြောင်းအရာများ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများ၊ ပညာရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာများ၊ မွေးဖွားခြင်းဆိုင်ရာများ၊ သေဆုံးခြင်းအကြောင်းအရာများ၊ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ သုံးစွဲမှုအခြေအနေ၊ မသန်စွမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောင်ရွက်ပြီးခဲ့သည့် သန်းခေါင်စာရင်းအစီအမံများကို မှတ်တမ်းဗီဒီယိုဖြင့်ပြသကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းပင်မအစီရင်ခံစာများနှင့်စပ်လျဉ်း၍ မီဒီယာတွေ့ဆုံရှင်းလင်းပွဲကျင်းပ

၁၉၈၃ ခုနှစ်က မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူပြီး နှစ်ပေါင်း ၃၀ ကျော်အကြာ ၂၀၁၄ ဧပြီတွင် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူခဲ့သည်။ ၂၀၁၄ ဩဂုတ်တွင် ရှေ့ပြေးလူဦးရေစာရင်းကို ထုတ်ပြန်ခဲ့ပြီး ယနေ့တွင် သန်းခေါင်စာရင်းပင်မအစီရင်ခံစာများကို ထုတ်ပြန်ခဲ့သည်။ ထိုသို့ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်းပင်မအစီရင်ခံစာများနှင့်စပ်လျဉ်း၍ မီဒီယာတွေ့ဆုံရှင်းလင်းပွဲ ကျင်းပရာ၌ သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာညီညီ၊ ဒေါက်တာဒေါ်ခိုင်ခိုင်စိုးတို့၏ ဖြေကြားမှုများကို ပြန်လည်ဖော်ပြလိုက်ပါသည်။

မင်းမင်းဇော်၊ ဟန်နီဝင်း
(သတင်းစဉ်)

မဆင့်ဆင့်အောင်(နီပွန်တီဗွီ)
မေး။ ။ လူဦးရေ ငါးသန်းကျော်ထဲမှာ ၁၈ နှစ်အောက်နဲ့ ၁၈ နှစ်အထက် ဘယ်လောက်ရှိလဲ သိချင်ပါတယ်။

ဒေါက်တာဒေါ်ခိုင်ခိုင်စိုး
ဖြေ ။ ။ ၁၈ နှစ်အထက်က ၃၃ သန်းရှိပါတယ်။ ၁၈ နှစ်အောက်ဆိုရင် ၁၈ သန်းရှိပါတယ်။

ဦးသီဟသွယ်(NHK)
မေး။ ။ လူမျိုး၊ ကိုးကွယ်ရာဘာသာအလိုက် လူဦးရေစာရင်းတွေကို ဘာကြောင့် ၂၀၁၆ မှာ ထုတ်ပြန်ဖို့ ဆောင်ရွက်ခဲ့တာပါလဲ။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ
ဖြေ။ ။ အလုပ်၊ အလုပ်အကိုင်၊ လူမျိုး၊ ဘာသာတွေနဲ့ပတ်သက်တာတွေ အမျိုးမျိုးရှိတဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ကုတ်တွေကို ပြန်လည်ပြင်ဆင်ရတာရှိတယ်။ တချို့ဟာတွေကလည်း မှားနိုင်တာမျိုးတွေရှိတယ်။ ဒါတွေကို တိတိကျကျ စိစစ်နိုင်ဖို့ ၂၀၁၆ မှ ထုတ်ပြန်ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

နေထက်(အဆာဟိရှင်ဘွန်း)
မေး။ ။ လူမျိုး၊ ဘာသာတွေနဲ့ ပတ်သက်ပြီး ဖော်ပြဖို့ဆိုရင် ဆက်ပြီးတော့ စိစစ်ဆောင်ရွက်မယ်လို့ သိရပါတယ်။ ဘယ်လို ဆက်ပြီးလုပ်ဆောင်သွားမယ်ဆိုတာ သိချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ
ဖြေ။ ။ ဥပမာအနေနဲ့ လူမျိုးဆိုပါစို့၊ လူမျိုးဆိုရင် ၁၃၅ မျိုးရှိတယ်လို့ သိထားကြတယ်။ ဒါပေမယ့် စာရင်းအကောက်ခံရတဲ့ ပုဂ္ဂိုလ်ကပြောတဲ့အတိုင်း မှတ်တမ်းတင်ရတာဖြစ်တဲ့အတွက် ပိုများနေတယ်။ အဲဒီအတွက် လူမျိုးစုကိုယ်စားလှယ်တွေနဲ့ တိုင်ပင်စိစစ်ဖို့လိုတယ်။ ဘယ်လူမျိုးစုလဲ၊ သီးခြားလူမျိုးစုလား စသဖြင့် ပြန်ပြီး ညှိနှိုင်းကြရမယ်။ အခုနေထုတ်လိုက်ရင် သတ်ပုံမှားတာတို့ ပေါင်းထည့်မိတာတို့ ဖြစ်မှာစိုးတဲ့အတွက် သက်ဆိုင်ရာလူမျိုးစုကိုယ်စားလှယ်တွေနဲ့ပေါင်းစပ်ပြီး သေချာမှ ထုတ်ပြန်မှာဖြစ်တဲ့အတွက် အခု မထုတ်နိုင်တာဖြစ်ပါတယ်။

မဆင့်ဆင့်အောင် (နီပွန်တီဗွီ) မေးမြန်းစဉ်။

ကိုဘုန်းကျော်(first weekly သတင်းဂျာနယ်)
မေး။ ။ အရင်က ပြည်သူတွေ သိထားတာက လူဦးရေသန်း ၆၀ လို့ သိထားပါတယ်။ အခု ၅၁ သန်းလို့ သိရှိရတဲ့အတွက် ကွာဟနေတဲ့အပေါ်မှာ နားမလည်နိုင်တာတွေ ရှိနိုင်တဲ့အတွက် ရှင်းပြပေးစေချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ
ဖြေ ။ ။ ပထမ လူဦးရေသန်း ၆၀ ဆိုတာ ခန့်မှန်းတွက်ချက်ထားတာဖြစ်ပါတယ်။ အခု ၅၁ သန်းကျော်က တစ်အိမ်တက်ဆင်းမြေပြင်မှာ ကောက်ယူထားတာဖြစ်ပါတယ်။ လူဦးရေတိုးနှုန်းကို ပိုပြီးမှန်းဆခဲ့လို့ ကွာဟတာမျိုးတွေရှိပါတယ်။ ပြီးတော့ နိုင်ငံခြားရောက်ရှိနေတဲ့သူတွေလည်း အခု ၅၁ သန်းကျော်ထဲမှာမပါပါဘူး။

သူဇာ(ရောဝတီသတင်းဌာန)
မေး ။ ။ မြန်မာနိုင်ငံရဲ့ လူမျိုးအရေအတွက်ဟာ ၁၃၅ မျိုးထက်ကျော်လွန်နေတယ်လို့ သိရပါတယ်။ ခန့်မှန်းခြေအနေနဲ့ ဘယ်လောက်ကျော်လွန်နေပါသလဲ။

ဒေါက်တာဒေါ်ခင်ခင်စိုး
ဖြေ ။ ။ သန်းခေါင်စာရင်းကောက်ရာမှာ ဖြေဆိုတဲ့သူက မွန်ကရင်လို့ဖြေရင် မွန်ကရင်၊ ရှမ်းဗမာဆို ရှမ်းဗမာဆိုပြီးစာရင်းကောက် စာရင်းသွင်းတယ်။ ဒီလိုပြောသမျှ အရေအတွက်အတိုင်း လူမျိုးတွေက ထွက်လာတယ်။ ဒါကတကယ်တော့ လူမျိုးမဟုတ်ပါဘူး။ Combination တွေ ထွက်လာတာပါ။ အမှန်က အုပ်စုကြီးလိုက်ပြန်ဖွဲ့ရင် မြန်မာ/နိုင်ငံခြားသားသွေးနှော၊ တိုင်းရင်းသားသွေးနှော ဆိုပြီး နှစ်စုပဲ ထွက်လာပါမယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ
ဖြေ ။ ။ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်တွေနဲ့ ဆွေးနွေးလိုက်ရင် ဒီပြဿနာ ပြေလည်သွားမှာပါ။

အိစုမွန်စိုး(MRTV)
မေး။ ။ သန်းခေါင်စာရင်းကောက်လို့မရတဲ့ ပြည်နယ်သုံးခုဖြစ်တဲ့ ကချင်၊ ကရင်၊ ရခိုင်တွေမှာ လူဦးရေကို ၁ ဒသမ ၂၀ သန်းလို့ ခန့်မှန်းထားတာကိုတွေ့ရပါတယ်။ ခန့်မှန်းထားတဲ့နေရာမှာ ဘယ်ပြည်နယ်ကို အချိုးအစားပိုပြီးခန့်မှန်းတယ်ဆိုတာ သိချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ
ဖြေ ။ ။ အဲဒီဒေသတွေမှာ ကောက်လို့မရဘူးဆိုပေမယ့် သန်းခေါင်စာရင်းကောက်ခါနီးမှာ ကောက်ကွက်မြေပုံဆွဲပါတယ်။ မြေပုံဆွဲတယ်ဆိုတာ အဲဒီဒေသကို သွားပြီး အိမ်တွေ၊ လူဦးရေတွေကို ကောက်ထားပါတယ်။ မျက်စိအမြင်နဲ့ ခန့်မှန်းတာမျိုးမဟုတ်ပါဘူး။ စာရင်းတွေက ကောက်ခဲ့ပြီးပါပြီ။ သန်းခေါင်စာရင်းကောက်တဲ့အခါမှ မပါတာပါ။

ကျော်သက်အောင်(ပေါ်ပြူလာဂျာနယ်)
မေး။ ။ သန်းခေါင်စာရင်းကောက်တဲ့အခါ အိမ်ခြေမဲ့တွေကို ဘယ်စာရင်းထဲမှာ ထည့်ထားပါသလဲ။

ဒေါက်တာဒေါ်ခိုင်ခိုင်စိုး
ဖြေ ။ ။ အိမ်ခြေမဲ့ဆိုပြီး သက်သက်စာရင်းမလုပ်ပါဘူး။ မေးခွန်းပုံစံအနေနဲ့ကောက်ပါတယ်။ အစုလိုက်အဖွဲ့လိုက်လူဦးရေကောက်တဲ့ပုံစံနဲ့ အိမ်ထောင်စုလူဦးရေပုံစံဆိုပြီးရှိတဲ့အထဲမှာ အဖွဲ့အစည်းစာရင်းထဲမှာပဲ ထည့်ထားပါတယ်။ လမ်းဘေးမှာ နေတဲ့သူတွေကိုလည်း ကောက်ပါတယ်။ အဖွဲ့အစည်းစာရင်းအနေနဲ့ ကောက်ပါတယ်။ နောက်တစ်ခုက ကျူးကျော်နေတဲ့သူတွေက အိမ်ခြေမဲ့မဟုတ်ပါဘူး။ အမိုးအကာတစ်ခုအနေနဲ့ နေတာဖြစ်တဲ့အတွက် သူတို့ဟာ အိမ်အနေနဲ့ ရှိပါတယ်။

အိအိတင်(ဖူဂျီတီဗွီ)
မေး။ ။ ဝန်ကြီးရဲ့ ရှင်းလင်းချက်ထဲမှာလည်းပါပါတယ်။ ငါးနှစ်အောက် ကလေးသေဆုံးမှုနဲ့ ပျမ်းမျှအသက် အပိုင်းအခြားအရ မကွေးတိုင်းဒေသကြီးမှာ အများဆုံးလို့ သိရပါတယ်။ အဲဒီဒေသတွေမှာ ဘယ်လိုအခြေအနေဖြစ်တယ်ဆိုတာ သိချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ
ဖြေ ။ ။ ကျွန်တော်တို့က ကိန်းဂဏန်းရှာပေးတာပါ။ ဒီအပေါ်မှာ မူတည်ပြီးကျန်းမာရေးက Plan တွေ ဆွဲရမှာပါ။

သန်းခေါင်စာရင်းအချက်အလက်များကို ခေါင်းစဉ်အလိုက် အသေးစိတ်ဆန်းစစ်လေ့လာထားသည့် အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်အတွင်း ထုတ်ပြန်သွားမည်ဟု သိရသည်။ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ပြီးသည့် ရှေ့ပြေးလူဦးရေစာရင်းနှင့် သန်းခေါင်စာရင်းပင်မအစီရင်ခံစာများကို www.dop.gov.mm တွင် လေ့လာဖတ်ရှုနိုင်ကြောင်း သိရသည်။ ယခုကောက်ယူရရှိသော သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်းများ စသည့်လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်

တောင်ကြီး မေ ၂၉ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စု မိုင်းသောက်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးက ကြီးမှူး၍ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း၊ အမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းကို ညောင်ရွှေမြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များက ရပ်ရွာအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များ၊ ဆေးဝါးသုံးစွဲသူလူငယ်များကို စည်းရုံးဖော်ထုတ်၍ ဆေးကုသမှုခံယူစေခြင်း၊ ပြန်လည်ထူထောင်မှုခံယူစေခြင်းနှင့် ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ထူထောင်မှုခံယူပြီးသည့် ဆေးဖြတ်လူငယ်များကို ရပ်ရွာအတွင်း လူမှုရေးနည်းဖြင့် နောက်ဆက်တွဲ ဆက်လက်စောင့်ရှောက်မှုပေးခြင်းတို့ကို ရပ်ရွာအခြေပြု ပြန်လည်ထူထောင်မှုကဏ္ဍမှ ဆောင်ရွက်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို မေ ၂၉ အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းပြုံးရီ(တောင်ကြီး)**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား(၁)နှင့်ဇယား(၂) လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား(၁)နှင့်ဇယား (၂) လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား (၁)နှင့်ဇယား(၂) လေ့လာသုံးသပ်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောသမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁) နှင့် ဇယား(၂)ကို အပြီးပြင်ဆင်ရေးအတွက် ယခုအစည်းအဝေးသည် နောက်ဆုံး အစည်းအဝေးအဖြစ် မျှော်လင့်ပါကြောင်း၊ ဇယား(၁)ပါ အချက်များနှင့် ဇယား(၂)ပါ အချက်များမှကောက်နုတ်၍ အံဝင်ခွင်ကျအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဇယား(၁)၊ ဇယား(၂)နှင့် ဇယား(၅)ပါ အကြောင်းအရာများကို ဥပဒေကြမ်းတွင် ပါဝင်နိုင်ရန် ပြည်ထောင်စုအဆင့်မှ တိုင်းဒေသကြီးအဆင့်အထိ လုပ်ပိုင်ခွင့်များ ခွဲဝေပေးရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နှင့်ဇယား(၂) ပြင်ဆင်နိုင်ရေးကို အမြန်ဆောင်ရွက်ပြီး ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဇယား(၁)ပါ ပုဒ်မ(၉၆) အရ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ ဇယား(၂)ပါ ပုဒ်မ (၁၈၈)အရ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လည်းကောင်း အာဏာသက်ရောက်မည်ဖြစ်ကြောင်း၊ ဇယား(၁)တွင် ပုဒ်မပေါင်း(၁၂၃)ခု ပါဝင်၍ ဇယား(၁)နှင့်ဇယား(၂) ကောက်နုတ်ချက်များကို အချိန်ကန့်သတ်ချက်ဖြင့် ပြင်ဆင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို လုပ်ပိုင်ခွင့်ခွဲဝေပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့ အစည်းအဝေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို အတည်ပြုခဲ့သည့် (၇)နှစ်ပြည့်သောနေ့ရက်ဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်ရခြင်းဖြစ်၍ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိကြပါကြောင်း၊ အစိုးရယန္တရား မြန်ဆန်ချောမွေ့စေရေး ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးကို ဥပဒေ/စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူစဉ် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ဇယား(၁)နှင့်ဇယား (၂)လေ့လာသုံးသပ်ရေး ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဝန်ကြီးဌာနများမှ ညှိနှိုင်းရရှိထားသည့်အပိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထိုသို့ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

ဆက်စပ်နေသည့် သမိုင်းဝင်လူပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များအကြောင်းကို ဖော်ပြပြီး မြို့၏ အမှတ်အသားအဖြစ် တပ်ဆင်ထားရှိမည့် အထိမ်းအမှတ် ကမ္ပည်းပြားဖြစ်သည်။ ယခု ရန်ကုန်မြို့၏ ပဋ္ဌမမြောက် ရှေးဟောင်း အမွေအနှစ်အဆောက်အအုံဖြစ်လာသည့် ယခုရန်ကုန်စာတိုက်ကြီးသည် ဗြိတိသျှကိုလိုနီလက်ထက် ၁၉၀၈ ခုနှစ်ကစတင် တည်ဆောက်ခဲ့ပြီး အိန္ဒိယဆန်ကုန်သည်များရုံးစိုက်ရာ အဆောက်အအုံဖြစ်ခဲ့ကာ ၁၉၅၄ ခုနှစ်တွင် ယခုဗဟိုစာတိုက်ကြီးကို စတင်ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

"အခုရန်ကုန်စာတိုက်ကြီးကို ပဋ္ဌမမြောက် ရန်ကုန်မြို့ရဲ့ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံအပြာရောင်ကမ္ပည်းတပ်ဆင်တဲ့ အခမ်းအနားမှာ ကျွန်တော့်အနေနဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဝန်ကြီးဌာန မဟုတ်ပေမယ့် သမ္မတကြီးလက်ထက်မှာ ရှေးဟောင်းအမွေအနှစ် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းကို တစ်တပ်တစ်အား အားပေးခဲ့ပါတယ်။ ဒါကြောင့် အပြာရောင်ကမ္ပည်းရဲ့ တန်ဖိုးကို သက်ဆိုင်ရာ ဝန်ကြီးဌာနရော၊ ပြည်သူတွေပါ သိစေချင်တဲ့အပြင် ရန်ကုန်မြို့ပြထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) ရဲ့ လုပ်ဆောင်ချက်ကိုလည်းအသိအမှတ်ပြုတဲ့ အနေနဲ့တက်ရောက်ခဲ့တာပါ။ ကျွန်တော်တို့ဆီမှာ ပြီးခဲ့တဲ့နှစ်ပေါင်း ၂၀ လောက်ကတည်းက မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွေကို လုပ်ဆောင်ခဲ့ပေမယ့် စနစ်မကျနခဲ့မှုကြောင့် ရှေးဟောင်း အမွေအနှစ်အဆောက်အအုံအပါအဝင် ပန်းခြံတွေ၊ အားကစားကွင်းတွေပါ ပျောက်ကွယ်ခဲ့ရတယ်။ အခုလိုရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်ဟာ ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံရဲ့အမွေအနှစ်ပြယုဂ်ကိုတန်ဖိုးထားသလို၊ ကမ္ဘာလှည့် ခရီးသွားတွေအနေနဲ့လည်း တန်ဖိုးထား လေ့လာနိုင်စရာနေရာဖြစ်လာမှာပါ။ အခြားနိုင်ငံတွေမှာ အထပ်မြင့် အဆောက်အအုံတွေ ရှိပေမယ့် ကျွန်တော်တို့လိုမြို့တွင်းခြောက်မြို့နယ်မှာ အခုလိုရှေးဟောင်းအမွေအနှစ်တွေ မရှိတော့ဘူး" ဟု အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြောကြားသည်။

ရန်ကုန်မြို့ပြ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်က စတင်အကောင်အထည်ဖော်ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့၏ ပထမဦးဆုံး မြို့ပြအမွေအနှစ်အဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ် ၉ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၊ ဒုတိယ မြို့ပြအမွေအနှစ်အဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဧရာဝတီဘဏ်(ယခင်ရိုးကုန်တိုက်)၊ တတိယ မြို့ပြအမွေအနှစ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အာမေးနီးယန်းဘုရားကျောင်း၊ စတုတ္ထမြောက် မြို့ပြ အမွေအနှစ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဗဟိုမီးသတ်စခန်းတို့ကို အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ပေးခဲ့ပြီး ယခု ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် ရန်ကုန်စာတိုက်ကြီးကို ပဋ္ဌမမြောက် မြို့ပြအမွေအနှစ်အဖြစ် မှတ်တမ်းတင် အပြာရောင်ကမ္ပည်းကိုတပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ အခုလို မြို့ပြရဲ့အမွေအနှစ်အဆောက်အအုံ အပြာရောင်ကမ္ပည်းပြား တပ်ဆင်တဲ့အခါမှာ အဓိကရွေးချယ်တာကတော့ မြို့ရဲ့ အထင်ကရ အဆောက်အအုံတွေ၊ အဓိကနေရာတွေ၊ သုံးနေတဲ့ အဆောက်အအုံရဲ့ သမိုင်းမှတ်တမ်းပါဝင်ခဲ့မှုတွေ၊ ပြည်သူတွေအသိများပြီး ကမ္ဘာလှည့်ခရီးသည်တွေ အသွားအလာများတဲ့ မြို့ပြနေရာတွေ စတဲ့အချက်တွေကိုကြည့်ပြီး မြို့ပြရဲ့ အမွေအနှစ်လို့ မှတ်တမ်းပြုခဲ့တာ ဖြစ်ပါတယ်။ အခုလိုမှတ်တမ်းတင်တဲ့အခါမှာလည်း သမိုင်းအချက်အလက်ပြည့်စုံအောင် ရှာဖွေရပါတယ်။ အဲဒီလို သမိုင်းမှတ်တမ်း အချက်အလက်ပြည့်စုံပြီး ဒီနှစ်တွင်းမှာ ဆက်လက်အသိအမှတ်ပြု တပ်ဆင်ပေးသွားမယ့် နေရာလေးခုလောက်ရှိပါသေးတယ်။ ဒီနှစ်အတွင်းမှာပဲ မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြားကို ဆက်လက် တပ်ဆင်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့မှ ဒါရိုက်တာဒေါ်မိုးမိုးလွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ယနေ့ ဖွင့်လှစ်မှတ်တမ်းတင် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ပေးသည့် ပဋ္ဌမမြောက် ရန်ကုန်မြို့ပြအမွေအနှစ်အဆောက်အအုံ အသိအမှတ်ပြုအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဗဟိုစာတိုက်ကြီးမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးရွှေထွန်းမောင်နှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာဒေါ်မိုးမိုးလွင်တို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ ရန်ကုန်စာတိုက်ကြီး၏ အပြာရောင်ကမ္ပည်းမော်ကွန်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီစည်းဝေး

နေပြည်တော် မေ ၂၉

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ ပြပွဲ ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဦးမြင့်အောင်က ပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၁၄ ခုနှစ် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ ရတနာပြပွဲပေါင်း ၈၇ ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုကျင်းပမည့် ရတနာပြပွဲသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကျင်းပမည့် (၈၈)ကြိမ်မြောက်ပြပွဲလည်း ဖြစ်ပါကြောင်း၊ ထူးခြားမှုအနေဖြင့် ယခုကျင်းပမည့် (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများကို ထည့်သွင်းရောင်းချခြင်း မပြုဘဲ Myanmar Pearl Auction -July 2015 ကို သီးခြားပြပွဲအနေဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီအသီးသီးအနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရတနာပြပွဲများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ကြိုတင်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာများကို အရိုင်းအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြင့်အချောထည်များအဖြစ် ပိုမိုထုတ်လုပ်ရောင်းချရေးအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက် ရောက်လာကြသည့် လုပ်ငန်းကော်မတီများနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းကြပြီး ဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ဦးဟံစိန်၊ ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီများနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၅ ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အခွန်ဆောင်လို့ ဘဏ္ဍာတိုး
တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ဂန္ထဝင်ရုပ်ရှင်ကား ၅၀ ကျော်ပြသမည့် အမှတ်တရ နိုင်ငံတကာရုပ်ရှင် အမွေအနှစ်ပွဲတော်စတင်

ရန်ကုန် မေ ၂၉

ကမ္ဘာတစ်ဝန်းမှ ဂန္ထဝင်ရုပ်ရှင်ကား ၅၀ ကျော်နှင့် မြန်မာ့ဂန္ထဝင်ဇာတ်ကား လေးကားပါဝင်သည့် တတိယအကြိမ် အမှတ်တရနိုင်ငံတကာရုပ်ရှင် အမွေအနှစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပြင်သစ်ရုပ်ရှင် မင်းသမီး ကက်သရင်းဒနပ်၊ မလေးရှားမင်းသမီး မီရှယ်ယိုး၊ ဟောင်ကောင်မင်းသမီး ချန်ပင်းပင်း၊ စင်ကာပူမင်းသမီး မာရီလီး၊ မြန်မာနိုင်ငံမှ ဂန္ထဝင်ရုပ်ရှင် မင်းသမီးကြီးများဖြစ်ကြသည့် ဒေါ်ဆွေဇင်ထိုက်၊ ဒေါ်ခင်သီတာထွန်း၊ဒါရိုက်တာဒေါ်သင်းသင်းယုနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ် ပရိသတ်များ တက်ရောက်ကြသည်။ **(ဓါတ်ပုံ)**

ယနေ့ကျင်းပသည့် နိုင်ငံတကာရုပ်ရှင် အမွေအနှစ်ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအပါအဝင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Technicolor Foundation for Cinema Heritage တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်သည်။

နိုင်ငံတကာရုပ်ရှင် အမွေအနှစ်ပွဲတော်တွင် ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ဇာတ်ကား ၅၀ ကျော်နှင့် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ဇာတ်ကား လေးကားတို့ကို မေ ၂၉ ရက်မှ ဇွန် ၇ ရက်အထိ ရန်ကုန်မြို့နှင့် နေပြည်တော်ရုပ်ရှင်ရုံ၌ အခမဲ့ ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အင်းလေးကန်ဒေသအား လူသားနှင့် ဇီဝအဝန်းကြီးဝိုင်းအဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်

နေပြည်တော် မေ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာအက်ဖ်ဂဲနီစတဲဖနော့ဖ်စတိုင်းချက်က မေ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန၏ ရေရှည်တည်တံ့သောသစ်တောသယံဇာတများရရှိစေရေးအတွက် မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်း၍ စီမံအုပ်ချုပ်နေမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်နေမှု၊ အင်းလေးကန်ဒေသအား လူသားနှင့်ဇီဝအဝန်းကြီးဝိုင်းအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်နေမှု၊ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အခြေခံ၍ ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများရေးဆွဲနေမှုနှင့် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် အမျိုးသားမြေအရင်းအမြစ်ဥပဒေပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုစသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ဘူလ်ဂေးရီးယားနိုင်ငံနှင့်မြန်မာနိုင်ငံအကြား သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာဖလှယ်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ မြေပုံစနစ်နှင့်ပတ်သက်သည့် နည်းပညာပိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေးစသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

“ရန်ကုန်တစ်ဖက်ကမ်း ဒလကလည်း နယူးရန်ကုန်ဖြစ်သွားမှာပါ”

ရန်ကုန်-ဒလ ခေတ်မီကွန်ကရစ်ကြိုးဆိုင်းတံတားစီမံကိန်းအပေါ် ဒေသခံတို့၏သဘောထားအမြင်များ

ရန်ကုန် မေ ၂၉

မေ ၂၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်ပေးမည့် ခေတ်မီကွန်ကရစ်ကြိုးဆိုင်းတံတား တည်ဆောက်ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်း ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က လွှတ်တော်၏ခွင့်ပြုချက်ရရှိရန် ရှင်းလင်းတင်ပြခဲ့သည်။

မေ ၂၈ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့တွင် အဆိုပါ ချေးငွေနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုပါသတင်းက ရန်ကုန်မြို့ခံပြည်သူများ အထူးသဖြင့်ဒလမြို့ခံ ပြည်သူများအကြားတွင် လှုပ်ခတ်သွားခဲ့သည်။ သို့မို့ကြောင့် ရန်ကုန်-ဒလ ခေတ်မီကွန်ကရစ်ကြိုးဆိုင်းတံတား စီမံကိန်းအပေါ် ဒေသခံပြည်သူတို့၏ သဘောထားအမြင်များကိုကောက်နှုတ်စုစည်း ဖော်ပြလိုက်ရပါသည်။

ဦးညီညီ
ဒလမြို့၊ ဗညားဒလရပ်ကွက်

ဒလ-ရန်ကုန် မြစ်ကူးတံတားကြီး ထိုးလိုက်မယ်ဆိုရင် ကော့မှူး-ကွမ်းခြံကုန်း-ဒလက ဒေသခံတွေ သွားရေးလာရေးအဆင်ပြေသွားမယ်။ နေ့ရောညပါသွားပြီး အလုပ်လုပ်လို့ရပါတယ်။ တံတားထိုးမယ်ဆိုတော့ စီးပွားရေးသမားတွေက မြေဈေးကစားမှာပဲ၊ ဒါပေမဲ့ ရလဒ်ကတော့ ရန်ကုန်တစ်ဖက်ကမ်း ဒလကလည်း နယူးရန်ကုန်ဖြစ်သွားမှာပါ။

ဦးခင်အေး (ဆိုင်ကယ်ကယ်ရီ)
ဒလမြို့၊ ဘုရင့်နောင်ရပ်ကွက်

တံတားထိုးလိုက်ရင် အားလုံး သွားရေးလာရေးလွယ်ကူပြီး လုပ်ကိုင်စားသောက်ရတာ အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ ခရီးသည်တွေလည်း အားလုံးအဆင်ပြေသွားမယ်။ ရေလမ်းနဲ့ သွားလာလှုပ်ရှားရတာ ခက်ခဲတယ်။ မနက်ဆိုရင် ပိုပြီး သွားရေးလာရေး ခက်ခဲတယ်။ ကားလမ်းပေါက်သွားမယ်ဆိုရင် သွားရေးလာရေး ပိုအဆင်ပြေသွားမယ်။ တံတားထိုးလိုက်တဲ့အတွက် ပြည်သူလူထုအတွက် ကောင်းမွန်လာမှာ သေချာပါတယ်။

ဦးဝင်းကို (ဝန်ထမ်း)
ဒလမြို့၊ မြို့မ (၃)ရပ်ကွက်

အရင်ကတော့ သွားရေးလာရေး ခက်ခဲတယ်။ သင်္ဘောလိုင်းက ၉ နာရီအထိပဲ ပြေးဆွဲပေးတယ်။ မိုးရာသီ လှိုင်းလေကြမ်းတဲ့အခါမှာ အရေးပေါ်လူနာတွေဆို ရန်ကုန်ဘက်သွားဖို့ အလွန်ဒုက္ခရောက်တယ်။ တံတားကြီးထိုးလိုက်မယ်ဆိုရင် ကျန်းမာရေးအတွက်လည်း ကောင်းသလို လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေလည်း နဂိုကထက် ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်တယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကလည်း ဒီဘက်ကိုလာမယ်လို့ အသံတွေထွက်နေတယ်။ နိုင်ငံခြားသားတွေကလည်း တဖွဲဖွဲလေ့လာဖို့ ရောက်လာကြတယ်။ နိုင်ငံခြားသားတွေလာကြလို့ ဆိုက်ကားသမားတစ်ယောက်ကို အနည်းဆုံး လေးထောင်၊ ငါးထောင် လောက်ရတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာမယ်ဆိုရင် ဒေသခံတွေရဲ့ စီးပွားရေးတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်တယ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာတဲ့အခါမှာ မြို့ရွာတိုးတက်လာသလို၊ မြေဈေးကလည်း အထိုက်အလျောက်မြင့်လာတယ်။ တချို့ ဝိသမလောဘသားတွေက မတော်မတရား မြေဈေးကိုတောင်းတဲ့အပေါ်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေက ညှိပေးဖို့တော့ လိုအပ်တယ်လို့ယူဆတယ်။

ဦးဝင်းကို (ဝန်ထမ်း)

ဦးသန်းလွင်

ဒေါ်ခင်ခင်ဝင်း

ဒေါ်ခင်ခင်ဝင်း
(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
ဒလမြို့နယ်

တံတားကြီးထိုးမယ် ဆိုတော့ အများကြီးဝမ်းသာတယ်။ ကျန်းမာရေးအတွက်လည်း ပိုပြီးကောင်းသွားမယ်။ရန်ကုန်ဘက်ခြမ်းကဆေးရုံတွေ သွားမယ်ဆိုရင်သင်္ဘောတွေကို စောင့်ပြီး စီးရတယ်။ လူနာတွေအတွက် အခက်ပါ။ ဒီဘက်မှာက တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံလေးတွေပဲရှိတာဆိုတော့ အရေးကြီးလူနာတွေအတွက် အဆင်ပြေသွားပါတယ်။

ဦးသန်းလွင်
ဒလမြို့နယ်၊ မြို့မ (၄)ရပ်ကွက်၊

တံတားကြီးထိုးဖို့အတွက် မျှော်လင့်နေတာကြာပြီ၊ အခုလို တံတားထိုးပေးမယ်ဆိုတဲ့ အသံကြားတော့ အလွန်ဝမ်းသာတယ်။ ကျွန်တော်တို့ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်များလာမယ်။ လူနေမှုအဆင့်အတန်းတွေလည်း မြင့်လာမယ်။ ဒလက ရန်ကုန်နဲ့ နီးတယ်ဆိုပေမယ့် မြစ်ကြီးခြားနေတဲ့အတွက် ဖွံ့ဖြိုးမှုက နောက်ကျနေတယ်။ အခိက သင်္ဘောတွေနဲ့ စက်တပ်သမ္ဗန်၊ လှေတွေကိုပဲ အားထားပြီး ရန်ကုန်ဘက်ကို သွားနေရတယ်။ တံတားကြီးထိုးလိုက်မယ်ဆိုရင် ဒလမြို့အတွက်သာမကဘဲ ရောဝတီတိုင်းကလာတဲ့ ဒေသခံတွေ အတွက်လည်း အဆင်ပြေသွားပါတယ်။

တွေ့ဆုံမေးမြန်း - မင်းသစ်
ဓာတ်ပုံ-နေလင်း (သတင်းစဉ်)

ခရီးသည်တင် မှန်လုံယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်၍မီးလောင်

ဂန့်ဂေါ မေ ၂၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မဲကျေးရွာအနီး ပုလဲ-ဂန့်ဂေါ မော်တော်ကားလမ်းပေါ်တွင် မေ ၂၈ ရက်မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ခရီးသည်တင် မှန်လုံယာဉ်တစ်စီး ကားအင်ဂျင်စက်ခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်နေ ဦးအောင်ဇော်ထွန်း (၂၅ နှစ်) မောင်းနှင်သော မန္တလေး-ဂန့်ဂေါပြေးဆွဲနေသည့် ခရီးသည်တင် မှန်လုံယာဉ်သည် ခရီးသည် ၁၄ ဦး တင်ဆောင်လျက် မန္တလေးမှ ဂန့်ဂေါသို့မောင်းနှင်လာစဉ် ပုလဲ-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် ၉၈/၅ နှင့် ၉၈/၆ ကြား၊ ဂန့်ဂေါမြို့နယ် မဲကျေးရွာအနီးအရောက်တွင် ကားအင်ဂျင်စက်ခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးနှင့် အထောက်အကူပြုယာဉ်တစ်စီး ရောက်ရှိလာပြီး မီးငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းအချို့မီးလောင်ကျွမ်းပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

မြေနီကုန်း(မြောက်) ရပ်ကွက်အတွင်း တိုက်ခန်းမီးလောင်

ရန်ကုန် မေ ၂၉

ယနေ့ နံနက် ၈ နာရီ ၂၅ မိနစ်ခန့်က စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်) ရပ်ကွက် မြဝတီလမ်း တိုက်အမှတ်(၂၇၄/ B) ခြောက်ခန်းတွဲ (ဟောင်ကောင်) တိုက်၊ အခန်းအမှတ်၁၀၁(မြေညီထပ်)၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးက "ကျွန်တော်တို့ မီးငြိမ်းသတ်ရေယာဉ်တွေ ရောက်လာတော့ အခန်းထဲမှာ မီးတောက်တွေရော၊ မီးခိုးတွေပါ များနေပြီ။ တပ်ဖွဲ့ဝင်တွေရဲ့ ကြိုးပမ်းမှုကြောင့် မိနစ်အနည်းငယ်အတွင်းမှာပဲ မီးငြိမ်းသွားခဲ့ပါတယ်။ လောင်ရတဲ့အကြောင်းအရင်းကတော့ မျက်နှာကြက်မှာ သွယ်ထားတဲ့ ဝိုင်ယာကြိုးအပူလွန်ကဲပြီး ဗီရိုပေါ်မီးပွားကျရာက မီးလောင်မှုဖြစ်ပွားတာပါ" ဟုဆိုသည်။

လောင်အားကောင်းနေသော မီးကိုနံနက် ၈နာရီ မိနစ် ၂၀အတွင်း မီးထိန်းပေးနိုင်ခဲ့ပြီး နံနက် ၈ နာရီ ၄၂ မိနစ်တွင် လုံးဝငြိမ်းသတ်ပေးနိုင်ခဲ့သည်။

အခင်းဖြစ်ပွားရာ၌ အုပ်ချုပ်မှုယာဉ် လေးစီးနှင့်အတူ အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ၊ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်းငြိမ်းသတ်ပေးခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ခန်းအတွင်း ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းကြောင့် ဒေါ်မိုးမြင့်မြင့်ဖြိုးအား စမ်းချောင်းမြို့မရဲတပ် ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပျဉ်းမနားမြို့တွင် လိုင်စင်မဲ့ မတ်တူးယာဉ်တစ်စီးဖမ်းဆီးရမိ

ပျဉ်းမနား မေ ၂၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် လိုင်စင်မဲ့မတ်တူး ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာမေ ၂၉ ရက် နံနက် ၁၁ နာရီက ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူး တင်ဌေး၊ နယ်ထိန်းခေါင်းဆောင်ရဲအုပ်မင်းကိုထွေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် ဇော်ထွန်းဦးနှင့် အဖွဲ့သည် ရန်အောင်(၂)ရပ်ကွက် ရုံးလမ်း မင်္ဂလာရှမ်းကန်အနီး ဧရာဝတီဘဏ်ရှေ့တွင် သတင်းအရ ရှမ်းလေး(ခ) ဇော်မင်းထွန်း (၃၂နှစ်) Work Shop လုပ်ငန်း ကံဦးရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသော 9E/---- နံပါတ်တပ်ဆင်ထားသော မတ်တူးအမျိုးအစား အဖြူရောင်ယာဉ်အား စစ်ဆေးခဲ့ရာ ရှမ်းလေး(ခ) ဇော်မင်းထွန်းမှာ ယာဉ်နှင့်ပတ်သက်သည့် လိုင်စင်အထောက်အထား တစ်စုံတစ်ရာ ပြသပြောဆိုနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ယာဉ်မှတ်ပုံတင်ထားခြင်းမရှိသည့်ယာဉ်အား အရေးယူပေးပါရန် နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းကိုထွေးက တိုင်တန်းသောကြောင့် ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကိုရှုပ (နေပြည်တော်)

မိုးကြိုးပစ်၍ စာသင်ကျောင်းပျက်စီး

ကသာ မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကုန်းသာကျေးရွာအုပ်စုရှိ ငါးလူးတုံးကျေးရွာတွင် မေ ၂၆ ရက် ည ၈ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးကြိုးပစ်မှုကြောင့် အလက(ခွဲ)ကျောင်းအား ထိမှန်ခဲ့ရာ အဆိုပါကျောင်း၏ ကျောင်းမကြီးဝရန်တာ လူလျှောက်လမ်းသုံးတိုင်ပြတ်ကျခြင်း၊ ကျောင်းမကြီး အခန်းတိုင်သုံးတိုင်တွဲသည့် အခန်းနံရံများပြိုကျခြင်း၊ ပြတင်းပေါက်နှစ်ပေါက်ပျက်စီးခြင်းနှင့် ပြတင်းတံခါးမှ မှန်များကွဲကျခြင်းများ ဖြစ်ပေါ်ခဲ့ရာ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကြိမ်ချောင်း ချောင်းတူးဖော်မှု တစ်မိုင်နီးပါးပြီးစီး

ငါးသိုင်းချောင်း မေ ၂၉

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြက်တိုကျေးရွာအုပ်စုနှင့် မြို့သစ်ရပ်ကွက်ကြားရှိ တိမ်ကောနေသော ကြိမ်ချောင်းချောင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့စည်ပင်သာယာရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီတို့က ထည့်ဝင်သည့် ငွေကျပ် ၂၅ သိန်းနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ထောက်ပံ့ကူညီသည့် မြေတူးစက်ကြီးတစ်စီးဖြင့် မေလဒုတိယပတ်အတွင်းမှ စတင်တူးဖော်ခဲ့ရာ မေလကုန်တွင် အရှည်တစ်မိုင်နီးပါး တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြိမ်ချောင်းချောင်း တိမ်ကောနေမှုကြောင့် နှစ်စဉ် မိုးရာသီတွင် ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုတစ်ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် ချောင်းကို ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။

စုစုပေါင်းအရှည်(သုံးမိုင်နီးပါး)ပေ ၁၄၀၀၀ အထိ တူးဖော်သွားမည်ဖြစ်ကြောင်းနှင့် တူးဖော်ပြီးစီးပါက နှစ်စဉ်ဖြစ်ပွားလေ့ရှိသော ရေကြီးရေလျှံမှု လျော့ပါးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကလေးမြို့ပေါ်နှင့် ကျေးရွာအိမ်များအမိုးလန်

ကလေး မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မေ ၂၇ ရက်က မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် ကလေးမြို့ပေါ်နှင့် နန်းဇလူကျေးရွာရှိ လူနေအိမ်များ အမိုးပျက်စီးမှုနှင့် ကလေးမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး သစ်ကိုင်းကျိုးကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခတ်ခဲ့သော မိုးသက်လေပြင်းသည် ကလေးမြို့ပေါ်ရှိ ချမ်းမြေ့အောင်စည် (၁၃)ရပ်ကွက်မှ လူနေအိမ်သုံးလုံး၊ မိဘမဲ့အမျိုးသမီးများ ကျောင်းအမိုးချပ်ရေ ၂၀ ကျော်နှင့် နန်းဇလူကျေးရွာမှ လူနေအိမ်ခုနစ်လုံးခန့် ပျက်စီးခဲ့ကာ လူများထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **သျှင်နေမင်း**

ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ ပြသမည့် ဂုဏ်ဝင်ရုပ်ရှင်ဇာတ်ကားများ

DATE	FILMS, CONFERENCES and MASTERCLASSES	DURATION	LANGUAGE & SUBTITLES for FILMS	HALL
May 30				
9:00 AM	My Neighbor Totoro [illegible] Kids Screening	86 min	Japanese with English subtitles	HALL 1
11:00 AM	Forever Yours [illegible]	117 min	Thai with English subtitles	HALL 1
01:30 PM	Lola Montès [illegible]	114 min		HALL 1
04:00 PM	A Girl of the Bush [illegible]	95 min	English	HALL 1
07:00 PM	Come Drink With Me [illegible] in presence of Cheng Pei-Pei	91 min	English	HALL 1
May 31				
9:00 AM	Cléo from 5 to 7 [illegible]	90 min	French with English subtitles	HALL 1
11:00 AM	Zazie in the Metro [illegible] Kids Screening	89 min	French with English subtitles	HALL 1
01:00 PM	Mr San Shane [illegible]	133 min	Myanmar language	HALL 1
03:30 PM	Taste of Honey [illegible]	100 min	English	HALL 1
05:30 PM	A Woman is A Woman [illegible]	84 min	French with English subtitles	HALL 1
07:00 PM	Crouching Tiger, Hidden Dragon [illegible]	120 min	Chinese with English subtitles	HALL 1
June 1				
9:00 AM	The Life of Oharu [illegible]	148 min	Japanese with English subtitles	HALL 1
9:00 AM	Buba [illegible]	39 min	[illegible]	HALL 2
11:00 AM	Girls in Uniform [illegible]	98 min	German with English subtitles	HALL 1
01:00 PM	Line of Credit [illegible]	85 min	[illegible] with English subtitles	HALL 1
03:00 PM	The Clouds of Sils Maria [illegible]	123 min	French with English subtitles	HALL 1

My Neighbor Totoro — May 30 - 9AM

Forever Yours — May 30 - 11AM

Lola Montès — May 30 - 1:30PM

A Girl of the Bush — May 30 - 4PM

Come Drink With Me — May 30 - 7PM

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မိုးကောင်း မေ ၂၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးငယ်များ၊ ဆင်းရဲနွမ်းပါးသူများနှင့် မသန်စွမ်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းအောင်

ပျောက်ဆုံးကြောင်း

ကျွန်မ မကြည်ကြည်ဟန် ၁၂/မရက(နိုင်) ၁၁၁၀၆၉ ပိုင် ID NO-709620 (11-5-2015) ၏ Custom Statement နှင့် ကားဓာတ်ပုံမှတ်တမ်းများ ပါဝင်သော စာအိတ်ပိတ်အညိုရောင် မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၉၆၆၆၉

နေပြည်တော် မေ ၂၉

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြုလူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ရှောင်လမ်း ဟိုခိုက်ကျေးရွာအနီးတွင် တာချီလိတ်ဘက်မှ ဝမ်လုံကျေးရွာဘက်သို့ စိုင်းလုံဝမ်းမောင်းနှင်ပြီး ဟော်ရှိန်လိုက်ပါလာသည့် ယာဉ်အမှတ် 4F/----TOYOTA CAMRY အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းထိုင်ခုံကျောမှီအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၆၈၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းလုံဝမ်း(၆၀ နှစ်)နှင့် ဟော်ရှိန် (၅၃ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ကလော

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကလောမြို့မှ သာစည်မြို့ဘက်အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကလောမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဆွေဦး၊ သတင်းရဲတပ်ဖွဲ့ (ကလော) မှ ရဲအုပ်အောင်ကျော်ဦး၊ တောင်ကြီးမြို့ မူးယစ်အထူးတပ်ဖွဲ့စု (၂၅) ကလောလှုပ်ရှားတပ်ဆွယ်မှ ရဲအုပ်ထွန်းမြတ်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်မြင့်၊ တောအုပ်ကြီး ဦးကျော်ကျော်ဦးတို့ ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လူနှင့် ယာဉ်အဝင်/အထွက်များကို ပူးပေါင်းရှာဖွေခဲ့သည်။ မေ ၂၇ ရက် ည ၉ နာရီခန့်က တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ဦးတည်၍ ယာဉ်မောင်း တကီး(ခ) ခွန်ကြီး(၄၃နှစ်) မောင်းနှင်ပြီး ယာဉ်နောက်တွင် ကိုချိုင်း(ခ)ကိုရှိုင်း(၃၁နှစ်) နှင့် ကိုရှိုင်း၏ဇနီး မဂျူးဂျူး(ခ) သက်သက် (၂၈နှစ်) တို့ လိုက်ပါလာသော ယာဉ်အမှတ် 4D/---- အဖြူရောင် Mark 2 BLIT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ တကီးက WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားကို ကားအတွင်းလွှင့်ပစ်လိုက်စဉ် တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တကီး၊ ကိုရှိုင်း၊ ဂျူးဂျူးနှင့် မော်တော်ယာဉ်တို့ကို ရှာဖွေရာ ကားရှေ့ဒက်ရှ်ဘုတ်အတွင်း အစိမ်းနုရောင်အဝတ်ဖြင့်ပတ်ထားသော ပွိုင့်-၃၈ ခြောက်လုံးပြူးကျည်ဆန်ခြောက်တောင့်နှင့် အသင့်ထည့်ထားသည့် သစ်သား လက်ကိုင်ပါအနက်ရောင် ခြောက်လုံးပြူးသေနတ် (နံပါတ်မပါ) တစ်လက်ကိုလည်းကောင်း၊ လွယ်အိတ်အတွင်းမှ ပွိုင့်-၃၈ ခြောက် လုံးပြူးကျည် ၁၂ တောင့်နှင့် အစိမ်းရောင် ပြောက်ကျား ခြောက်လုံးပြူးသေနတ်ထည့်အိတ်တစ်ခုကိုလည်းကောင်း၊ မော်တော်ယာဉ်၏ ရှေ့အင်ဂျင်ခန်းအတွင်းရှိ အဲယားကလင်ဒါအတွင်း၌ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၇၅၀ ကိုလည်းကောင်း ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းဆေးပြား ၇၇၆၅ ပြား၊ အလေးချိန် ၇ ဒသမ ၇၆၅ ကီလိုဂရမ်ခန့်ကို သက်သေများရှေ့၌ ရှာဖွေသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကလောမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဦးသန်းမောင် (Chief Engineer -Lizstar Shipping Co.,Ltd.)- ဒေါက်တာဝင်းဝင်းနွယ်တို့၏သား

ဒေါက်တာ စအောင်ဟိန်း M.B.,B.S (YGN)

Medical Doctor (Team Leader) (AP-Malaria Project University Research Co.LLC(URC)

နှင့်

နေပြည်တော်နေ

ဒေါက်တာဦးပြုံးချို (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နေမျိုးမြတ်တို့၏သမီး

ဒေါက်တာ ဆုမြတ်ချို M.B.,B.S (YGN)

လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

တို့၏၂၄-၅-၂၀၁၅ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးကျော်ဝင်းနှင့် မိသားစုအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့်ဇနီး ဒေါ်ခင်မေလတ်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၏ဇနီး ဒေါ်ခင်ရဲမွန်အားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားလွှတ်တော်ချုပ်ရုံး တရားသူကြီး ဦးမြင့်ဟန်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မိသားစုများအားလည်းကောင်း၊ ကုမ္ပဏီပိုင်ရှင်၊ လုပ်ငန်းရှင်သူငယ်ချင်းများနှင့် မိသားစုများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးနှင့် မင်္ဂလာတေးသံသာဖြင့် သီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် ဟေမာနေဝင်းအားလည်းကောင်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မနှင်းမြတ်ချို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာတင်ခန့်ကျင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာစန္ဒီဘုန်းနိုင်၊ မင်္ဂလာသတို့သားအရံများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာစိုင်းနေမင်းရှိန်နှင့် မောင်ပိုင်စိုးညီ၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာဆက်ဆက်မော်နှင့် ဒေါက်တာဝေမွန်ဝင့်ဇော်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်နှင့် Pre-Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော 7 Pictures Wedding Dress & Photo Studio မှ ဝန်ထမ်းများ၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော မေခလာ Entertainment အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ဆင်ပေးပါသော မေဦး (Make Up Artist) နှင့်အဖွဲ့၊ သတို့သမီးမင်္ဂလာဝတ်စုံနှင့်အရံ၊ ပန်းကြဲ၊ ဗန်းကိုင်ဝတ်စုံများ ဖန်တီးချုပ်လုပ်ပေးပါသော Designer ပြည့်စိုးအောင်တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းဝင်လက်မှတ်ထိုး၊ မင်္ဂလာဦးဆွမ်းကျွေးနှင့် Dinner ဝတ်စုံများကို ဖန်တီးချုပ်လုပ်ပေးပါသော VIVID မှ Designer မအိကျော်ဇင်နှင့်အဖွဲ့အားလည်းကောင်း၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော စကြာရွှေရည်မိသားစုအားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို ရိုက်နှိပ်ပေးပါသော Dragon ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel နှင့် Novotel Hotel တို့မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ Sedona Hotel တွင် ပန်းအလှဖန်တီးပေးပါသော လင်းလင်း (Floral Service) အားလည်းကောင်း၊ ၉-၅-၂၀၁၅ရက် (စနေနေ့)တွင် နေပြည်တော်ရွှေနန်းတော်ဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် အခမ်းအနားမှူး ဦးသူရိန်လွင်နှင့် ချီးမြှင့်ပေးကြသော နှစ်ဖက်ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၂၂-၅-၂၀၁၅ ရက်တွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋကကျောင်းတိုက်၌ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင်လည်းကောင်း၊၂၄-၅-၂၀၁၅ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပပြုလုပ်သော ဧည့်ခံပွဲအခမ်းအနားသို့လည်းကောင်း၊ ၂၅-၅-၂၀၁၅ ရက်တွင် Novotel Yangon Max Hotel ၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲတွင်လည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲသို့ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဒေါက်တာစအောင်ဟိန်း-ဒေါက်တာဆုမြတ်ချို

ရှေးဟောင်းယဉ်ကျေးမှုလေ့လာရေး ပေါင်းစည်းခရီးစဉ်စီမံကိန်း လာမည့်နှစ်တွင် စတင်မည်

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အထက်ပိုင်းရှိ ထင်ရှားသော ရှေးဟောင်းအမွေအနှစ်နေရာများသို့ တစ်ချိန်တည်း လာရောက် လည်ပတ်နိုင်ရေးအတွက် အီတလီနိုင်ငံမှ ခရီးသွားပညာရှင်များက ခရီးလမ်းကြောင်းတစ်ခု ရေးဆွဲလျက်ရှိပြီး ၂၀၁၆ခုနှစ် နှစ်ဦးပိုင်းတွင်စတင်လည်ပတ်နိုင်ရန် စီစဉ်ထားကြောင်း အဆိုပါ အီတလီပညာရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြန်မာနိုင်ငံ အထက်ပိုင်းရှိ သမိုင်းဝင်အထင်ကရနေရာများကို ပေါင်းစည်းခရီးစဉ် ဒေသစီမံကိန်းဟု အမည်ပေးထားပြီး လွန်ခဲ့သည့် နှစ်လခန့်က အီတလီနိုင်ငံ ဖလော့ရင့် တက္ကသိုလ်မှ ပညာရှင်ပါမောက္ခများ စုပေါင်းပါဝင်သည့်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်လေ့လာခြင်းမှ အဆိုပါ ခရီးစဉ်လမ်းကြောင်းသစ်ကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

"အာရှရဲ့ ခရီးသွားလာဖို့ကောင်းတဲ့ နိုင်ငံတွေမှာ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ အထူးသဖြင့်တော့ ဒေသန္တရဗဟုသုတနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပကတိအတိုင်း မြင်တွေ့ရတယ်။ လာရောက်ဖို့အတွက် ခရီးလမ်းကြောင်းကိုရေးဆွဲတာ ပြီးစီးတော့မှာဖြစ်သလို မြန်မာနိုင်ငံရဲ့ လာမယ့်နှစ်ခရီးသွားရာသီအရောက်မှာ စုပေါင်းပြီး ပြန်လာဖို့အတွက် ခရီးသွားလာရေးဝန်ကြီးဌာနကိုလည်း မကြာမီအကြောင်းကြားပြီး တရားဝင်ထုတ်ပြန်သွားမယ်"ဟု ပေါင်းစည်းခရီးစဉ် စီမံကိန်းကို ရေးဆွဲလျက်ရှိသူ ပါမောက္ခ ဂါဘရီလာမာခ့်ရောခ့်က ပြောကြားသည်။

အဆင့်မြင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများကိုအခြေခံကာ ခရီးသွားအရင်းအမြစ်များကို မြှင့်တင်ခြင်း၊ ဒေသခံများ၏ လူနေမှုစရိုက်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများအပြင် ခရီးသွားဧရိယာအတွင်းရှိ ဒေသခံများ၏ ဘဝရပ်တည်မှုများကိုလည်း သင်ကြားမြှင့်တင်ယူရန်အတွက်လည်း အစီအစဉ်က ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပါမောက္ခ မန်ဖားရက်ဒ်က ဆိုသည်။

ခရီးစဉ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ထင်ရှားသော စေတီပုထိုးများ၊ နန်းတော်အပါအဝင် အဆောက်အအုံများနှင့် ရှေးဟောင်းမြို့ပြများ၊ ယဉ်ကျေးမှုများ၊ သမိုင်းဝင်အဆောက်အအုံများ ပါဝင်ကြောင်း သိရသည်။ အဆိုပါ အစီအစဉ်အတွက် ကျပ်သိန်းပေါင်း ၁၀၀၀၀ခန့် ကုန်ကျမည်ဟု အဖွဲ့ကခန့်မှန်းထားပြီး ခရီးစဉ်စီမံကိန်းလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများနှင့် ဒေသခံများနှင့် တွေ့ဆုံကာ လိုအပ်ချက်များနှင့် အတွေ့အကြုံများ၊ အခြေခံကောင်းများ ပေးအပ်ရန်လည်း ပါဝင်ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

(မြန်မာ့အလင်း)

City Taxi မှတ်ပုံမတင်သော အငှားယာဉ်များကို ထိရောက်စွာအရေးယူမည်

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အငှားယာဉ်များအနေဖြင့် City Taxi အဖြစ် မှတ်ပုံတင်ထားခြင်းမရှိပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

> **"မှတ်ပုံတင်ခြင်းမရှိတဲ့ အငှားယာဉ်တွေကို နှစ်ကြိမ်တိုင်တိုင် သတိပေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် လိုက်နာမှုအားနည်းခဲ့တဲ့အတွက် မော်တော်ယာဉ်ဥပဒေနဲ့အညီ စစ်ဆေးအရေးယူမှုတွေကို ဇွန်လအတွင်းမှာ ပြုလုပ်သွားတော့မှာဖြစ်ပါတယ်"**

"ရန်ကုန်မြို့တော်မှာ City Taxi အဖြစ် မှတ်ပုံမတင်ဘဲပြေးဆွဲနေတဲ့ အငှားယာဉ်တွေ တဖြည်းဖြည်း များပြားလာတာ တွေ့ရပါတယ်။ ဒီအတွက် မှတ်ပုံတင်ထားခြင်းမရှိတဲ့ အငှားယာဉ်တွေကို မထသ(ဗဟို)နဲ့ ယာဉ်ထိန်းတပ်ဖွဲ့ ပူးပေါင်းပြီး ဖမ်းဆီးအရေးယူမှုတွေ ဇွန်လအတွင်းမှာ တိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ယခင်က မထသ(ဗဟို)အနေနဲ့ မှတ်ပုံတင်ခြင်းမရှိတဲ့ အငှားယာဉ်တွေကို နှစ်ကြိမ်တိုင်တိုင် သတိပေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် လိုက်နာမှုအားနည်းခဲ့တဲ့အတွက် မော်တော်ယာဉ်ဥပဒေနဲ့အညီ စစ်ဆေးအရေးယူမှုတွေကို ဇွန်လအတွင်းမှာ ပြုလုပ်သွားတော့မှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း ကားတင်သွင်းခွင့်ပြုမှုများကြောင့် ကားဈေးနှုန်းများ ကျဆင်းခဲ့ပြီးနောက် ရန်ကုန်မြို့တွင် အငှားယာဉ်ပြေးဆွဲမှုများ တိုးပွားလာခဲ့ကာ အချို့အငှားယာဉ်များမှာ City Taxi အဖြစ် မှတ်ပုံတင်ခြင်းမရှိဘဲ ပြေးဆွဲလာကြခြင်းဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ မှတ်တမ်းများအရ သိရသည်။

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲလျက်ရှိသည့် အငှားယာဉ်များကို စနစ်တကျဖြစ်စေရန်အတွက် ခရိုင်အလိုက် City Taxi များအဖြစ် မှတ်ပုံတင်စေပြီး ပြေးဆွဲရန် လွန်ခဲ့သည့် သုံးနှစ်ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအချိန်အထိ မှတ်ပုံတင်ပြေးဆွဲနေသော အငှားယာဉ်စီးရေ ၆၀၀၀၀ နီးပါး ရှိနေကြောင်း သိရသည်။ **သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သက္က**

City Taxi မှတ်ပုံမတင်ထားသည့် အငှားယာဉ်တစ်စီးကို ရန်ကုန်မြို့ ကမ်းနားလမ်း၌တွေ့ရစဉ်။

သင့်သွေးဖြင့် အသက်ကယ်ပါ

အကြောင်းကြားပေးပါရန်	ကျွန်တော်ဦးစန်းမောင် လိုင်စင်ရကန်ထရိုက်တာ စိစစ်ရေးကတ်ပြား လိုင်စင်အမှတ်-(LC-113)သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **တွေ့ရှိသူကို ကျေးဇူးဆပ်ပါမည်။** ဖုန်း-၀၉-၅၀၀၅၅၇၆၊ ၀၁-၈၆၁၀၀၉၅

ဖခင်အမည်မှန်	မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာ၊ အလက(ခွဲ)မှ အဋ္ဌမတန်းအောင် မောင်ချမ်းသာ၏ ဖခင်အမည်မှန်မှာ ဦးစောလှဦး ၉/မခန(နိုင်)၀၈၂၄၇၈ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာ၊ အလက(ခွဲ)မှ အဋ္ဌမတန်းအောင် မောင်ဝေဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းလတ် ၉/မခန(နိုင်)၁၅၈၆၆၀ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊လေးအိမ်တန်းကျေးရွာ အလက(ခွဲ)မှ အဋ္ဌမတန်းအောင် မောင်ခန့်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးရဲထွဋ်မောင် ၉/မခန(နိုင်)၁၆၉၂၇၈ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အလက(ခွဲ)မှ အဋ္ဌမတန်းအောင် မောင်ဝေဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/မခန(နိုင်)၀၅၅၃၉၄ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်း အထက နဝမတန်း (D) အောင်မှ မဆိုင်းခမ်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်သိန်း ၁၃/မမတ(နိုင်)၀၄၂၉၂၀ ဖြစ်ပါကြောင်း။

ဦးအိုက်သိန်း

အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်းရပ်ကွက်(၁)နေ ဦးအိုက်သိန်း ၁၃/မမတ(နိုင်)၀၄၂၉၂၀၏သမီး လုံးခင်း အထက နဝမတန်း(A)အောင်မှ မဆိုင်းပန်၏အမည်မှန်မှာ မလုလုဆိုင်းပန်ဖြစ်ပါကြောင်း။

မလုလုဆိုင်းပန်

ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၁)ခွဲ စတုတ္ထတန်း(C)အောင်မှ မယွန်းလဲ့ဦး၏ ဖခင်အမည်မှန်မှာ စောဂျင်မီအောင် ဖြစ်ပါကြောင်း။

စောဂျင်မီအောင် ၇/တငန(နိုင်)၁၂၄၃၇၀

ဆိတ်များ၏အစာချေဖျက်မှုနှင့် နိုက်ထရိုဂျင်အသုံးပြုမှုအပေါ် အကျိုးသက်ရောက်မှု

မောင်ဇီဝ
(မွေးမြူရေးဆေးတက္ကသိုလ်)

ကောက်ရိုးသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခြောက်သွေ့ရာသီ၌ စားမြုံ့ပြန် သတ္တဝါများ အတွက် အဓိကအစာကြမ်းတစ်ခု ဖြစ်ပါသည်။ ကောက်ရိုးသည် ချေဖျက်ရန်ခက်ခဲသော အစာကြမ်းတစ်မျိုး ဖြစ်ပါသည်။ ထိုကဲ့သို့ ချေဖျက်ရန်ခက်ခဲသော ကောက်ရိုးကို ကျွေးရာတွင် တိရစ္ဆာန်၏ အာဟာရလိုအပ်ချက်ကို ပြည့်မီစေရန် အစာနု၊ ပုလဲဓာတ်မြေဩဇာ သို့မဟုတ် အစာစိမ်းများကို ဖြည့်စွက်ကျွေးပေးရပါသည်။ ကောက်ရိုးနှင့်အတူ အစာနုကို ဖြည့်စွက်ကျွေးပေးခြင်းအားဖြင့် ပထမအစာအိမ်ထဲတွင် အမိုးနီးယား နိုက်ထရိုဂျင် အလုံအလောက်ရရှိခြင်း၊ အစာချေဖျက်ခြင်း၊ အကောင်းဆုံးဖြစ်စေရန် ပြုလုပ်ပေးသော ပထမအစာအိမ်ထဲရှိ ဘက်တီးရီးယားများ၏ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေခြင်းဖြင့် ကောက်ရိုးစားသုံးမှု ပိုမိုကောင်းမွန်လာစေပြီး အစာချေဖျက်နိုင်စွမ်းကိုလည်း ကောင်းမွန်လာစေပါသည်။

မြန်မာနိုင်ငံတွင် ခိုင်းနွားနှင့် နို့စားနွားများ အတွက် နှမ်းဖတ်သည် အများဆုံးအသုံးပြုသော အစာနုတစ်မျိုး ဖြစ်ပါသည်။ သို့သော် နှမ်းဖတ်သည် ပထမအစာအိမ်ထဲတွင် ပြိုကွဲမှုအလွန်မြန်ပါသည်။ ပထမအစာအိမ်ထဲတွင် နှမ်းဖတ်၏ ပြိုကွဲနှုန်းမှာ ၈၈ ဒသမ ၇ ရာခိုင်နှုန်းထိရှိနိုင်ပါသည်။ ထိုကဲ့သို့ အလျင်အမြန်ပြိုကွဲရာမှ ပြောင်းလဲသွားသော အမိုးနီးယား နိုက်ထရိုဂျင်ကို ခန္ဓာကိုယ် ပရိုတိန်း တည်ဆောက်နိုင်ရန်အတွက် စွမ်းအင် (energy) အလုံအလောက် မရရှိပါက ကျင်ငယ်ရည်ထဲတွင် ပါသွားခြင်းဖြင့် ဆုံးရှုံးမှုဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ ပြိုကွဲမှုမြန်သော နှမ်းဖတ် (အစာနု) များကို ပြိုကွဲမှုနှေးစေရန်အတွက် အစာနုများကို အပူပေး၍ ကျွေးခြင်း၊ ဓာတုပစ္စည်းများဖြင့် ပြုပြင်ကျွေးခြင်း၊ tannin ပါဝင်သောအစာများ ဖြည့်စွက်ကျွေးခြင်းများပြုလုပ်ကြပါသည်။ ၎င်းနည်းလမ်းများထဲမှ tannin ပါဝင်သောအစာများကို ဖြည့်စွက်ကျွေးခြင်းသည် အလွယ်ကူဆုံးနှင့် ဈေးအသက်သာဆုံး နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ပထမအစာအိမ်ထဲတွင် ဘက်တီးရီးယားများ၏ အစာချေဖျက်မှု ကောင်းမွန်စေပြီး ထုတ်လုပ်မှုကောင်းမွန်စေရန်အတွက် ကောက်ရိုးကဲ့သို့ နိုက်ထရိုဂျင် ပါဝင်မှုနည်းသော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများနှင့်အတူ အစာစိမ်းများကို ကျွေးလေ့ရှိကြပါသည်။ အစာစိမ်းများထဲမှ tannin ပါဝင်သော သစ်ပင်များနှင့် အပင်နိမ့်များမှာ ပရိုတိန်းဓာတ်ဖြည့်စွက်ပေးနိုင်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းတွင် အရေးပါသော တိရစ္ဆာန်အစာပင်များ ဖြစ်ပါသည်။ tannin ပါဝင်သော အပင်များမှာ ဘောစကိုင်း၊ ဆီး၊ မန်ကျည်း၊ ဒန့်သလွန်၊ တမာ၊ ကုက္ကို၊ မလေးရှားပိတောက်၊ ကန္တာရသီး၊ တရုတ်မန်ကျည်း စသည်တို့ ဖြစ်ပါသည်။ ၎င်းတိရစ္ဆာန်အစာပင်များသည် စားမြုံ့ပြန်သတ္တဝါများအတွက် ဈေးသက်သာသော အစာနု အစားထိုး အစာပင်များ ဖြစ်ပါသည်။

tannin ပါဝင်သော အပင်များနှင့် အပင်နိမ့်များအနက်မှ ဘောစကိုင်းရွက်နှင့် ဆီးရွက်တို့မှာ ဆိတ်များအတွက် စားနေကျအစာပင်များဖြစ်ပါသည်။ ယခုအခါ ဘောစကိုင်းရွက်ကို ကမ္ဘာအနှံ့အပြား ကျယ်ကျယ်ပြန့်ပြန့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံတွင်ရှိသော ဘောစကိုင်းရွက်တွင် ပရိုတိန်းဓာတ် ၂၅-၃၀ ရာခိုင်နှုန်း ထိပါဝင်ပါသည်။ ထို့ကြောင့် ဘော စကိုင်းရွက်ကို ဈေးနှုန်းကြီးသော အစာနုအစား ဖြည့်စွက်ကျွေးနိုင်ပါသည်။ tannin သည် ပထမအစာအိမ်ထဲရှိ ဘက်တီးရီးယားများ၏ ကြီးထွားမှုကို ရပ်တန့်စေခြင်းဖြင့် အစာချေဖျက်မှုကို ထိခိုက်စေနိုင်သည့် ဆိုးကျိုးရှိပါသည်။ အပူပိုင်းဒေသတွင် ပေါက်ရောက်သည့် tannin ပါဝင်သော တိရစ္ဆာန်အစာပင်များကို ပရိုတိန်းပြိုကွဲနှုန်း လျော့ကျစေရန်အတွက် အသုံးပြုခြင်းအားဖြင့် ကျွေးလိုက်သည့် အစာမှာ လေလွင့်မှုနည်းပါးပြီး တိရစ္ဆာန်မှ အပြည့်အဝ အသုံးပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြိုကွဲမှုမြန်သော နှမ်းဖတ်အပေါ်တွင် ဘောစကိုင်းရွက်နှင့် ဆီးရွက်တို့တွင်ပါဝင်သော tannin ၏ အကျိုးသက်ရောက်မှုကို သိရှိနိုင်ရန်အတွက် အစာအိမ်ကိုဖောက်ပြီး အဖုံးဖြင့်ပိတ်ထားသော နွား၏ ပထမအစာအိမ်ထဲတွင် အစာနမူနာများထည့်၍ ပထမစမ်းသပ်မှုပြုလုပ်ခဲ့ပါသည်။

ပထမစမ်းသပ်မှုတွင် အသုံးပြုခဲ့သော စမ်းသပ်အစာလေးမျိုးမှာ (၁) နှမ်းဖတ်၊ (၂) နှမ်းဖတ်နှင့် ၂၅ရာခိုင်နှုန်းဘော စကိုင်းရွက်၊ (၃) နှမ်းဖတ် နှင့် ၅၀ရာခိုင်နှုန်း ဘောစကိုင်းရွက်နှင့်(၄) နှမ်းဖတ်နှင့် ၅၀ ရာခိုင်နှုန်း ဇီးရွက်တို့ ဖြစ်ပါသည်။ ၎င်းစမ်းသပ်အစာ တစ်ခုစီကို နိုင်လွန်အိတ် ငယ်လေးများတွင် ငါးဂရမ် စီထည့်ပြီး နွား၏ ပထမ အစာ အိမ်ထဲတွင် မိနစ် ၃၀ ၊ တစ်နာရီ၊ သုံးနာရီ၊ ခြောက်နာရီ၊ ၁၂ နာရီ၊ ၁၈ နာရီ၊ ၂၄ နာရီ၊ ၄၈ နာရီကြာ ထားခြင်းအားဖြင့် ပထမအစာအိမ်ထဲမှ ဘက်တီးရီးယားများ၏ချေဖျက်လိုက်သော အစာပမာဏကို တွက်ယူနိုင်ပါသည်။ ပထမ အစာအိမ်ထဲမှ ဘက်တီးရီးယားများ၏ ပရိုတိန်းချေဖျက်နှုန်းမှာ ဘောစကိုင်းရွက် ၂၅ ရာခိုင်နှုန်း၊ ဘောစကိုင်းရွက်၅၀ ရာခိုင်နှုန်း၊ ဆီးရွက် ၅၀ ရာခိုင်နှုန်း ထည့်ထားသော စမ်းသပ်အစာ သုံးမျိုးတွင် နှမ်းဖတ်ချည်းသက်သက်ပါသော စမ်းသပ် အစာမှာထက် လျော့နည်းနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထိုကဲ့သို့ ဘောစကိုင်းရွက်နှင့် ဆီးရွက်ဖြည့်စွက်ပေးခြင်းဖြင့် နှမ်းဖတ်၏ ပြိုကွဲနှုန်းကို လျော့နည်းစေခြင်းသည် ၎င်းဘောစကိုင်းရွက်နှင့် ဇီးရွက်ထဲတွင် ပါဝင်သော tannin ဓာတ်ပစ္စည်းကြောင့် ဖြစ်ပါသည်။

ပထမစမ်းသပ်မှုတွင်ရရှိခဲ့သော အဖြေအရ နွား၏ ပထမအစာအိမ်ထဲတွင် နှမ်းဖတ်၏ပြိုကွဲနှုန်းကို လျော့နည်းစေသော ဘောစကိုင်းရွက်နှင့် ဆီးရွက်ထဲတွင် ပါဝင်သော tannin သည် ဆိတ်များ၏ အစာချေဖျက်မှုနှင့် နိုက်ထရိုဂျင်အသုံးပြုမှုအပေါ် အကျိုးသက်ရောက်မှုကို သိရှိနိုင်ရန် ဒုတိယစမ်းသပ်မှုကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။

ဒုတိယစမ်းသပ်မှုတွင် အသက် (၅-၇) လ ရှိသော ဆိတ်ထီးလေးကောင်၌ အောက်ပါ စမ်းသပ်အစာလေးမျိုး အတွက် လေ့လာခဲ့ပါသည်။ ၎င်းတို့မှာ-

(၁) ကောက်ရိုးနှင့် နှမ်းဖတ်

(၂) ကောက်ရိုး၊ နှမ်းဖတ်နှင့် ၂၅ ရာခိုင်နှုန်း ၏ ဘောစကိုင်းရွက်

(၃) ကောက်ရိုး၊ နှမ်းဖတ် နှင့် ၅၀ ရာခိုင်နှုန်း ဘောစကိုင်းရွက်နှင့်

(၄) ကောက်ရိုး၊ နှမ်းဖတ်နှင့် ၅၀ ရာခိုင်နှုန်း ဆီးရွက်တို့ ဖြစ်ကြပါသည်။ စမ်းသပ်မှုတွင် အသုံးပြုခဲ့သော အစာတစ်မည်ချင်းစီတွင် ပါဝင်သော အာဟာရတန်ဖိုးများကို ဇယားတွင် ဖော်ပြထားပါသည်။

စမ်းသပ်အစာ လေးမျိုးလုံးသည် ဆိတ်များ၏ အမျှင်ကြမ်းဓာတ်ချေဖျက်မှုကို လျော့ကျစေပါသည်။ ကောက်ရိုး၊ နှမ်းဖတ်နှင့် ဘောစကိုင်းရွက် ၂၅ ရာခိုင်နှုန်း ပါဝင်သော အစာသည် ဆိတ်များ၏ ဒြပ်ခြောက်နှင့် ဇီဝဓာတ်ချေဖျက်မှုကို ထိခိုက်မှုမရှိစေဘဲ နိုက်ထရိုဂျင်အသုံးပြုမှုမှာ ကောက်ရိုးနှင့် နှမ်းဖတ်ပါဝင်သော အစာထက် ပိုကောင်းစေနိုင်သည့်အနေအထားကို တွေ့ရှိခဲ့ရပါသည်။ ကောက်ရိုး၊ နှမ်းဖတ်နှင့် ဘောစကိုင်းရွက် ၅၀ ရာခိုင်နှုန်း ပါဝင်သော အစာသည် ကောက်ရိုးနှင့် နှမ်းဖတ်ပါဝင်သော အစာမှာထက်ပင် နိုက်ထရိုဂျင်အသုံးပြုမှု နည်းနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ၎င်းမှာ ဘောစကိုင်းရွက် ပါဝင်မှုများသဖြင့် tannin ပါဝင်မှုများကာ ဆိတ်ချေးထဲတွင် နိုက်ထရိုဂျင်များ ပါသွားခြင်းကြောင့် ဖြစ်ပါသည်။

ကောက်ရိုး၊ နှမ်းဖတ်နှင့် ဆီးရွက် ၅၀ ရာခိုင်နှုန်း ပါဝင်သောအစာသည် အာဟာရအားလုံး၏ အစာချေဖျက်မှုမှာ ကျန်အစာသုံးမျိုးလုံးထက် လျော့နည်းနေသည့်အပြင် နိုက်ထရိုဂျင် အသုံးပြုမှုမှာလည်း အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။

ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ဇီးရွက်တွင် ပါဝင်သော အက်ဆစ်ထဲတွင် မပျော်ဝင်နိုင် သည့် နိုက်ထရိုဂျင် (Acid detergent insoluble nitrogen - ADIN) (၆၈ ရာခိုင်နှုန်း) ပမာဏများနေခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းနိုက်ထရိုဂျင်များကို ပထမ အစာအိမ်ထဲရှိ ဘက်တီးရီးယားများ၏ ချေဖျက်နိုင်ခြင်းမရှိသည့်အတွက် ဆိတ်ချေးထဲတွင် ပြန်ပါသွားသောကြောင့် တိရစ္ဆာန်မှ နိုက်ထရိုဂျင်အသုံးပြုရမှု နည်းခြင်းဖြစ်ပါသည်။ ဒုတိယစမ်းသပ်မှုကို ခြုံငုံသုံးသပ်ရပါလျှင် ဘောစကိုင်းရွက် ၂၅ ရာခိုင်နှုန်း ပါဝင်သော အစာသည် ဆိတ်များ၏ အမျှင်ကြမ်းဓာတ် ချေဖျက်မှုကို လျော့ကျစေသော်လည်း ဒြပ်ခြောက်နှင့် ဇီဝဓာတ်ချေဖျက်မှုကို ထိခိုက်မှုမရှိစေဘဲ နိုက်ထရိုဂျင် အသုံးပြုမှုကို ပိုကောင်းစေနိုင်သည့် အနေအထားကို တွေ့ရှိခဲ့ရပါသည်။

စမ်းသပ်ချက်တစ်ခုလုံး၏ တွေ့ရှိချက်မှာ ဘောစကိုင်းရွက် ၂၅ ရာခိုင်နှုန်း ပါဝင်သောအစာသည် ပထမ အစာအိမ်ထဲတွင် နှမ်းဖတ်၏ပြိုကွဲနှုန်းကို လျော့ကျစေပြီး ဆိတ်များ၏ နိုက်ထရိုဂျင်အသုံးပြုမှုကို ပိုကောင်းစေနိုင်သည့် အနေအထားကို တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် ဘောစကိုင်းရွက် ၂၅ ရာခိုင်နှုန်းပါဝင်သောအစာသည် ပထမ အစာအိမ်ထဲတွင် အစာနုများ၏ ပြိုကွဲနှုန်းကိုနှေးစေပြီး နိုက်ထရိုဂျင် အသုံးပြုမှုကို ပိုကောင်းစေရန်အတွက် tannin source တစ်ခုအဖြစ် အသုံးပြုနိုင်သော ဖြည့်စွက်စာတစ်ခုဖြစ်ပါသည်။ ဆီးရွက်မှာမူ ၎င်းတွင်ပါဝင်သော အက်ဆစ်ထဲတွင် မပျော်ဝင်နိုင်သည့် နိုက်ထရိုဂျင် (ADIN) ပါဝင်မှုများနေသောကြောင့် အာဟာရဓာတ်အားလုံး၏ ချေဖျက်နိုင်မှုကို လျော့ကျစေသဖြင့် ဆိတ်အစာအဖြစ် အသုံးပြုရန် မသင့်တော်သည်ကို တွေ့ရှိခဲ့ရပါသည်။

အစာတစ်မည်ချင်းစီတွင်ပါဝင်သော အာဟာရတန်ဖိုးများ(ရာခိုင်နှုန်း)

တိုင်းတာချက်	ကောက်ရိုး	နှမ်းဖတ်	ဘောစကိုင်းရွက်	ဆီးရွက်
ဒြပ်ခြောက် (DM)	၈၇. ၇	၈၆. ၀	၈၉. ၃	၉၀. ၆
ဇီဝဒြပ် (OM)	၈၁. ၄	၈၄. ၈	၉၁. ၀	၉၂. ၂
ပရိုတိန်းကြမ်း(CP)	၅. ၇	၄၀. ၆	၂၈. ၈	၁၃. ၉
အဆီ (EE)	၁. ၇	၁၀. ၅	၈. ၂	၄. ၂
အက်ဆစ် မပါဝင်သော အရည်တွင် မပျော်ဝင်သည့် အမျှင်ကြမ်း (NDF)	၆၈. ၃	၁၇. ၄	၂၂. ၇	၃၅. ၈
အက်ဆစ်ပါဝင်သော အရည်တွင် မပျော်ဝင်သည့် အမျှင်ကြမ်း (ADF)	၄၁. ၂	၉. ၆	၁၃. ၇	၂၅. ၀
လစ်ဂနင် (Lignin)	-	-	၃. ၇	၈. ၃
ဆီလီကာ (Silica)	-	-	၂. ၀	၄. ၈
Tannin	-	-	၀. ၃	၅. ၀

ရွှေထီးတော်တင်လှူပွဲတွင် မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲ ထည့်သွင်းကျင်းပ

မန္တလေး မေ ၂၉

‘ဝေရောစန’ ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသော မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲတော်တွင် မဟာဒူး၊ တဲ့ဖဝါး၊ စလွယ်ကြီး ခြင်းကြီး သုံးမျိုး၊ အမျိုးသား အမျိုးသမီး အတော့ပြိုင်ပွဲ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများအနေဖြင့် ဦးကျော်ဝင်း ဖုန်း-၀၉-၄၃၁၀၀၀၂၉၊ ဦးမောင်မောင်မျိုး ဖုန်း ၀၉-၉၁၀၂၀၈၂၇ နှင့် ဦးတင်ဝင်းနိုင် ဖုန်း ၀၉-၃၃၁၀၃၁၃၂ တို့ထံ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်းနှင့် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ်အမှုဆောင် ဦးကျော်ညွှန့် ခတ်ကစားခဲ့သော ခြင်းပေါက် ခတ်ကစားနိုင်သည့် အားကစားသမားကို ဂုဏ်ပြုဆုငွေကျပ် ၆ သိန်းချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

မိမိအသင်း ခတ်ကစားချိန်အတွင်း ခတ်ကစားပြလိုပါက ပွဲတော်ကျင်းပရေးကော်မတီသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်းဥပဒေအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၆ ရက်က ကျင်းပရာ စမ်းချောင်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင်က ကျောင်းသားကျောင်းသူ လေးများသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်စဉ်။

ကိုကြီးတင်

အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

မုဒုံ

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မွန်ပြည်နယ် မုဒုံမြို့နယ်၌ မေ ၂၆ ရက်က ကမာဝက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မုဒုံမြို့ ရေတောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌လည်းကောင်း နှစ်နေရာခွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျောင်းအပ်နှံရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် မြို့နယ်ပညာရေးမှူး ဦးဖြူဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းအပ်နှံသည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

• •

တောင်ငူ

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက အမှာ စကားပြောကြားကာ ငွေကျပ် ၁၂၅ သိန်းတန်ဖိုးရှိ ဗလာစာအုပ်များ ကို လည်းကောင်း၊ မြို့မိမြို့ဖ ဦးမြင့်ညိုက ဗလာစာအုပ်ဒါဇင် ၄၅၀ ကို လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးစံကျော်က ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် မူလတန်းအဆင့် ထောက်ပံ့ငွေကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက ငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

• • • • • • • • • • • • • • • • • • • •

ပြည်ကြီးတံခွန်

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်၏ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက (ဈ) ရပ်ကွက် အတွင်းရှိ အမှတ် (၂၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝိုင်းက ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ ကျောင်းစတင်အပ်နှံမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

• •

ဒဂုံမြို့သစ်(တောင်ပိုင်း)

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အမှတ် (၁၈) ရပ်ကွက် အထက (၂) ကျောင်းခန်းမ၌ မေ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနား၌ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး သစ်တောရေးရာနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက တက်ရောက်အမှာစကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော ဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၉ သန်း လေးသိန်းလေးထောင့်နှစ်ရာကျပ်နှင့်အတူ အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေနှင့် ကျောင်းသုံး ဗလာစာအုပ်များ၊ ဘောပင်များ စုစုပေါင်းငွေကျပ် ၃၁ သိန်း သုံးသောင်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ **တင်လှမောင်**

ပြည်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက် အထက (ခွဲ) အောင်ဆန်းကျောင်းခန်းမ၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးရုံး ပြည်မြို့ (ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးက ကျောင်းအပ်နှံရေးဆိုင်ရာများကို ပြောကြားသည်။

အဆိုပါ ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် နိုင်ငံတော်မှ လှူဒါန်းသော ငွေကျပ် ၆၀၂ သိန်းတန်ဖိုးရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ငွေကျပ် ၂၄၄ သိန်း ရှစ်သောင်းတန်ဖိုးရှိ ကျောင်းသုံး ဗလာစာအုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသော မူလတန်းအဆင့် ကျောင်းဝတ်စုံများကို တိုင်းပညာရေးမှူး (ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် မေ ၂၅ ရက်မှ ၃၁ ရက်ထိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုများကို လက်ခံဆောင်ရွက်လျက်ရှိရာ ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှုကို အတန်းအသီးသီးမှ ဆရာ ဆရာမများက မည်သည့်အခကြေးငွေမျှမယူဘဲ လက်ခံဆောင်ရွက်နေစဉ်။ (၈၅၂)

ကော့သောင်း-ရနောင်း နှစ်နိုင်ငံနယ်စပ် လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဆက်ဆံရေးရုံး (BCATIP) အစည်းအဝေးကျင်းပ

ကော့သောင်း မေ ၂၉

မြန်မာနိုင်ငံ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံရနောင်းမြို့ နှစ်နိုင်ငံနယ်စပ်လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံး (BCATIP) အစည်းအဝေးတစ်ရပ်ကို မေ ၂၆ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့ Heritage Convention Center ၌ ကျင်းပသည်။

အစည်းအဝေးတွင် အိမ်ရှင် ထိုင်းနိုင်ငံ လူ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားလုံခြုံရေးမူဝါဒဆိုင်ရာဌာန၊ ရနောင်းခရိုင်ဌာနမှူး၊ ရနောင်း-ကော့သောင်း (BCATIP) ဥက္ကဋ္ဌ Ms.Supaporm Na Nakara နှင့် မြန်မာနိုင်ငံ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ကော့သောင်း-ရနောင်း (BCATIP) ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး တင်ဦးတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်ကြသည့် ကော့သောင်း-ရနောင်း နှစ် နိုင်ငံနယ်စပ် လူကုန်ကူးမှုများ တိုက်ဖျက်ရေးဆိုင်ရာ ဌာနဆိုင်ရာကိုယ်စားလှယ်များက နှစ်နိုင်ငံနယ်စပ်အတွင်း လူကုန်ကူးမှု ပြဿနာများ၊ ရွှေ့ပြောင်းအလုပ်သမားများကိစ္စများကို အပြန်အလှန် တင်ပြညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ ကော့သောင်း-ရနောင်း နှစ်နိုင်ငံ နယ်စပ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးများအစည်းအဝေးကို မြန်မာ-ထိုင်းနှစ်နိုင်ငံ အလှည့်ကျ ပုံမှန်ကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်တစ်လျှောက်ဖြစ်ပွားလေ့ရှိသည့် လူမှောင်ခိုလူကုန်ကူးမှု ပြဿနာများ၊ တစ်ဖက်နိုင်ငံအတွင်း တရားဝင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှင့် အလုပ်ရှင်ပြဿနာများ၊ ငါးဖမ်းလှေလုပ်သားပြဿနာများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းကိစ္စများ မဖြစ်ပေါ်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်စိုး(iprd)

ကျွန်းစိုက်ခင်းအားဖျက်ဆီး၍ တောင်ယာပြုလုပ်သူကို အရေးယူ

တောင်တွင်းကြီး မေ ၂၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသက်ဖြိုးဝေ ဦးဆောင်သောအဖွဲ့နှင့် ကုလားမကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုး ပါဝင်သော အဖွဲ့သည် မေ ၂၂ ရက် ညနေ ၃ နာရီက ကုက္ကိုကုန်းနယ်မြေ ရဲစခန်းတောင်ဘက် သုံးမိုင်ခန့်အကွာ ကုလားမကျေးရွာအုပ်စု အတွင်းရှိ ရန်ပယ်သစ်တောကြိုးဝိုင်း အကွက်အမှတ် ၁၁၁ ကို ကွင်းဆင်းစစ်ဆေးရာ ကုလားမကျေးရွာတွင် နေထိုင်သူ အောင်ဆန်းဆိုသူသည် (၁/၂၀၀၀) စီးပွားရေးကျွန်း(အထူး) စိုက်ခင်း ဧက ၂၅၀ အတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်များကို ခုတ်လှဲ ဖျက်ဆီးပြီး တောင်ယာ ဝ ဒသမ ၇၅ ဧက ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ ထို့အတူ အဆိုပါ ကြိုးဝိုင်း၌ စိန်လင်း ကုလားမကျေးရွာတွင် နေထိုင်သူသည် (၁/၂၀၀၀) စီးပွားရေး ကျွန်း(အထူး)စိုက်ခင်း ဧက ၂၅၀ အတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်များအား ခုတ်လှဲဖျက်ဆီးပြီး တောင်ယာ ဝ ဒသမ ၄၁၃၂ ဧက ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်ပိုင် ကျွန်းစိုက်ခင်းအား ဖျက်ဆီး၍ တောင်ယာပြုလုပ်သူ အောင်ဆန်းနှင့် စိန်လင်းတို့နှစ်ဦးကို သစ်တောဥပဒေအရအရေးယူပေးပါရန် မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးတင်ထွဏ်းက တိုင်စာပေးပို့သဖြင့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နိုင်ဝင်း**

ပြင်ဦးလွင်၌ မိုးရာသီရေကြီးမှုများ ကာကွယ်ရေးကြိုတင်ဆောင်ရွက်ရန်မျှော်လင့်နေ

ပြင်ဦးလွင် မေ ၂၉

ပြင်ဦးလွင်မြို့သည် ပင်လယ်နှင့် ဝေးသော်လည်း ပေ ၃၅၀၀ ကျော်သော တောင်ပေါ်မြို့ဖြစ်သောကြောင့် မိုးရေချိန်လက်မ များပြားစွာ မိုးရွာသွန်းတတ်ပြီး မြို့နယ်အတွင်း၌ နှစ်စဉ် ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသည့် မြို့တစ်မြို့ ဖြစ်သည်။

မိုးရာသီ၌ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ၁၉၉၉ ခုနှစ် မေ ၂၅ ရက်က စည်သာချောင်းရေကြီးရေလျှံမှုဖြစ်ကာ အိမ် ထောင်စုသုံးစုမှ မိသားစုကိုးဦးသည် နေအိမ်များနှင့်အတူ ရေစီးအတွင်း မျောပါသွားကာအသက်ဆုံးရှုံးခဲ့ရဖူးသည်။ ထို့အတူ ၂၀၀၃ ခုနှစ် ဇူလိုင် ၂၄ ရက် နံနက် ၄ နာရီက ဆင်ခေါင်းကြီးကျေးရွာရှိ ဓာတ်တော်ချောင်း ရေလျှံသဖြင့် အနီးရှိနေအိမ်များ ရေနစ်မြုပ်သွားရာ အနီးစခန်းရွာ (ရွှေဘိုစု)နေ အသက်ကိုးနှစ်အရွယ် စတုတ္ထတန်းကျောင်းသူတစ်ဦး ရေနစ်သေဆုံးခဲ့ရသည်။ ၂၀၀၄ ခုနှစ်တွင်လည်း ကန်တော်လေးရေပြင်စိုးရိမ်ရေမှတ်ကျော်လွန်ကာ ဂဲလောင်းချောင်းအတွင်း အသက် ၆၀ နှစ်ရှိ အမျိုးသမီးတစ်ဦးရေထဲမျောပါကာ အသက်ဆုံးရှုံးခဲ့ရသည်။ ယနေ့အချိန်အထိလည်း ထိုကဲ့သို့ရေကြီး ရေလျှံမှုကြောင့် ရေစီးအတွင်းအသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေသည်။

ထိုကဲ့သို့ရေကြီးရေလျှံမှုကြောင့် လူ့အသက်ပေါင်း များစွာသာမက စိုက်ပျိုးသီးနှံခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ လမ်းတံတားများ ရေထဲပါသွားခြင်း၊ ရထားသံလမ်းများ ရေထဲပါသွားခြင်း၊ ရေလွှဲမြောင်းများ ကျိုးပေါက်ခြင်းစသည်တို့နှင့်အတူ လူနေအိမ်များ အတွင်း ရေဝင်နစ်မြုပ်ခြင်းတို့ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိနေသောကြောင့် ထိုကဲ့သို့ထပ်မံ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန် လိုအပ်လျက်ရှိနေသည်။

ဤသို့ လုပ်ကိုင်ဆောင်ရွက်ပါကလည်း ပြင်ဦးလွင်မြို့၏ အဓိက မြို့လယ်ချောင်းကြီးတစ်ခုဖြစ်သည့် ဝဲချောင်းအတွင်းရှိ အမှိုက်များကို အပေါ်ယံဆယ်ယူရုံလောက်နှင့်မဖြစ်နိုင်တော့ပေ။ ဂဲလောင်းချောင်းရေဝေရေလဲဧရိယာအတွင်းရှိ ကျူးကျော်နေအိမ်တိုက်တာများ အားလုံးကို ဖယ်ရှားမှသာလျှင် ရေဝေရေလဲဧရိယာအတွင်း ရေဝင်ရောက်၍ ရေစီးအားလျော့ကျစေခြင်း၊ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ခြင်းတို့အပြင် ချောင်းပတ်ဝန်းကျင်၌ သီးနှံစိုက်ခင်းများကိုလည်း အလွယ်တကူရေပေးဝေနိုင်မည်ဖြစ်ကြောင်း အငြိမ်းစား မြေတိုင်းညွှန်ကြားရေးမှူးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြို့နေ ပြည်သူများကလည်း နှစ်စဉ် ကြုံတွေ့ရင်ဆိုင်နေရသည့် အသက်ဆုံးရှုံးမှုများနှင့် ရေကြီးရေလျှံသည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ပြင်ဆင်နိုင်မည့် အစီအမံဆောင်ရွက်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အလျင်အမြန်လုပ်ကိုင်ပေးရန် မျှော်လင့်တောင့်တနေကြကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

ကျောက်မဲ၌ ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

ကျောက်မဲ မေ ၂၉

၂၀၁၅-၂၀၁၆ ပညာသင်နှစ်(မြို့နယ်အဆင့်)ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၇ ရက်က ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာ အထကခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ နောင်ပိန်တိုက်နယ်အတွင်းရှိ ကျေးရွာများမှ မိဘများက ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ် ၁၁၂၇၅၀၀၊ ဗလာစာအုပ်ဒါဇင် ၅၀ နှင့် နှစ်ယောက်တွဲထိုင်ခုံတစ်စုံတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီ၊ ခရိုင်ပညာရေးမှူးဒေါ်ချိုချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ချိုစီတို့က အမှာစကားပြောကြားကြသည်။ **မလတ်(ကျောက်မဲ)**

ညောင်ရွှေတွင် ပစ္စည်းပျောက်ခဲ့သည့် ဧည့်သည် ပုဂံရောက်ရှိနေစဉ် ပြန်လည်ရှာဖွေပေးအပ်နိုင်ခဲ့

ညောင်ဦး မေ ၂၉

ပုဂံယဉ်ကျေးမှုဒေသတွင် အလည်အပတ်ရောက်ရှိနေသော ဆွစ်ဇာလန်နိုင်ငံသူနှစ်ဦး ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့တွင် လည်ပတ်စဉ်က ပျောက်ဆုံးသွားခဲ့သော ခရီးဆောင်အိတ်အတွင်းမှ ကင်မရာတစ်လုံးနှင့် ငွေအချို့ပြန်လည် တွေ့ရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့(ရှမ်း) က (ပုဂံ) အဖွဲ့နှင့်ချိတ်ဆက်၍ ပြန်လည်တွေ့ရှိပစ္စည်းများကို တောင်ကြီးမှ ညောင်ဦးသို့ထွက်ခွာလာသည့် မော်တော်ယာဉ်ဖြင့် ပေးပို့ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ပုဂံ)မှ ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပိုင်ရှင်ဖြစ်သူ ဆွစ်ဇာလန်နိုင်ငံသူထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆွစ်ဇာလန်နိုင်ငံ Ms.Erni Nina Valeria, ပါ နှစ်ဦးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့သို့ ရောက်ရှိလည်ပတ်ခဲ့စဉ်က ၎င်းတို့၏ ကျောပိုးအိတ်နှစ်လုံးကို Gloden Lake Tour Services ထံအပ်နှံကာ ညောင်ရွှေမှ ကလောသို့ သွားရောက်ခဲ့ကြောင်း၊ ထို့နောက် မန္တလေးသို့ တောင်ပေါ်သားမော်တော်ယာဉ်လိုင်းဖြင့် လိုက်ပါခဲ့ပြီး မန္တလေးမြို့ ET ဟိုတယ်သို့ ရောက်ရှိချိန်တွင် အိတ်အတွင်းရှိပစ္စည်းများကို စစ်ဆေးရာ ကင်မရာ တစ်လုံး မပါရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့ (မန္တလေး) ထံသို့ အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ယင်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့

(မန္တလေး) မှ (ရှမ်း) သို့ ဖုန်းဖြင့် ဆက်လက်အကြောင်းကြားခဲ့ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ရှမ်း)မှ တပ်ဖွဲ့စုမှူး၏ ကြီးကြပ်မှုဖြင့် ရဲအုပ်စိုးနိုင်လင်းဦးစီးတပ်ဖွဲ့ဝင်များသည် ညောင်ရွှေမြို့ ရုံးကြီးလမ်းအတွင်းရှိ Golden Lake Tour Services ထံသို့ သွားရောက်စုံစမ်းခဲ့ပြီး ပိုင်ရှင်ဖြစ်သူ ဦးဇေယျာဖြိုးနှင့် အလုပ်သမားများကို စုံစမ်းမေးမြန်းခဲ့ရာ ၎င်းဆွစ်ဇာလန်နိုင်ငံသူနှစ်ဦးနှင့် အတူ ဧည့်လမ်းညွှန်အဖြစ် လိုက်ပါသွားသော မောင်တီးမောင်မှတစ်ဆင့် အကြောင်းကြားလာ၍ ပစ္စည်းကျန်ခဲ့သည့်ဖြစ်စဉ်ကို သိရှိရကြောင်း၊ ထို့နောက် ဆွစ်ဇာလန်နိုင်ငံသူကျန်ရစ်ခဲ့သည်ဟု ယူဆရသော အမေရိကန်ဒေါ်လာ ၁၀၀ တန် လေးရွက်၊ ၅၀ တန် နှစ်ရွက်၊ ၂၀ တန် လေးရွက်၊ ၁၀ တန် ၁၁ ရွက်၊ ငါးဒေါ်လာတန် တစ်ရွက်၊ တစ်ဒေါ်လာတန်တစ်ရွက် စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၀၀၊ Nikon တံဆိပ်ပါ ကင်မရာတစ်လုံး၊ Lonely Planet စာအုပ်တစ်အုပ်၊ သရေအိတ်အသေးတစ်လုံးတို့ကို အပ်နှံပေးခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ရှမ်း)မှ အဆိုပါ ပစ္စည်းများကို စနစ်တကျလက်ခံရယူပြီး ပိုင်ရှင်ဖြစ်သူထံပြန်လည် ပေးအပ်နိုင်ရေးအတွက် မေ ၂၅ ရက်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(မန္တလေး) နှင့် ဆက်သွယ်ခဲ့ရာ အဆိုပါ ဆွစ်ဇာလန်နိုင်ငံသူနှစ်ဦးမှာ မန္တလေးမှ ပုဂံမြို့သို့ ဆက်လက်ထွက်ခွာသွားပြီး ညောင်ဦးမြို့ အိုအေစစ်ဟိုတယ်၌ တည်းခိုနေ ကြောင်း သိရသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ပုဂံ)နှင့် ဆက်သွယ်ကာ တောင်ကြီးမှ ပုဂံသို့ထွက်ခွာမည့် ပုဂံမင်းသား မော်တော်ယာဉ်ဖြင့် ပစ္စည်းများကို ပုဂံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ပုဂံ)မှ ရဲမှူးစိုးပိုင်နှင့် ကြီးကြပ်သူအရာရှိ ရဲအုပ်အောင်မျိုးထွန်းတို့သည် ပုဂံမင်းသားကားဂိတ်တွင် ပစ္စည်းများကို သွားရောက် စစ်ဆေးထုတ်ယူခဲ့ပြီး ညောင်ဦးမြို့ အမှတ် (၃) ရပ်ကွက် အိုအေစစ်ဟိုတယ်၌ တည်းခိုလျက်ရှိသော ဆွစ်ဇာလန်နိုင်ငံသူ ထံသွားရောက်ကာ ဟိုတယ်ဧည့်ခန်းမ၌ ဟိုတယ်မန်နေဂျာ ဦးကျော်ဇေယျဦးနှင့် အမှတ် (၃) ရပ်ကွက် ရပ်မိရပ်ဖနှစ်ဦး ရှေ့မှောက်တွင် ပစ္စည်းများကို ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

မတ္တရာမြို့နယ်တွင် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရွှေ့တန်းစခန်းများဖွင့်

မတ္တရာ မေ ၂၉

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုလယ်ယာဝန်ဆောင်မှု လုပ်ငန်း ရွှေ့တန်းစခန်းများကို မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စုနှင့် လကြောင်းကြီးကျေးရွာအုပ်စု (မြို့မရွှေ့တန်းစခန်း) တို့တွင် မေ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။ စက်မှုလယ်ယာရွှေ့တန်းစခန်းများ ဖွင့်ပွဲသို့ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးအောင်ကျော်ကျော်၊ မန္တလေး

နှင့် ပြင်ဦးလွင်ခရိုင်ဦးစီးဌာနမှူး ဦးသန်းထွန်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်စိုးထွေး၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရွှေ့တန်းစခန်းတစ်ခုလျှင် ကူဘိုတာထွန်စက်သုံးစီးနှင့် KUKJI စပါးရိတ်သိမ်းခြွေလှေ့စက်ကြီး COMBINE HARVESTER နှစ်စီးထားရှိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ စက်မှုလယ်ယာဝန်ဆောင်မှုရွှေ့တန်းစခန်းများကို ကျေးရွာအရောက်ဖွင့်လှစ်ပေးထားခြင်းဖြင့် တောင်သူများအနေဖြင့် မြေယာပြုပြင် ထွန်ယက်ခြင်းနှင့်စပါးများရိတ်သိမ်းလိုပါက ရွှေ့တန်းစခန်းများမှ စက်ကိရိယာများကိုအလွယ်တကူ ခေါ်ယူဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤကဲ့သို့(ONE STOP SERVICE)ဝန်ဆောင်မှုပေးခြင်းကြောင့် တောင်သူများအနေဖြင့် မတ္တရာမြို့ပေါ်ရှိ စက်မှုလယ်ယာစခန်းသို့ သွားရောက်ခေါ်ယူရန် မလိုအပ်တော့သဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာခြင်း၊ (၆)သွားထယ်ဖြင့်ထွန်ယက်ခြင်း၊ ရိုတာဗေတာဖြင့် သမန်းပြင်ခြင်း၊ စပါးရိတ်သိမ်းခြင်းလုပ်ငန်းတို့တွင် ပြင်ပငှားရမ်း ဈေးနှုန်းများထက် လျော့နည်းသက်သာစွာ ငှားရမ်းဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် တောင်သူများသည် ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြောင်း သိရ သည်။

စိုးကျော်သူထွေး(မတ္တရာ)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

နေပြည်တော် မေ ၂၉

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁) နေပြည်တော်သည် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရပ်ရွာ အခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲများကို မေ ၁၁၊ ၁၃၊ ၁၈၊ ၂၀၊ ၂၂နှင့် ၂၇ ရက်တို့တွင် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများတွင် သက်ဆိုင်ရာ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက အဖွင့်အမှာစကားများပြောကြားခဲ့ပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁)နေပြည်တော်မှ ဒုတိယရဲမှူးမင်းနိုင်က ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ကြိုတင်ပြင်ဆင် ထားသင့်သည့်အချက်များ၊ လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု ကွဲပြားခြားနားမှု၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် လူကုန်ကူးမှု အမျိုးအစားများ၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်အဖွဲ့များ၏ ဖွဲ့စည်းပုံ နှင့်လုပ်ငန်းတာဝန်များအကြောင်း အသေးစိတ်ဟောပြောခဲ့သည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

မီးဘေးသင့်အိမ်ထောင်စုများအား သွပ်များ လှူဒါန်း

ကျောက်ဆည် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ မီးဘေးသင့်ခံခဲ့ရသော နန်းနီကျေးရွာ အိမ်ခြေ ၇၀ ကို မေ ၂၆ ရက် ညနေ ၄ နာရီက ငွေကျပ် ၂၈ သိန်း ရှစ်သောင်းတန်ဖိုးရှိ ကိုးလိုင်းပါ ခြောက်ပေသွပ် အချပ် ၁၄၄၀ ကို ကျောက်ဆည်မြို့နှင့် မန္တလေးမြို့တို့ရှိ အလှူရှင်များက ပေးအပ်လှူဒါန်းရာ စဉ့်ကိုင်မြို့နယ် မီးဘေးကယ်ဆယ်ရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မန္တလေးတိုင်းဒေသကြီး အိုလမာ သာသနာ့ပညာရှင်များအဖွဲ့ခွဲဥက္ကဋ္ဌ ဟာဂျီဦးလှကျော်နှင့် ပညာရေးနှင့် လူမှုရေး အကျိုးဆောင်ကော်မတီဥက္ကဋ္ဌ ဟာဂျီ ဦးမြင့်သိန်း၊ ကျောက်ဆည်မြို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ဥက္ကဋ္ဌ ဦးကျော်မောင်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအဖွဲ့များ၊ မီးဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက အမှာစကား ပြောကြားပြီး ဟာဂျီဦးလှကျော်၊ ဟာဂျီ ဦးမြင့်သိန်းနှင့် ကျောက်ဆည်မြို့ မွတ်ဆလင် ဘာသာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းတို့က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးဘေးသင့်ပြည်သူများ လက်ဝယ်သို့ သွပ်ချပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်မောင်

အဆင့်မြင့်ပင်မယာဉ်ရပ်နားစခန်းအဆောက်အအုံသစ် တည်ဆောက်ပြီးစီး

ကလေး မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကားကြီးဝင်းတွင် ကားကြီးဂိတ်များအတွက် အဆင့်မြင့် ပင်မယာဉ်ရပ်နားစခန်း အဆောက်အအုံသစ်ကြီးအား ရှေ့မျက်နှာဖွင့်ဆင်ဝင်ပါ Steel Structure နှစ်ထပ်အဆောက်အအုံကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်ဆောက်လုပ်ခဲ့ကာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်ပင်မယာဉ်ရပ်နားစခန်း အဆောက်အအုံသစ်ကြီး ဆောက်လုပ်ရာတွင် စုစုပေါင်း ငွေကျပ် ၅၃၁ သန်းကျော်အကုန်အကျခံပြီး ယာဉ်ကြီးဂိတ်များအတွက် ပေ ၄၀ ဆင်ဝင် အမိုးပါ အခန်း တစ်ခန်းလျှင် အလျား ၃၅ ပေ၊ မျက်နှာဖွင့် ၁၈ ပေ၊ အမြင့် ၁၈ ပေဖြင့် အခန်းပေါင်း ၁၈ ခန်းတွင် ထပ်ခိုး၊ ရေချိုးခန်းနှင့် ရေအိမ်များပါ တွဲလျက် ဆောက်လုပ်ခြင်း ဖြစ်သည်။ ယင်းအပြင် ယာဉ်ငယ်ဂိတ်များအတွက် အလျား ပေ ၂၀၊ မျက်နှာဖွင့် ၁၅ ပေ၊ အမြင့် ၁၅ ပေဖြင့် အခန်းပေါင်း ၁၂ခန်းတွင် ထပ်ခိုး၊ ရေချိုးခန်းနှင့် ရေအိမ်များပါ တွဲလျက်ဆောက်လုပ်ခဲ့ရာ ယာဉ်ငယ်ဂိတ်များအတွက် အဆင့်မြင့် ပင်မ ယာဉ်ရပ်နားစခန်း အဆောက်အအုံသစ်ကြီးကိုလည်း မကြာမီဆောက်လုပ်ပြီးစီးမည် ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

မိုးမောက် မေ ၂၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဗေဒင်နှစ်ခြင်း၊ IDP Camp နှင့် RC IDP Camp ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၂၃ ရက် နံနက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခါးခါးဒင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထက်အောင်က ကျန်းမာရေး အသိပညာပေးဟောပြောပြီး ဗေဒင်နှစ်ခြင်း ရှိအိမ်ခြေပေါင်း ၂၁၈ လုံး၌ ပိုးလောက်လန်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သော ဖုံး ၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် ဆေးခပ်ခြင်း နှင့်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် နယ်စပ်၌ ဘိန်းအစားထိုးအဖြစ် ဂျပန်လိမ္မော်များ စိုက်ပျိုး

ဖယ်ခုံ မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်၌ ယခုနှစ်တွင် ဘိန်းအစားထိုးသီးနှံများအဖြစ် အာလူး၊ နေကြာ၊ သစ်မွှေး၊ တညင်း၊ ဂျပန်လိမ္မော်များ အစားထိုးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘိန်းအစားထိုးစိုက်ပျိုးသည့် ဂျပန်လိမ္မော်ပျိုးပင်များသည် ငါးလနှင့် ရှစ်လအကြာ ပန်းပွင့်ပြီး တစ်နှစ်ကျော်တွင် စတင်အသီးသီးကာ တစ်ဧကလျှင် အပင် ၃၀၀ ကျော်စိုက်ပျိုးနိုင်ကြောင်း၊ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဈေးရရှိသဖြင့် စိုက်ပျိုးသူများအဖို့ တွက်ခြေကိုက်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ရီလုံရီကန်အုပ်စု ဆောင်ရေးကျေးရွာမှ ဂျပန်လိမ္မော်စိုက်ပျိုးနေသူတစ်ဦးဖြစ်သည့် ဦးကံဆောင်က ပြောသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ယခင်က ဘိန်းကိုအဓိကထား စိုက်ပျိုးသူများခဲ့သော်လည်း ယခုအခါ ဘိန်းကို ဝယ်ယူသူ၊ စိုက်ပျိုးသူမရှိတော့သောကြောင့် ဘိန်းဈေးကွက်မှာ ပျောက်ဆုံးနေပြီဖြစ်ကြောင်း သိရသည်။

ဘိန်းအစားထိုးသီးနှံအဖြစ် ကယားပြည်နယ် ဒီမောဆိုးမြို့နယ် လွိုင်နန်းဖ ပုဂ္ဂလိကစိုက်ပျိုးခြံ၌ ဂျပန်လိမ္မော်ပင် တစ်ပင်လျှင် ငွေကျပ် ၂၅၀၀ နှုန်းကို သုံးရစ်ပေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဆောင်ရေးကျေးရွာတွင် ဘိန်းအစားထိုးအဖြစ် မေလမှ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ ဖယ်ခုံမြို့နယ်၊ ရီလုံရီကန်ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာများတွင်လည်း ဘိန်းအစားထိုးသီးနှံအဖြစ် ဂျပန်လိမ္မော်ပျိုးပင်များ စိုက်ပျိုးလျက်ရှိကြောင်း၊ ဂျပန်လိမ္မော်ပျိုးပင် ၆၀၀၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း စိုက်ပျိုးရေးခြံပိုင်ရှင် ဦးလွင်ဇော်ထံမှ သိရသည်။

နိုင်ငံတော်အစိုးရကလည်း ရှမ်းပြည်(တောင်ပိုင်း)နှင့် ကယားပြည်နယ် နယ်စပ်များရှိ မြေဧက ၃၀၀၀၀ ကျော်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် ဘိန်းမစိုက်ပျိုးကြတော့ဘဲ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးကြစေရန် ဆောင်ရွက်လျက်ရှိသဖြင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု များလာခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်း ဘိန်းအစားထိုးသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် နှစ်ရှည်ပျိုးပင်များနှင့် နှစ်ချင်းသီးနှံမျိုးစေ့ထုပ်များကိုလည်း ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများမှတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပါး၊ အစေ့ထုတ်ပြောင်း စသည့် သီးနှံမျိုးစေ့များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ သီးနှံပိုးမွှားအန္တရာယ် ကာကွယ်ရေးပညာပေးခြင်း စသည့် သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေလင်းပြည့်စုံ

USAID နှင့် UN-HABITAT ပူးပေါင်းဆောင်ရွက်သော သောက်သုံးရေရရှိရေးလုပ်ငန်းများပြီးစီး

ပုလဲ မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ၌ (အမေရိကန်ပြည်သူပြည်သားများမှ ထောက်ပံ့သော ရန်ပုံငွေ- USAID)၏ ထောက်ပံ့ငွေကျပ် ၁၇၄ သိန်းဖြင့် (ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် UN-HABITAT)နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သောက်သုံးရေရရှိရေး စီမံကိန်းများ မေ ၂၄ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

သောက်သုံးရေရရှိရေး စီမံကိန်းအဖြစ် လျှပ်စစ်စွမ်းအင်သုံး စက်ရေတွင်းနက် တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ပိုက်လိုင်းရေသွယ်စနစ်ပြုလုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ရွာမှာရှိတဲ့ သောက်သုံးရေက လုံလောက်ပေမယ့် ကျန်းမာရေးနဲ့ညီညွတ်မှုမရှိဘဲ မသန့်ရှင်းလို့ ရွာသူရွာသားတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ သွားတွေကျိုးပဲ့ ပျက်စီးတာတွေဖြစ်တဲ့အတွက် ကျန်းမာရေးဌာနနဲ့ ပညာရှင်များရဲ့ အကြံပြုဆွေးနွေးချက်တွေအရ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးဆောင်ရွက်ပေးဖို့ မြို့နယ်ကို တင်ပြခဲ့ပါတယ်။ မြို့နယ်တာဝန်ရှိသူတွေက မြို့နယ်အတွင်းမှာ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို စီမံချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ UN-HABITAT အဖွဲ့အစည်းနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး ရေရရှိရေးဆောင်ရွက်နိုင်ခဲ့တာပါ။ အခုဆိုရင် သန့်ရှင်းတဲ့သောက်သုံးရေကို တစ်နာရီလျှင် ဂါလန် ၃၅၀၀နှုန်း ရရှိနေပါပြီ”ဟု ကုက္ကိုစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက ပြောသည်။

ကျေးရွာရေရရှိရေးလုပ်ငန်းဖွင့်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညို၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်၊ ပုလဲမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ဌာနဆိုင်ရာများ၊ UN-HABITAT အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

မင်းခန့်စိုး(ဇေယျာမြေ)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါး ဧက ၁၉ သိန်းနီးပါး စိုက်ပျိုးရန်လျာထား

မုံရွာ မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကိုးခရိုင်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ယခု ၂၀၁၅ မိုးစပါးစိုက်ရာသီ၌ မိုးစပါးဧက ၁၉ သိန်းနီးပါးကို စိုက်ပျိုးနိုင်ရန် လျာထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးလျာထားမှုများနှင့် ပတ်သက်၍ “လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေပေးတာနဲ့ စိုက်ပျိုးစရိတ်ငွေချေးပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ စုစုပေါင်း မိုးစပါး ၁၈၇၅၀၀၀ ဧက စိုက်ပျိုးနိုင်ရေးလျာထားပါတယ်။ စိုက်ပျိုးရေရရှိမှုအခြေအနေအရ ခရိုင်အလိုက် လျာထားချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိပါတယ်”ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်းမှ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမများ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးကို စစ်ကိုင်းခရိုင်တွင် ၇၁၁၀၀ ဧက၊ မုံရွာခရိုင်တွင် ၁၃၇၉၀၀ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၃၉၄၀၀ ဧက၊ ရွှေဘိုခရိုင်တွင် ၈၅၆၇၀၀ ဧက၊ ကသာခရိုင်တွင် ၃၂၀၆၀၀ ဧက၊ ကလေးခရိုင်တွင် ၁၅၃၈၀၀ ဧက၊ မော်လိုက်ခရိုင်တွင် ၆၆၀၀၀ ဧက၊ တမူးခရိုင်တွင် ၃၉၀၀၀ ဧက၊ ခန္တီးခရိုင်တွင် ၆၂၆၆၀ ဧကနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၂၇၈၄၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးစပါး ၁၈၆၃၂၀၀ ဧက လျာထားပြီး ၁၇၄၇၁၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင်လည်း လျာထားဧက ၁၈၇၅၀၀၀ ကို ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများက စိုက်ပျိုးနည်းပညာများဖြန့်ဝေခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးနယ်လှည့်လှုပ်ရှားမှုဆောင်ရွက်

ရိခေါဒါရ် မေ ၂၉

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းစီစဉ်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး လူထုအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မေ ၂၇ ရက်က ရိခေါဒါရ်အထက၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်က မူးယစ်ဆေးဝါးကြောင့် ကြုံတွေ့နိုင်သည့် ဆိုးကျိုးများနှင့် နစ်နာဆုံးရှုံးမှုများ၊ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် ပြည်သူများပူးပေါင်းပါဝင်ရေးတို့ကို ဟောပြောခဲ့သည်။

“မူးယစ်ဆေးဝါးအန္တရာယ်ကို လူတိုင်းအသိပါပဲ။ အဲဒါကြောင့် တားဆီးကာကွယ်တိုက်ဖျက်ရေးအတွက် ပြည်သူတွေက ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်သလို ကျောင်းသား ကျောင်းသူတွေ၊ ရပ်ကွက်လူငယ်တွေကို မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းကိုလည်း ဌာနဆိုင်ရာတွေအနေနဲ့ အခုလို အခါအားလျော်စွာ ဆောင်ရွက်ပေးဖို့လိုပါတယ်”ဟု အမှတ်(၁)ရပ်ကွက်မှ မြို့မိမြို့ဖတစ်ဦးက ပြောသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ နယ်လှည့်လှုပ်ရှားမှုကို ရိခေါဒါရ်မြို့တွင်သာမက အခြားကျေးရွာများ၌လည်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဇွန်လအတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ အမြန်ပြီးစီးရန် တည်ဆောက်နေ

ကလေး မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ တည်ဆောက်လျက်ရှိသော သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံများ အမြန်ပြီးစီးရေးအတွက် အရှိန်မြှင့်တည်ဆောက်နေကြောင်းသိရသည်။

အဆိုပါ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆေးသိပ္ပံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၂၉၀၃ သန်းဖြင့် ကုမ္ပဏီရှစ်ခုက တည်ဆောက်နေခြင်းဖြစ်သည်။ သင်တန်းကျောင်း ပင်မသုံးထပ် စာသင်ဆောင်ကြီးအပြင် ထမင်းစားဆောင်နှင့် မီးဖိုဆောင်၊ သုံးထပ် သင်တန်းသူအိပ်ဆောင် နှစ်လုံး၊ သုံးထပ် ဆရာအိပ်ဆောင် နှစ်လုံး၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ယာ နှစ်လုံး၊ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးနေအိမ်များ၊ စာကြည့်တိုက်နှင့် ဧည့်ကြိုဆောင်များ၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် Transformer တပ်ဆင်ခြင်း၊ ကွန်ကရစ်မုခ်ဦး တည်ဆောက်ခြင်းနှင့် အုတ်တံတိုင်းကာရံခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များက မေ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

လူမှုရေးဆိုင်ရာထူးချွန်ဆုရ မိတ္ထီလာဘိုးဘွားရိပ်သာသို့ ထပ်ဆင့်ဂုဏ်ပြု

မိတ္ထီလာ မေ ၂၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သော ၂၀၁၅ ခုနှစ်လူမှုရေးဆိုင်ရာထူးချွန်ဆုရရှိသည့် မိတ္ထီလာဘိုးဘွားရိပ်သာဝန်ထမ်းများအား ထပ်ဆင့်ချီးမြှင့်ဂုဏ်ပြုပွဲကို မေ ၂၇ ရက်က ကျင်းပခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး မိတ္ထီလာဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကျော်က ထပ်ဆင့်ချီးမြှင့်ဂုဏ်ပြုပွဲပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ချမ်းသာ(မိတ္ထီလာ)

စတားလင်းကို ဘယ်အသင်း ခေါ်မလဲ

ပရီမီယာလိဂ် ရာသီကုန်ခဲ့ပြီ ဖြစ်တာမို့ ထိပ်တန်းကလပ် အသင်းတွေရဲ့ ကစားသမားအသစ်ခေါ်ယူမှု အနေအထားတွေက လှုပ်ခတ်လာပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းကြီးတွေကခေါ်ယူဖို့ အပြိုင်စိတ်ဝင်စားခြင်း ခံနေရသူကတော့ လီဗာပူးအသင်း တောင်ပံကစားသမား စတားလင်းပဲဖြစ်ပါတယ်။

အသက် ၂၀ အရွယ်သာရှိသေးတဲ့ စတားလင်းဟာ လီဗာပူးနဲ့ စာချုပ်သက်တမ်း နှစ်နှစ်ကျန်နေသေးပေမယ့် လုပ်ခလစာနှုန်းထားနဲ့ပတ်သက်ပြီး လီဗာပူးအသင်း တာဝန်ရှိသူတွေနဲ့ ဆွေးနွေးနေတာ အခုအချိန်အထိ တိကျရေရာတဲ့ ရလဒ်မထွက်လာသေးပါဘူး။

စတားလင်းကို လီဗာပူးအသင်းက တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းအထိ တိုးမြှင့်ပေးပေမယ့် ကစားသမားက ငြင်းပယ်ထားပြီး စာချုပ်သစ်လက်မှတ်ရေးထိုးဖို့ လက်မခံသေးဘူး ဖြစ်နေပါတယ်။ စတားလင်းကတော့ စာချုပ်မှာ လက်မှတ်ရေးထိုးတာဟာ ငွေကြေးကြောင့်မဟုတ်ဘဲ အပြောင်းအလဲအသစ်၊ အတွေ့အကြုံအသစ်တွေကို ရရှိဖို့ စိတ်ဆန္ဒပြင်းပြနေခြင်းဖြစ်ပါတယ်လို့ ဆိုပါတယ်။

ပရီမီယာလိဂ်မှာ လီဗာပူးပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးတို့က စတားလင်းကို ခေါ်ယူဖို့ စိတ်ဝင်စားနေကြပြီး လီဗာပူးတို့ကလည်း အသင်းမှာ စတားလင်းတည်မြဲအောင် လုပ်ခလစာတိုးမြှင့်ပေးချေဖို့အတွက် တာဝန်ရှိသူတွေ စဉ်းစားနေတယ်လို့ ဆိုပါတယ်။

စတားလင်းဟာ လီဗာပူးအသင်းမှာ လက်ရှိအချိန်မှာတစ်ပတ်လုပ်ခလစာ ပေါင် ၃၅၀၀၀ သာရရှိနေတာမို့ တာဝန်ရှိသူတွေက လုပ်ခလစာတိုးမြှင့်ပေးချေဖို့ စဉ်းစားနေတာဖြစ်ပါတယ်။ စတားလင်းရဲ့ လက်ရှိအပြင်းပြဆုံးဆန္ဒကတော့ အသင်းပြောင်းရွှေ့ရေးပဲဖြစ်ပါတယ်လို့ ဆိုပါတယ်။

မန်စီးတီးအသင်းကတော့ စတားလင်းကို ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းအထိ ပေးမှာဖြစ်ပြီး တစ်ပတ်လုပ်ခလစာကိုလည်း မက်မောဖွယ်ရာ ငွေကြေးပမာဏပေးသွားမှာဖြစ်တယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

ဒါပေမယ့် လီဗာပူးတာဝန်ရှိသူတွေကလည်း စတားလင်းရဲ့ စာချုပ်သက်တမ်းမကုန်မချင်း ရောင်းချမှာမဟုတ်ဘူးလို့ ဆိုနေတာမို့ စတားလင်းရဲ့ အပြောင်းအရွှေ့က စိတ်ဝင်စားစရာကောင်းနေခြင်းဖြစ်ပါတယ်။

ဒီ့အပြင် လီဗာပူးရဲ့ ဝါရင့်ကစားသမား ဂျရတ်က လီဗာပူးအသင်းက ထွက်ခွာသွားပြီဖြစ်လို့ အားထားစရာကစားသမားတွေကို အသင်းမှာ စုစည်းထားနိုင်ဖို့လိုအပ်နေတဲ့ လီဗာပူးဟာ စတားလင်းကို လက်လွှတ်ခံမှာမဟုတ်ပါဘူး။ ဂျရတ်ကလည်း လီဗာပူးအသင်း အောင်မြင်မှုရရှိဖို့အတွက် "တိုက်စစ်မှူးကောင်းတစ်ဦး" လိုအပ်ပါတယ်လို့ ထောက်ပြသွားခဲ့ပါတယ်။

လီဗာပူးဟာ ဆွာရက်ဇ်လည်းထွက်၊ ဂျရတ်မရှိနဲ့ ဖြတ်သန်းရမယ့် အနာဂတ်မှာ လူငယ်ခြေတက် စတားလင်းကိုပါ လက်လွှတ်ရခဲ့ရင်တော့ အသင်းတိုင်းကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမယ့်အနေအထား ရောက်ရှိသွားမှာ သေချာနေပါတယ်။ ဖလားလက်မဲ့ ရာသီတွေကို အတိုင်းအဆမရှိ ဖြတ်သန်းရဦးမှာဖြစ်ပါတယ်။

လီဗာပူးနည်းပြ ရော်ဂျာကတော့ စတားလင်းကို ရောင်းချမှာမဟုတ်ဘူးလို့ ဆိုနေပြီး လာမယ့်ဘောလုံးရာသီမှာ လီဗာပူးကလပ်မှာဘဲ ပြန်လည်ကစားဖို့ စည်းရုံးသွားမယ်လို့ ဆိုနေပါတယ်။ ဒါကြောင့် စတားလင်းရဲ့ အနာဂတ်ကတော့ ပရိသတ်တွေအတွက် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေခဲ့ပြီ ဖြစ်ပါတယ်။

နာပိုလီနည်းပြ ဘင်နီတက်ဇ်က သူသာ ရီးရဲမက်ဒရစ်နည်းပြဖြစ်လာခဲ့မယ်ဆိုရင် စတားလင်းကို ခေါ်ယူသွားဖို့ ဆန္ဒရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။

မိုးမြင့်လင်းလက်



ဂလက်စီနဲ့အတူ မေဂျာလိဂ်မှာ စတင်ကစားတော့မယ့် ဂျရတ်

လီဗာပူးက ထွက်ခွာသွားတဲ့ အသင်းခေါင်းဆောင် စတီဗင်ဂျရတ်ဟာ လာမယ့်ဇူလိုင် ၁၁ ရက်မှာ အမေရိကန်ကလပ် အယ်လ်အေဂလက်စီနဲ့ စတင်ပွဲထွက်ကစားမယ်လို့ ဆိုပါတယ်။ အသက် ၃၄ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂျရတ်ဟာ အင်တာနေရှင်နယ်ချန်ပီယံဖလားလုပွဲအဖြစ် မက္ကဆီကိုကလပ် အမေရိကနဲ့ ကစားမယ့်အိမ်ကွင်းပွဲမှာ စတင်ကစားမယ်လို့ ဆိုပါတယ်။ အယ်လ်အေဂလက်ဆီနည်းပြ ဘရုစ်အာရီနာက သူ့အနေနဲ့ ဂျရတ်ကို ဒီပွဲမှာ ပါဝင်ကစားပေးဖို့ ဆန္ဒပြင်းပြနေပါတယ်လို့ ဆိုပါတယ်။

"သူဇူလိုင် ၁၁ ရက်မတိုင်မီ ဒီကိုရောက်လာမှာပါ။ အချိန်မီလေ့ကျင့်မှုတွေပြုလုပ်ပြီး ပြိုင်ပွဲအတွက် အသင့်ဖြစ်ပါလိမ့်မယ်"လို့ နည်းပြက ဆိုပါတယ်။ ဂျရတ်ဟာ လောလောဆယ် လီဗာပူးကစားဖော်တွေနဲ့ ဒူဘိုင်းမှာ ရာသီကုန်နှုတ်ဆက်ဖို့ ရောက်ရှိနေပြီး အဲဒီ ကမှတစ်ဆင့် အမေရိကန်ကို သွားရောက်ကာ ဇူလိုင် ၈ ရက်မှာ စတင်မယ့် မေဂျာလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားမှာ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျရတ်ဟာ အယ်လ်အေဂလက်ဆီအသင်းနဲ့ နှစ်နှစ်စာချုပ်ထားကြောင်း ဇန်နဝါရီလက ကြေညာခဲ့ပါတယ်။ သူဟာ လီဗာပူးမှာ ၁၇ နှစ်ကြာ ကစားခဲ့ပြီးနောက် အမေရိကန်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

အန်ဖီးလ်မှာ ဆက်ရှိနေမယ့် ဘာလော့တယ်လီ

အီတလီတိုက်စစ်မှူး ဘာလော့တယ်လီဟာ ဒီနှစ်နွေရာသီမှာ အန်ဖီးလ်က ထွက်ခွာမှာမဟုတ်ဘူးလို့ သူ့ရဲ့ အေးဂျင့် မီနိုရေယိုလာက ပြောဆိုလိုက်ပါတယ်။ ဘာလော့တယ်လီဟာ ၂၀၁၄ ဩဂုတ်လက ပေါင် ၁၆ သန်းနဲ့ အေစီမီလန်အသင်းကနေ လီဗာပူးကို ပြောင်းရွှေ့ခဲ့ပါတယ်။ ဒါပေမယ့် သူဟာ အန်ဖီးလ်ကို ပြောင်းရွှေ့တဲ့ ပထမနှစ်မှာ လီဗာပူးအတွက် တစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ဘာလော့တယ်လီကို လီဗာပူးက ပြောင်းရွှေ့စေချင်တဲ့ အနေအထားရှိတယ်လို့ သတင်းများထွက်ပေါ်ခဲ့ပါတယ်။ ဘာလော့တယ်လီကို လီဗာပူးက ထွက်ခွာမလားလို့ မေးလာမယ်ဆိုရင် ထွက်ခွာဖို့ အစီအစဉ်မရှိဘူးလို့ ဖြေရပါလိမ့်မယ်လို့ အေးဂျင့်က ဆိုပါတယ်။ ဘာလော့တယ်လီအနေနဲ့ ကြိုးစားမှုတွေ ပိုမိုပြုလုပ်သွားဖို့လိုအပ်တယ်လို့ နည်းပြ ရော်ဂျာက ဆိုပါတယ်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး နည်းပြ ဘရီဒန်းရော်ဂျာနဲ့ ဆွေးနွေးဖို့ မရှိပါဘူး။ ဘာလော့တယ်လီဟာ လာမယ့်ရာသီမှာ လီဗာပူးမှာ ဆက်ရှိနေမယ်ဆိုတာ အခိုင်အမာပါပဲ"လို့ ရေယိုလာက ဆိုပါတယ်။ လာမယ့်ရာသီမှာ ဘာလော့တယ်လီအနေနဲ့ လီဗာပူးအတွက် အကောင်းဆုံး ကစားပေးမယ့် ကစားသမား ဖြစ်လာလိမ့်မယ်လို့လည်း အေးဂျင့် မီနိုရေယိုလာက ဆိုပါတယ်။

ဆန်းဒါးလန်းကို တန်းဆင်းဇုန်မှ ကယ်တင်ပြီး ထွက်ခွာသွားတဲ့ နည်းပြအက်ဒ်ဗိုကတ်

ကောင်းမြတ်သူ စုစည်းသည်။

ဒီနှစ် ပရီမီယာလိဂ်ရဲ့ တန်းဆင်းဇုန်လွတ်မြောက်ရေး ကြိုးပမ်းမှုမှာ ဆန်းဒါးလန်းအသင်းလည်း ပါဝင်ခဲ့ပါတယ်။ ဆန်းဒါးလန်းအသင်းကို တန်းဆင်းလွတ်အောင် အဓိကစွမ်းဆောင်ပေးခဲ့သူကတော့ နည်းပြ အက်ဒ်ဗိုကတ်ပဲဖြစ်ပါတယ်။ သူဟာ အသင်းကို တန်းမဆင်းရရေးကြိုးစားပေးပြီးနောက် အသင်းမှ ထွက်ခွာခဲ့ပါပြီ။ အသက် ၆၇ နှစ်အရွယ် ဒတ်ချ်လူမျိုး အက်ဒ်ဗိုကတ်က သူ့အနေနဲ့ ဆန်းဒါးလန်းအသင်းနဲ့ နည်းပြကြာကြာဆက်လုပ်ဖို့ ဆန္ဒမရှိဘူးလို့ ဆိုပါတယ်။ သူဟာ ရာထူးက ထုတ်ပယ်လိုက်တဲ့ မိုယက်စ်ရဲ့ နေရာမှာ မတ်လကစတင်ပြီး ဆန်းဒါးလန်းနည်းပြဖြစ်လာခဲ့ပါတယ်။ ထိုစဉ်က ဆန်းဒါးလန်းအသင်းဟာ တန်းဆင်းဇုန်အထက် တစ်မှတ်နဲ့ ရပ်တည်နေခဲ့ပါတယ်။ "ဆန်းဒါးလန်းဟာ ကျွန်တော့်ဘဝထဲက အမှတ်ရစရာတစ်ခုအဖြစ် ရှိနေမှာပါ"လို့ သူက ဆိုပါတယ်။ သူ့ကို ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ အဆက်အသွယ်တွေပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ အက်ဒ်ဗိုကတ်ဟာ အာဆင်နယ်ကို ဂိုးမရှိသရေ ကစားနိုင်ခဲ့တဲ့ပွဲမှာ အသင်းကို တန်းဆင်းလွတ်အောင် ကြိုးစားပေးနိုင်ခဲ့တဲ့အတွက် မျက်ရည်များပင် ကျခဲ့ရတယ်လို့ ဆိုပါတယ်။

HIV နှင့် AIDS ဝေဒနာရှင်များအား ကူညီစောင့်ရှောက်ရန် ပုလဲရင်ခွင်ဂေဟာဖွင့်

ပြင်ဦးလွင် မေ ၂၉

ပြင်ဦးလွင်မြို့နယ်အတွင်းမှ HIV နှင့် AIDS ဝေဒနာရှင်များအား ကူညီစောင့်ရှောက်မှုများပေးသွားရန်အတွက် ပုလဲရင်ခွင်ဂေဟာကို မန္တလေးမြို့အခြေစိုက် ပုလဲပရဟိတဖောင်ဒေးရှင်းက ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ရွာ၌ မေ ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ပုလဲရင်ခွင်ဂေဟာတွင် ဝေဒနာရှင်များအား စောင့်ရှောက်ပေးခြင်း၊ ART ဆေးရရှိရန် မန္တလေးနှင့် ပြင်ဦးလွင်ဆေးရုံနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများအပြင် စိတ်ပိုင်းဆိုင်ရာ မြင့်မားလာစေရန်နှင့် ဝေဒနာရှင်များ စွမ်းအင်ရှိသလောက်အလုပ်လုပ်ကိုင်နိုင်မည့် လမ်းကြောင်းပေါ်ရောက်ရှိအောင် ကူညီစောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေဒနာရှင်စောင့်ရှောက်ရေးတာဝန်ခံ ဒေါ်ယုယုလှိုင်က "ပြင်ဦးလွင်ဆေးရုံမှာ ART ဆေး လစဉ်ရယူတဲ့ ဝေဒနာရှင်ပေါင်း ၄၀၀ ကျော်ရှိပြီး အချို့ကို မန္တလေးဆေးရုံကြီးမှာ ယူပေးတယ်။ ပြင်ဦးလွင်ဆေးရုံမှာဆိုရင် ဝေဒနာရှင်တွေရဲ့ အသိမိတ်ဆွေတွေ တွေ့သွားရင် မကောင်းဘူးပေါ့။ မန္တလေးဆေးရုံကို ပို့ပေးတယ်။ သူတို့သိက္ခာပိုင်းကိုလည်း ထည့်တွက်တယ်"ဟု ပြောသည်။

ပုလဲပရဟိတအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေက ပုလဲရင်ခွင်ဂေဟာ ဖွင့်လှစ်မှုနှင့်ပတ်သက်၍ "ပုလဲဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ ဦးဆောင်တဲ့ ပရဟိတစီမံချက်တစ်ခုပါ။ ပြင်ဦးလွင်နယ်ဘက်မှာ HIV /AIDS ဝေဒနာရှင်တွေအတွက် စောင့်ရှောက်နိုင်ဖို့ ဂေဟာလေးဆောက်ခဲ့တယ်။ အခက်အခဲလေးတွေရှိလို့ ဖွင့်တာနောက်ကျခဲ့တယ်"ဟု ပြောသည်။

ပြင်ဦးလွင်မြို့နယ်တဝိုက်တွင် HIV /AIDS ဝေဒနာရှင် တစ်ထောင်ကျော်ရှိရာ ART ဆေးလစဉ်ရယူသည့် ဝေဒနာရှင် ၄၀၀ ခန့်ရှိကြောင်း၊ ပုလဲရင်ခွင်ဂေဟာအနေဖြင့် ပုလဲပရဟိတဖောင်ဒေးရှင်း(ရုံးချုပ်)နှင့် အများပြည်သူ လှူဒါန်းငွေဖြင့် ဝေဒနာရှင်များအား စောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သပြေ

နိုင်ငံတကာပညာရေးစနစ် သင်တန်းဆင်းပွဲကျင်းပ

မိတ္ထီလာ မေ ၂၉

တက္ကသိုလ်များမှ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာပညာရေးစနစ်များအကြောင်းကို လေ့လာသိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် ကျောင်းသား ကျောင်းသူများအတွက် ထိရောက်အောင်မြင်သည့် ပညာသင်ကြားရေးစနစ်များ အသုံးချသင်ကြားနိုင်ရေး၊ တန်ဖိုးရှိသည့် ဘွဲ့ရပညာတတ် လူငယ်များအား မွေးထုတ်သင်ကြားပေးနိုင်ရေးတို့အတွက် မိတ္ထီလာတက္ကသိုလ်၌ Nobel Management Academy မှ Academic Director ဒေါက်တာဇေယျာဦး ဖွင့်လှစ်ပို့ချသည့် နိုင်ငံတကာ ပညာရေးစနစ် (International Education System) သင်တန်းဆင်းပွဲကို မေ ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒေါက်တာဇေယျာဦးက သက်ဆိုင်ရာတက္ကသိုလ်များမှ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာပညာရေးစနစ်များအကြောင်းကို လေ့လာသိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် ကျောင်းသား ကျောင်းသူများအတွက် ထိရောက်အောင်မြင်သည့် ပညာသင်ကြားရေးစနစ်များအသုံးချနိုင်ရေး၊ ဘွဲ့ရပညာတတ် လူငယ်များအား မွေးထုတ်ရာတွင် နိုင်ငံတကာ သင်ကြားနည်းစနစ်များနှင့်အညီ သင်ကြားနိုင်ရေးတို့အတွက် သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်ခဲ့သော ဆရာ ဆရာမများအား သင်တန်းဆင်းလက်မှတ်များကို ပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ဌေးတို့က ပေးအပ်ချီးမြှင့်သည်။ အဆိုပါ နိုင်ငံတကာပညာရေးစနစ် (International Education System) သင်တန်းကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး မိတ္ထီလာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှ သရုပ်ပြ၊ နည်းပြဆရာ ဆရာမများ၊ လက်ထောက်ကထိကနှင့် ကထိကများ၊ တွဲဖက်ပါမောက္ခနှင့် ပါမောက္ခများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်ကြောင်းခဲ့ သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ခရမ်း မေ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အထက(၁)ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျောင်းအပ်နှံရေးကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး ခရမ်းမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်နိုင်နိုင်ဝင်းက မြို့နယ်အတွင်းကျောင်းအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရမ်းမြို့နယ်အတွင်းမှ အလှူရှင်များက ငွေကျပ် ၅၆ သိန်းကျော်တန်ဖိုးရှိ ဗလာစာအုပ်၊ စာရေးကရိယာ၊ ကျောင်းဝတ်စုံများ၊ ထီးနှင့် မိုးကာအင်္ကျီများကို ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်အောင်၊ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **ကိုမင်း(ခရမ်း)**

မူလတန်းနှစ်ထပ်ကျောင်းဆောင်ကြီး အန္တရာယ်ရှိအဆောက်အအုံအဖြစ်သတ်မှတ်

ဒိုက်ဦး မေ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၇) စက်ကွင်းရပ်ကွက်ရှိ ၁၉၅၃ ခုနှစ်က ဆောက်လုပ်ခဲ့သော အစိုးရ မူလတန်းကျောင်း နှစ်ထပ်သစ်သား ဆောင်ကြီးမှာ ဆက်လက်အသုံးပြုပါက ပြိုကျမည့်အခြေအနေ စစ်ဆေးတွေ့ ရှိရသဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်ဆံ့ အဆိုပါကျောင်းဆောင်ကို အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်လိုက်ကြောင်း မြို့နယ်စည်ပင် သာယာရေးအင်ဂျင်နီယာဌာနနှင့် မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အန္တရာယ်ရှိ ကျောင်းဆောင်၏အခြေအနေကို မေ ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်စည်ပင်သာယာရေးနှင့် မြို့နယ်ဆောက်လုပ်ရေးဌာနတို့မှ တာဝန်ရှိအင်ဂျင်နီယာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ရပ်မိရပ်ဖများ စုံညီစွာတွေ့ဆုံကြ ပြီး အဆိုပါပြိုကျမည့် အခြေအနေရှိသော ပင်မသစ်သားနှစ်ထပ်ကျောင်း ဆောင်တွင် ကျောင်းသား ကျောင်းသူများစာသင်ခြင်းအတွက် လုံးဝအသုံးမပြု ရန်နှင့် ကျောင်းဖွင့်ချိန်အမီ ယာယီစာသင်ဆောင်တစ်ခု အမြန်ဆုံးတည် ဆောက်ရန် ဆုံးဖြတ်ကြသည်။

ဖော်ပြပါ မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် ကျောင်းအပ်လက်ခံထားရှိပြီး စာသင်ဆောင်အခက်အခဲရှိနေကြောင်း သိရ သည်။

ကျော်ကျော်(iprd)

မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၉

ဇွန် ၂၆ ရက်တွင် ကျရောက် မည့် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် အကြိုလှုပ်ရှားမှုအဖြစ် အသိ ပညာပေးဟောပြောပွဲကို မေ ၂၇ ရက်က ရန်ကုန်(တောင်ပိုင်းခရိုင်) လူမှုဝန်ထမ်းဦးစီးဌာန သန်လျင် လူငယ် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မူးယစ်ဆေးဝါးပြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ရန်ကုန်)မှ လူမှုဝန်ထမ်းဦးစီးအရာရှိ ဒေါ်အေးအေးလွင်က မူးယစ်ဆေးဝါး ပြတ်ပြီးသူများ (ရန်ကုန်) ပြန်လည် ထူထောင်ရေးစခန်းသည် မူးယစ် ဆေးဝါးသုံးစွဲခဲ့ပြီး အမှားကို သိရှိ၍ အမှန်ပြင်လာသူများအား တွဲခေါ် ထူထောင်ပေးသည့်အဖွဲ့ ဖြစ်ပါ ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အတူလူမှုရေး အဖွဲ့အစည်းများ ကပါ လူ့ဘောင်ကောင်းကျိုးအတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်လျက်ရှိ ကြောင်း ဆေးဖြတ်သည်က ရှက်စရာ မဟုတ်ဘဲ ဆေးမဖြတ်သည်ကသာ ရှက်စရာဆိုသည်ကို သိနားလည် ဖို့လိုပါကြောင်း၊ ထို့ကြောင့် မူးယစ် ဆေးဝါးကို မသုံးစွဲဖို့လိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးသုံးစွဲ သူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)မှ ဦးကံမြင့်က မူးယစ်ဆေး ဝါးအန္တရာယ်အကြောင်းဟောပြော ပြီး MANA အသင်း၏ အဖွဲ့ ခေါင်းဆောင် ဦးစိုင်းအောင်ခမ်းနှင့် အဖွဲ့ဝင် ဦးမင်းအောင်သွင်တို့က ၎င်းတို့ကိုယ်တိုင် မူးယစ်သားကောင် ဘဝရောက်ခဲ့ရ၍ လူမှုရေး၊ ကျန်းမာ ရေးများဆုံးရှုံးပြီးမှ အသိတရားရလာ ခဲ့ပုံများကို ကိုယ်တွေ့ကြုံဖြစ်ရပ်များ နှင့်မူးယစ်ဆေးအန္တရာယ်အကြောင်း ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

တရားမဝင်တင်သွင်းလာသော ရေခဲသေတ္တာနှင့် စည်သွတ်ဘူးများ ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၉

တရားမဝင်ကုန်သွယ်မှု တားဆီး ထိန်းချုပ်ရေး ဗဟိုကော်မတီသည် နိုင်ငံတော် အခွန်ငွေတိုးတက်ရရှိရေး နှင့် တရားမဝင် ကုန်သွယ်မှုလမ်း ကြောင်းပေါ်ရောက်ရှိရေးအတွက် အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့များဖွဲ့၍ အရှိန်အဟုန်မြှင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်း ပေးပို့ချက်အရ ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာသော မော်လမြိုင် မြို့မှ ထွက်ခွာလာသည့် အမှတ်(၉) အစုန်ရထားအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းခေါင်းဆောင်သော အဖွဲ့ စုံပါဝင်သော Mobile Team အဖွဲ့ များက မေ ၂၆ ရက် ညနေ ၆ နာရီ တွင် သတင်းအရစောင့်ဆိုင်းနေစဉ် တွဲအမှတ် GBH 40039 ကုန် တင်တွဲပေါ်တွင် တရားမဝင်တင်သွင်း လာသည့် တစ်ဖက်နိုင်ငံထုတ် ရေခဲ သေတ္တာ ၂၅ လုံးနှင့် စည်သွတ်ဘူး ၆၅ ဖာ ဖမ်းဆီးရမိခဲ့သည်။ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သိန်း ၁၅၀ ကျော်ခန့်ရှိပြီး ၎င်းပစ္စည်းကို အကောက်ခွန်အမှုတွဲဖွင့်၍ သက်ဆိုင် ရာဌာနများ၏ ဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ စီစစ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ကျော်မြင့်အေး

ထီးလင်းမြို့နယ် ကျေးရွာအချို့တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွား

ထီးလင်း မေ ၂၉

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်ရှိ အောင်းရွာ၊ တင်းချောင်းရွာ၊ ကျားခဲရွာ၊ အကြည်ဘန်းရွာ၊ အလယ်ဘန်းရွာတို့တွင် မေ ၂၃ ရက်ညနေက လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားသဖြင့် လူနေအိမ် ၇၇ လုံးတွင် အိမ်မိုးများပျက်စီးသွားကြောင်း သိရသည်။ ထိုသို့ပျက်စီးရာ အောင်းရွာတွင် ၃၃ လုံး၊ တင်းချောင်းရွာတွင် ၂၅ လုံး၊ ကျားခဲရွာတွင် ရှစ်လုံး၊ အကြည်ဘန်းရွာတွင် ခြောက်လုံးနှင့် အလယ်ဘန်းရွာတွင် ငါးလုံးတို့ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု အားပေး၍ လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅. ၅. ၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက် "အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်- ပထမဆု) ကို
"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အားလည်းကောင်း၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
"နိုင်ငံ့စွမ်းဆောင်ရည်ဆု"
(နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု) ကို
"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း" အားလည်းကောင်း
ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး
ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍
ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
Oriental Leasing Co.,Ltd.
(A Subsidiary of M.O.B)

တစ်ခါတုန်းက အင်တာနက်ဆိုင်များ

သူရဖြိုး

ရပ်ကွက်တွေထဲက စာအုပ်အငှားဆိုင်တွေမှာ အဓိက ပရိသတ်ဖြစ်တဲ့ လူငယ်တွေအကုန်လုံး အင်တာနက်ဆိုင်တွေဆီ စုပြုံရောက်သွားခဲ့ပြီး စာအုပ်ငှားတဲ့လူ မရှိသလောက်နည်းလာလို့ စာအုပ်အငှားဆိုင်တွေ ပိတ်ပစ်ရတာမျိုး ၂၀၁၀ ခုနှစ်လောက်က ဖြစ်ခဲ့ပါတယ်။ ခေတ်ရေစီးကြောင်းအရ အသစ်ပေါ်လာတဲ့ အင်တာနက်ကို စိတ်ဝင်စားမှုပြောင်းလာတာကြောင့် စာအုပ်အငှားဆိုင်တွေအပေါ် စိတ်ဝင်စားမှုလျော့ကျခဲ့ပြီး စာအုပ်အငှားဆိုင်တွေ ရပ်တည်မရလောက်အောင် ဖြစ်ခဲ့တာပါ။

အဲဒီအချိန်တုန်းက လူငယ်တွေ စိတ်ဝင်စားတာခံခဲ့ရတဲ့ အင်တာနက်ဆိုင်တွေကို ရန်ကုန်မြို့ရဲ့ ရပ်ကွက်တိုင်း လမ်းတိုင်းမှာ အများအပြားဖွင့်ခဲ့ကြတာ တွေ့မြင်ခဲ့ရပါတယ်။ အဲဒီ အင်တာနက်ဆိုင်တွေဟာလည်း တစ်ချိန်က စာအုပ်ဆိုင်တွေရဲ့ အခြေအနေမျိုးကို အခုပြန်ပြီးကြုံနေရပြီဖြစ်ပါတယ်။

နောက်ဆုံးဆိုင်ဖွင့်ချိန်

၂၀၁၂ ခုနှစ်မှာ ဖုန်းတွေဈေးပေါပေါနဲ့ ရလာပြီး မိုဘိုင်းအင်တာနက်ကို အသုံးများလာတာကြောင့် အင်တာနက်ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ပိတ်ခဲ့ပြီးချိန်မှာ လက်ကျန်ဆိုင်တချို့အနေနဲ့လည်း ဒီနှစ်မိုးရာသီကျောင်းဖွင့်ချိန်ဟာ နောက်ဆုံးဆိုင်ဖွင့်ချိန်ဖြစ်နေကြောင်း ဆိုင်ရှင်အချို့က ပြောကြပါတယ်။

“အင်တာနက်သုံးတဲ့လူ နည်းနေပေမယ့် နွေကျောင်းပိတ်ရက်ဆိုရင်တော့ ဂိမ်းလာဆော့တဲ့ ကလေးတွေရှိသေးတယ်။ အခုကျောင်းဖွင့်ရင်တော့ ဂိမ်းဆော့တဲ့လူလည်း ရှိတော့မှာမဟုတ်ဘူး။ နှစ်တိုင်းမှာလည်း မိုးရာသီနဲ့ စာမေးပွဲဖြေချိန် ဖေဖော်ဝါရီ၊ မတ်လတွေက လူအနည်းဆုံးအချိန်ပဲ။ ဒါကြောင့် အခုကျောင်းဖွင့်ချိန်ကို ဆိုင်ပိတ်တော့မှာ”လို့ တာမွေမြို့နယ် ဗညားဒလလမ်းမကြီးပေါ် တာမွေဈေးအနီးမှာရှိတဲ့ အင်တာနက်ဆိုင်ရှင်တစ်ဦးက ပြောပါတယ်။

ဆိုင်ဖွင့်နေလေ ရှုံးလေလေ

၂၀၁၂ နှစ်ကုန်ပိုင်းကစလို့ အင်တာနက်ဆိုင်တွေ အများအပြား ပိတ်ခဲ့ပြီးပေမယ့် ဒီနှစ်ဆန်းအထိ မပိတ်သေးဘဲ တောင့်ခံခဲ့တဲ့ဆိုင်တွေအနေနဲ့ ဒီနှစ်မိုးတွင်းမှာတော့ ဆက်ခံနိုင်ချေမရှိတော့ဘူးလို့ ဆိုပါတယ်။ အင်တာနက်ဆိုင်ဖွင့်ဖို့အတွက်က နေ့စဉ်ကုန်ကျစရိတ်ရှိနေလို့ ဝင်ငွေပြန်မရရင် နေ့စဉ်အရှုံးပေါ်နေတာကြောင့် မပိတ်မဖြစ် ပိတ်ရတာဖြစ်ပါတယ်။

အင်တာနက်ဆိုင် နှစ်မျိုး

အင်တာနက်ဆိုင်တွေ စဖွင့်ချိန်က အင်တာနက်ဆိုင်တွေကို Public Access Centre ဆိုတဲ့အမည်နဲ့ မြန်မာအင်ဖိုတက်ခ်က လိုင်စင်တွေထုတ်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ အချို့ဟာ ကုန်ကျစရိတ်သက်သာအောင် လိုင်စင်ကြေးမပေးသလို PAC အနေနဲ့ ဆိုင်မဖွင့်ဘဲ အိမ်သုံးအင်တာနက်လိုင်းလျှောက်ပြီး ဆိုင်ဖွင့်ခဲ့ကြတာတွေ ရှိပါတယ်။ အဲဒီနောက် ၂၀၁၁ ခုနှစ်မှာ အင်တာနက်ဆိုင် လိုင်စင်ထုတ်ပေးတာကို မြန်မာ့ဆက်သွယ်ရေးက လွှဲပြောင်းယူခဲ့ပါတယ်။ မြန်မာအင်ဖိုတက်ခ်က

မြန်မာ့ဆက်သွယ်ရေးကို PAC လိုင်စင်ကိစ္စတွေ လွှဲပြောင်းပေးချိန်မှာ ဆိုင်အရေအတွက် ၈၀၀ နီးပါးလွှဲခဲ့ပေမယ့် အဲဒီစာရင်းထဲမပါဘဲ ဖွင့်ခဲ့တဲ့ဆိုင်တွေလည်း ရပ်ကွက်တွေမှာ အများကြီးရှိခဲ့ပါတယ်။

ကုန်ကျစရိတ်တွေ

ဒါပေမယ့်အခုအချိန်မှာတော့ PAC အနေနဲ့ ဖွင့်ခဲ့တဲ့ အင်တာနက်ဆိုင်ဖြစ်ဖြစ်၊ လိုင်စင်မယူဘဲ ဖွင့်ခဲ့တဲ့ အင်တာနက်ဆိုင်ဖြစ်ဖြစ် အားလုံးနီးပါး ပိတ်ကုန်ကြပြီဖြစ်ပါတယ်။ လိုင်စင်ကြေးအတွက် ကုန်ကျစရိတ်သက်သာအောင် PAC အမည်မခံပေမယ့် အင်တာနက်ဆိုင်တွေမှာ အင်တာနက်လိုင်းအတွက် လစဉ်ကြေး၊ မီတာခနဲ့ ဆိုင်ခန်းငှားခ စသဖြင့် ရှောင်မရတဲ့ကုန်ကျစရိတ်တွေ ရှိနေပါတယ်။ ဒါ့အပြင် ဝန်ထမ်းအတွက် လခ၊ ကွန်ပျူတာတွေ ပြင်ဆင်စရိတ်၊ အခြားအခွန်အခတွေ စတဲ့ ကုန်ကျစရိတ်တွေလည်း ရှိပါသေးတယ်။

ဝင်ငွေရဖို့ အမျိုးမျိုးရှာပေမယ့်

အင်တာနက်ဆိုင်တွေဟာ အင်တာနက်သုံးသူ နည်းလာချိန်မှာ Lan Game ဆိုင်အဖြစ်ပြောင်းလဲပြီး ဂိမ်းကရတဲ့ငွေကို အားကိုးခဲ့ရပါတယ်။ ဂိမ်းကရတဲ့ငွေအပြင် အိမ်မှာနေရင်း မိုဘိုင်းအင်တာနက်ထက်ပိုကောင်းတဲ့ လိုင်းကိုသုံးချင်သူတွေအတွက် လိုင်းခွဲရောင်းတဲ့ပုံစံနဲ့လည်း ဝင်ငွေရှာခဲ့ပါသေးတယ်။

“ဝိုင်ဖိုင်ပြန်လွှင့်ပေးပြီး Password တစ်ခုပေးထားပြီးတော့ တစ်လကို သုံးသောင်းနဲ့ ရောင်းခဲ့ဖူးတယ်။ အဲဒါကလည်း ဝိုင်ဖိုင်ဧရိယာအရ ဆိုင်အနီးအနားကိုပဲ ရောင်းလို့ရသလို တချို့ကလည်း တစ်ယောက်ဝယ်ပြီး နှစ်ယောက်သုံးယောက်ခွဲသုံးလို့ သိပ်မကိုက်ဘူး။ နောက်ပြီး အဲဒါက ကျွန်တော်တို့ကိုချပေးတဲ့ လိုင်စင်အရတရားမဝင်လို့ သိပ်လည်းမလုပ်ရဲတာနဲ့ နောက်တော့မလုပ်ဖြစ်တော့ဘူး”လို့ အင်းစိန်မြို့နယ် ကြို့ကုန်းရပ်ကွက်ထဲမှာ အင်တာနက်ဆိုင်ဖွင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်းမှာ ဆိုင်ပိတ်ခဲ့တဲ့ ကိုမျိုးက ပြောပါတယ်။

တရားဝင်တဲ့နည်းလမ်းအနေနဲ့တော့ ဆော့ဖ်ဝဲတွေနဲ့ အင်တီဗိုင်းရပ်စ်ဆော့ဖ်ဝဲတွေအတွက် Update တွေကို ဒေါင်းလုပ်ဆွဲပေးတာမျိုး၊ ဗီဒီယိုဖိုင်တွေ ဒေါင်းလုပ်ဆွဲပေးတာမျိုးကိုလည်း လုပ်ခဲ့ကြပါတယ်။ နည်းလမ်းအမျိုးမျိုးနဲ့ ဝင်ငွေရအောင်ရှာခဲ့ပေမယ့် အခြေခံကုန်ကျစရိတ်တွေတောင် ပြန်မရှာနိုင်တော့လို့ အင်တာနက်ဆိုင်တွေ ပိတ်ပစ်ကုန်ကြတာပါ။

ဒီတစ်နှစ် မိုးရာသီလည်း

“ကျွန်တော့်ဆိုင်လည်း မနှစ်က မိုးရာသီကျောင်းဖွင့်ချိန်အထိတော့ ဆိုင်ဖွင့်ခဲ့ပါတယ်။ အမြတ်မကျန်ပေမယ့် နွေကျောင်းပိတ်ရက်မှာတော့ ဂိမ်းကရတဲ့ငွေနဲ့ အရင်းရရုံလောက် ရှာလို့ရခဲ့သေးတယ်။ ဒါပေမယ့် ကျောင်းဖွင့်ချိန်ဆိုရင် ဘယ်လိုမှဆက်ရပ်တည်လို့ မရတော့မှန်းသိလို့ ဆိုင်ပိတ်ခဲ့တာ။ ဒီနှစ်လည်း မေနဲ့ ဇွန်လအတွင်း လက်ကျန်ဆိုင်တွေ ဆက်ပိတ်ကြလိမ့်ဦးမယ်”လို့ ကိုမျိုးက ဆိုပါတယ်။

လက်ကျန်ဆိုင် ဘယ်လောက်ရှိ

အရင်တုန်းက PAC လိုင်စင်တွေကို မြန်မာအင်ဖိုတက်ခ်က ကိုင်နေတုန်းက ဆိုင်အရေအတွက်၊ လစဉ်ဖွင့်တဲ့ ဆိုင်သစ်အရေအတွက် စတာတွေကို ထုတ်ပြန်ပါတယ်။ ဒါပေမယ့် မြန်မာ့ဆက်သွယ်ရေးက ပြောင်းယူပြီးတဲ့နောက်မှာ ထုတ်ပြန်ကြေညာတာ မလုပ်တော့တဲ့အတွက် ဆိုင်ဘယ်လောက်ရှိတယ်ဆိုတာ အတိအကျမသိရတော့ပါဘူး။

မျက်မြင်အရတော့ အင်တာနက်ဆိုင်တွေ အခြေအနေကောင်းခဲ့တဲ့ ၂၀၁၀ ခုနှစ်နဲ့ အခု ၂၀၁၅ မှာ အရင်ကရှိခဲ့တဲ့ အင်တာနက်ဆိုင်အရေအတွက်ရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ မရှိတော့ပါဘူး။ ရှိတဲ့ဆိုင်အချို့ကလည်း Lan Game ဆိုင်အနေနဲ့သာ ရပ်တည်နေကြရတာ များပါတယ်။

အင်တာနက်ဆိုင်တွေ မရှိရင်

“အင်တာနက်ဆိုင်တွေမရှိရင် ဆိုင်တွေကို ကလေးတွေသွားတာ၊ ဂိမ်းဆော့တာ၊ ချတ်တင်ထိုင်တာတွေကြောင့် ကလေးတွေအတွက် မကောင်းဘူးလို့ထင်တဲ့ မိဘတွေကတော့ ကျေနပ်မယ်ထင်တယ်။ ဒါပေမယ့် ကလေးတွေလက်ထဲမှာ ဖုန်းတွေရှိနေတဲ့အတွက် ချတ်တင်ထိုင်တာမျိုးကို မိဘတွေ တားနိုင်မှာမဟုတ်ဘူး။ အင်တာနက်ဆိုင်တွေ၊ ဂိမ်းဆိုင်တွေကြောင့် လူငယ်တွေ ဂိမ်းစွဲတယ်။ ပျက်စီးတယ်ဆိုတာ မှန်သင့်သလောက်ပဲ မှန်ပါတယ်။ အင်တာနက်ဆိုတာက သုံးတဲ့လူအပေါ် မူတည်တာပါ။ တကယ်လို့ အင်တာနက်ဆိုင်ကိုသွားပြီး အွန်လိုင်းကနေသင်လို့ရတဲ့ ကွန်ပျူတာနည်းပညာတွေ လေ့လာနေမယ်ဆိုရင် မိုဘိုင်းဖုန်းကနေ စာဖတ်ပြီး လေ့လာနေတာထက် ကွန်ပျူတာကနေဆို လေ့လာလို့ ပိုအဆင်ပြေတာပေါ့။ အင်တာနက်ဆိုင်မှာက တစ်ခုခုဆိုရင် ဆိုင်ရှင်ကို မေးလို့လည်းရနေတယ်။ အရင်တုန်းက အင်တာနက်ကောင်းကောင်းသုံးတတ်တဲ့ လူငယ်ဆိုရင် ကွန်ပျူတာအခြေခံတော့ သိပြီးသားပဲ။ အခုလူငယ်တချို့ဆိုရင် အင်တာနက်ပေါ်မှာ ဖေ့စ်ဘွတ်ခ်သုံးနေ၊ ချက်တင်ထိုင်နေပေမယ့် ကွန်ပျူတာနဲ့ပတ်သက်ရင် ဘာမှ နားမလည်တော့တာက သက်သေပါပဲ”လို့ အင်တာနက်ဆိုင်တွေရဲ့အားသာချက် အားနည်းချက်နဲ့ပတ်သက်လို့ သူ့ရဲ့အမြင်ကို ကိုမျိုးက ပြောပြပါတယ်။ ။

မန်းရွှေစက်တော်ဘုရားအဝင်မုခ်ဦးနှင့် သာသနာ့ဗိမာန်ဆောက်လုပ်ခြင်း ဩဝါဒခံယူပွဲကျင်းပ

မကွေး မေ ၂၉

မကွေးမြို့ ရန်အောင်ရပ်မြို့ပတ်လမ်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းဝင်းအတွင်းရှိ တိုင်းဒေသကြီးသံဃနာယက ကျောင်းတော်၌ မေ ၂၆ ရက်က မင်းဘူး(စကု)မြို့နယ်မန်းရွှေစက်တော်ဘုရားအဝင်မုခ်ဦးနှင့် သာသနာ့ဗိမာန်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆရာတော်ကြီးများထံက ဩဝါဒခံယူပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားသို့ မကွေးမြို့ သံဃာရာမကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ဘဒ္ဒန္တစိန္တာသာရနှင့်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့်အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးများအား မန်းရွှေစက်တော်ဘုရား အဝင်မုခ်ဦးနှင့် သာသနာ့ဗိမာန်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားခြင်း၊ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်းတို့ ဆောက်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

သီဟိုဠ်ရှင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ပခုက္ကူ မေ ၂၉

(၈၉၈)ကြိမ်မြောက် ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နယုန်လဆန်း ၈ ရက်မှလပြည့်ကျော် ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သီဟိုဠ်ရှင်မြတ်စွာဘုရားဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် ပခုက္ကူမြို့နယ်တွင် အစည်ကားဆုံး ဘုရားပွဲတော်ကြီးဖြစ်ပြီး အစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း နယုန်လပြည့်နေ့တွင် ဘုရားပွဲအထိမ်းအမှတ်အဖြစ် ပခုက္ကူမြို့ပေါ်ရှိ စာသင်တိုက်ကြီးသုံးတိုက်နှင့် မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းများ၊ မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အပါး ၂၀၀၀ ကျော် ပင့်ဖိတ်ပြီး ဆွမ်းသပိတ်လုံးများ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

ဉာဏ်တိုး(iprd)

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

လားရှိုး မေ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း မိုးပွင့်(အထူး)စီမံချက်အရ "ဝ" အထူးဒေသ (၂)မှဒေသခံတိုင်းရင်းသားပြည်သူများနိုင်ငံသားစိစစ်ရေးကတ်ပြားရရှိနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရှမ်းပြည်နယ်(မြောက်ပိုင်း)တွဲဖက်ပြည်နယ်ဦးစီးဌာနမှူးရုံးမှ ထုတ်နုတ် ဝန်ထမ်းများဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို မေ ၂၆ ရက်က ဝိန်းကောင်ဒေသ "ဝ" အထူးဒေသ(၂)မိုင် လင်ခရိုင်ပြည်သူ့အစိုးရရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုင်းမောမြို့နယ်ဦးစီးဌာနမှူးဦးစီးအရာရှိ ဦးစောဝင်းလွင်က ဒေသခံတိုင်းရင်းသားပြည်သူများ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၂၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်လွင်

ဘေးမဲ့ကန်ကြီးအတွင်းမှ ငါးနှင့်ရေငှက်များ ဖမ်းဆီးနေ

စလင်း မေ ၂၉

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင်း ရှေးနှစ်ပေါင်း ၈၂၀ ခန့်က တူးဖော်ထားခဲ့ သော ဝက်သည်းကန်ကြီးကို နိုင်ငံတော်အစိုးရက ၁၉၅၃ ခုနှစ်က စတင်၍ သားငှက်ဘေးမဲ့ကန်အဖြစ် သတ်မှတ်ပေးခဲ့သည်။ သို့သော် မည်သူကမှကြပ်မတ်စွာ မစောင့်ရှောက်သဖြင့် ကန်ကြီးအတွင်းမှ ငါးများအား ညဘက်တွင် ကျဉ်စက်တို့၍ ဖမ်းခြင်း၊ ရေနေငှက်များအား ထောင်ချောက်ဆင်၍ဖမ်းခြင်းများ ပြုလုပ်နေကြသဖြင့် ဘုရားဖူးပြည်သူများက ၎င်းကိစ္စရပ်များအား ထိရောက်စွာအရေးယူဆောင်ရွက်ပေး ရန် လိုလားလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ကျေးရွာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

သထုံ မေ ၂၉

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်အမီ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် သထုံမြို့နယ် ကတိုက်ကလေးကျေးရွာတွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သော အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို မေ ၂၇ ရက်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပေးအပ်ပွဲကို အဆိုပါကျောင်းတွင် ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းတို့က ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်အောင်နှင့်ရပ်မိရပ်ဖတစ်ဦးတို့က လာမည့်ပညာသင်နှစ်တွင်မိမိတို့၏ ရင်သွေးငယ်များ လုံခြုံအေးချမ်းစွာပညာ သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း ဒေသခံပြည်သူများကိုယ်စား ဝမ်းမြောက် စကားများ ပြောကြားခဲ့သည်။

အဆိုပါ ကျောင်းကို ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေဖြင့် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ဖြင့်အာရ်စီ တစ်ထပ် တည်ဆောက်ခြင်းဖြစ်ပြီး ယခု ကျောင်းဆောင်သစ်မှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီမတိုင်မီတွင် သထုံမြို့နယ်အတွင်း ခုနစ်ခုမြောက် လွှဲပြောင်းပေးအပ်နိုင်သည့် ကျောင်းဆောင်သစ်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

သက်ဦး (သထုံ)

သုံးမြွှာပူးမိခင်အား ထောက်ပံ့ငွေပေးအပ်

ပြည် မေ ၂၉

ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မေ ၂၅ ရက် နံနက် ၉ နာရီက ပြည်မြို့ ဝက်ထီးကန်ကျေးရွာအုပ်စု ကန်ဘောင်ရပ် ကန်ဘောင်လမ်းနေ ဦးဇော်မြင့်ဦး-ဇနီးဒေါ်စန်းစန်းမြင့် (၄၃ နှစ်)မှ တစ်ဦးလျှင် လေးပေါင်ရှိ မိန်းကလေးအမြွှာသုံးဦးကို ကောင်းမွန်စွာမွေးဖွားခဲ့သည်။ ၎င်းမိခင်အား ပြည်ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ မေ ၂၆ ရက်က ငွေကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၇၈)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

တပ်ကုန်း မေ ၂၉

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ ဒုရဲမှူးမင်းနိုင်က လူကုန်ကူးမှုဆိုင်ရာများနှင့်ပတ်သက်သည့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းများ၊ လူမှောင်ခိုမှုအကြောင်းများ၊ ဥပဒေဆိုင်ရာဖွင့်ဆိုချက်များ၊ လူကုန်ကူးမှုမြောက်စေသော ပြစ်မှုအင်္ဂါသုံးရပ်၊ ခေါင်းပုံဖြတ်ခြင်းအကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၂၀၀၅၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်အဖွဲ့လုပ်ငန်းစဉ်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် တပ်ကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသန်းဝင်းက မူခင်းကျဆင်းရေးဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

Fully Auto

ဆရာဝန်များဦးစီးသည်
Air-Con
(Guide)

Myanmar Distribution Group Co., Ltd (MDG)

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်မင်းဟာမောင်း ၄/မတန(နိုင်)၀၂၆၃၃၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၄၉၆၈၀၇

ပျောက်ဆုံးကြောင်း
ကျွန်တော်အောင်နိုင် CDC-21417 ၏ PSC 8RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၅၄၆၅၀၈

မသက်ဆိုင်တော့ပါကြောင်း
ကလေးဝမြို့၊ (၁) ရပ်ကွက်နေ ဦးချစ်သန်း ၅/ကလဝ(နိုင်)၀၂၆၂၈၅နှင့် ကလေးဝမြို့၊ (၃)ရပ်ကွက်နေ ဒေါ်ခင်သိန်းဦး ၅/မလန(နိုင်)၀၀၀၀၆၂တို့သည် အတူပေါင်းသင်းနေထိုင်ခြင်း မရှိပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးချစ်သန်း ၅/ကလဝ(နိုင်)၀၂၆၂၈၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့
ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကတ္တရာလမ်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာများကို ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က)	**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်**	- ၁-၆-၂၀၁၅ရက်(သောကြာနေ့)
	နေရာ	- ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ကချင်ပြည်နယ်(ရုံးချိန်အတွင်း)
(ခ)	**တင်ဒါလျှောက်လွှာရယူနိုင်သည့် နောက်ဆုံးရက်**	- ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
(ဂ)	**တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်**	- ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့)
	အချိန်၊ နာရီ	- နံနက် ၁၁နာရီ
	နေရာ	- ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်

၂။ ကတ္တရာ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာအား ထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင် ပါဝင်သည့် ကတ္တရာပီပါ အရေအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင် တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty)ပေးဆောင်ထားပြီးကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း/ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကတ္တရာအရည်အသွေး စစ်ဆေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

CHARACTERSTICS	SPECIFICATION	TESTMETHOD
Specific Gravity@25/27 C	1.001/1.05	D-70
Penetration @ 25 C	80/100	D-5
Softening Point C	45/52	D-36
Ductility @ 25 C	100 min	D-113
Loss on HEATING(wt)%	0.5 max	D-6
Drop in Peneration after Heating%	20 max	D-6& D-5
Flash Point C	225 min	D-92
Solubility in CS 2(wt)%	99.05 min	D-4
Spot test	Negative	A.A.S.H.OT.102

၃။ တင်သွင်းမည့်ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး (ရန်ကုန်အထိုင်ဈေးနှုန်း)အပေါ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေရမည့် သတ်မှတ် With Holding Tax ကို ခုနှိမ်၍ ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ကချင်ပြည်နယ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဖုန်း-၀၇၄-၂၉၅၁၆၊ ၀၇၄-၂၂၃၂၂တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အမည်ပြောင်း

ဦးကြည်ရွှင်-ဒေါ်သီတာတို့၏သား၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ် အထက(သနပ်ပင်)တက္ကသိုလ်ဝင်တန်းမှ မောင်ကြည်လင်းထွဋ်အား မောင်ထူးအောင်ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထူးအောင်ခိုင်**

Job Vacancy

Finland [illegible] KONE [illegible] Octagon Automobile & Machinery Service Co.,Ltd. [illegible]

(1) Service General Manager ([illegible] ၁၀ [illegible]) (1) ဦး
(2) Installation Manager ([illegible] ၇ [illegible]) (1) ဦး
(3) Test & Commissioning Manager ([illegible] ၇ [illegible]) (1) ဦး
(4) Service & Maintenance Manager ([illegible] ၇ [illegible]) (1) ဦး
(5) Technician ([illegible]) (10) ဦး
(6) Admin/HR Manager ([illegible] ၁၀ [illegible]) (1) ဦး
(7) IT ([illegible] ၁ [illegible]) (2) ဦး
(8) Mechanic ([illegible]) (10) ဦး

[illegible]

Email Address hr@[illegible].com / Tel. 09-[illegible]1438 , 01-222225

[illegible]

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G-4525 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

[illegible]

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9230 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် ၃၅၉၊ ဧရိယာ ၄ ဒသမ ၇၉၀ ဧက၊ နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးတိုးနိုင်မန်း၊ ဒေါ်ဇေဇင်လတ်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် ၃၁၁၇/၂၀၁၅ တင်ပြ၍ ဒေါ်အေးအေးမြင့် ၁၂/လသန(နိုင်)၀၀၀၁၉၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် ၃၆၀၊ ဧရိယာ ၆ ဒသမ ၅၀၀ ဧက၊ နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးတိုးနိုင်မန်း၊ ဒေါ်ဇေဇင်လတ်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် ၃၁၁၈/၂၀၁၅တင်ပြ၍ ဒေါ်စမ်းစမ်းရီ(ခ)ဒေါ်စမ်းစမ်းတင် ၁၂/လသန(နိုင်)၀၁၁၄၂၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည+ဋ္ဌတိုးချဲ့၊ လူနေရပ်ကွက်အမှတ် မေတ္တာဦးအိမ်ရာ၊ မြေကွက်အမှတ် ၁၆၂ ဧရိယာ ဝဒသမ ၁၄၃ဧကရှိပြီး နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဗိုလ်မှူးချုပ်သူရစိန်သောင်း(ငြိမ်း)ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်အမှတ်-၃၁၇၀/၂၀၁၅ တင်ပြ၍ ဒေါ်ခင်အေးသန့် ၁၂/သလန(နိုင်)၀၃၃၁၀၄ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၁၁(ကမာရွတ်) မြကန်သာအိမ်ရာ၊ မြေကွက်အမှတ် ၁၀၀၊ ဧရိယာဝဒသမ ၁၃၁ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးတင်လှ၊ ဒေါ်တင်တင်နွဲ့ ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်အား အရောင်းအဝယ်စာချုပ် (၂၈၄၉ /၂၀၁၅)တင်ပြ၍ ဒေါ်နန်းဆွေဆွေပြုံး ၁၃/မကန(နိုင်)၀၀၁၇၃၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်း အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

အလိမ္မာ စာမှာရှိ

ကြော်ငြာစာ
အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်(၇၈)

လျှောက်ထားသူများ

(၁)ဒေါ်ဦးဦးမေ၊ (၂)ဦးသိန်းသူရကျော်၊ (၃)ဦးလင်းဝဏ္ဏကျော်၊ (၄)ဒေါ်ဝတ်ရည်ကျော်ကျော်၊ (၅)ဒေါက်တာဦးအောင်သော်၊ (၆)ဒေါ်မော်မော်၊ (၇)ဒေါ်သန်းသန်းဆွေ၊ (၈)ဒေါ်အုန်းအုန်းမြင့်၊ (၉)ဒေါ်ရီရီမြင့်၊ (၁၀)ဦးညွန့်လွင်၊ (၁၁)ထရီဇာမြတ်ကျော်၊ (၁၂)ရစ်ချတ်မြတ်ကျော်(ခ)ဦးအောင်ကျော်သန်း၊ (၁၃)ဒေါ်ကေသီမြတ်ကျော်၊ (၁၄)ဂရီဂရီမြတ်ကျော်(ခ)ဦးမြတ်ခိုင်၊ (၁၅)မောင်သီဟ(ခ)သော်သော်[ဒေါ်သန်းသန်းဆွေကိုယ်တိုင်နှင့် လျှောက်ထားသူအမှတ် (၂) (၃) (၄) (၆) (၈) (၉) (၁၀) (၁၁) (၁၂) (၁၃) (၁၄) (၁၅) တို့၏ ကိုယ်စားလှယ်စာရသူ]

ကွယ်လွန်သူ ဦးဝင်းဖေ(ခ)Gerald Barrow ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၁၇ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးဝင်းဖေ(ခ) Gerald Barrow ၏ သေတမ်းစာအတည်ပြုချက်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် အထက်ဖော်ပြပါလျှောက်ထားသူများက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးဝင်းဖေ(ခ) Gerald Barrow ၏ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်(၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၂ ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာ တကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သောအထက်ဖော်ပြပါ လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်မေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် မေ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

(ကြူကြူဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ အမှတ် (၂၅၁/၂၄၃)၊ ၆လွှာ(ယာ)၊ အကျယ်အဝန်း ဧရိယာ ပေ (၃၀×၆၀) ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးသန့် ၁၂/ပဘတ(နိုင်) ၀၂၄၆၇၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မျိုးထွန်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၇၂၃၀)
အမှတ် ၈၉၂၊ မိဂသီ ၁၈လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၅၆၅၃၆၊ ၀၉- ၇၉၉၁၁၁၂၈၅

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ် ၂၇၉/က၊ မြေကွက်တည်နေရာအမှတ် ၂၇၉/က၊ အနော်မာအနောက်(၇)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးအစီလန်၊ဒေါ်စန်းကြည်)အမည်ပေါက်နှစ်၆၀ ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးဟန်တင်က ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၄ဖြင့် (၁) ဦးအစီလန်၊ (၂) ဒေါ်စန်းကြည်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၉၁အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ - Fire Extinguisher(3)Items, Flexible Hose Pipe (23)Nos,Sewing Head (1)Set

(ခ) ကုန်ကြမ်းပစ္စည်းများ - (4 ½" x 6½") Plastic Bag (10,000)Lb, Candle Wick (5, 500)Viss

(ဂ) စက်ဆီ/ချောဆီ - Ultra Coolant Oil(400)Liter

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ - Propylene Dichloride (PDC) (74)Kg

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၆-၆-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	Gel Documentation System	1 set
(ခ)	Combine Harvester	1 No
(ဂ)	Transformer	4 No
(ဃ)	ဓာတ်ခွဲခန်းသုံးပစ္စည်းများ(သီးနှံကာကွယ်ရေး)	6 Nos
(င)	မော်တော်ယာဉ်အလုပ်ရုံအတွက် လိုအပ်သည့်ပစ္စည်းများ	1 Lot
(စ)	Leveling Tractor (75 PH)	2 Nos
(ဆ)	ဓာတ်ခွဲခန်းသုံးပစ္စည်းများ(စိုက်သိပ္ပံ)	၉၄ မျိုး
(ဇ)	ဓာတ်ဆေးပစ္စည်းများ	၂၉ မျိုး
(ဈ)	(-)86˚C Ultra Low Temperature Freezer	1 Unit

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၆-၂၀၁၅ ရက် ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၉၇

ရှမ်းပြည်နယ်အစိုးရအဖွဲ့
အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ
လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီမှ ရောင်းချရန်ကျန်ရှိနေသေးသည့် အောက်ဖော်ပြပါ ဟိုတယ်ဇုန်မြေကွက်များအား အများမြင်သာသော ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပေးမည်ဖြစ်-

(က) (C -ဇုန်)၊ အကွက်အမှတ် (N-6)၊ ၆.၅၃ဧက
(ခ) (C -ဇုန်)၊ အကွက်အမှတ် (N-7)၊ ၆.၉၂ဧက
(ဂ) (C -ဇုန်)၊ အကွက်အမှတ် (Q-1)၊ ၇.၉၈ဧက
(ဃ) (C -ဇုန်)၊ အကွက်အမှတ် (R-1)၊ ၈.၄၆ဧက
စုစုပေါင်း ၂၉.၈၉ဧက

၂။ စိတ်ဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် လေလံလျှောက်လွှာများဝယ်ယူပြီး အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီသို့ အချိန်မီပေးပို့လျှောက်ထားနိုင်သည်-

(က) **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ရက်၊ ၁၀း၀၀နာရီ
(ခ) **လေလံလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
(ဂ) **လေလံပွဲကျင်းပမည့်ရက်** - ၄-၇-၂၀၁၅ရက်၊ ၁၀း၀၀နာရီ
